

www.burmeseclassic.com
KS
ကျော်စွာ
စာပေ
ရွှေသိင်္ဂ
အားပုလင်းနှင်းအောင်နှင့်
ရွှေနန်းသိင်္ဂ
BURMESE CLASSIC
ပန်းချီ သိန်းဆွေကြည်
၂၀၀၉
www.burmeseclassic.com

www.burmeseclassic.com


# ပုံနှိပ်မှတ်တမ်း

| | |
|---|---|
| စာမူခွင့်ပြုချက် | - ၅၀၁၂၂၀၀၀၉ |
| မျက်နှာဖုံးခွင့်ပြုချက် | - ၅၀၁၂၉၆၀၉၀၉ |
| အကြိမ် | - ပထမအကြိမ် |
| | - ၂၀၀၉ ခုနှစ်၊ နိုဝင်ဘာလ |
| အုပ်ရေ | - ၅၀၀ |
| တန်ဖိုး | - ၁၀၀၀/ - |
| ထုတ်ဝေသူ | - ဦးသစ်လွင် (ဂန္ဓဝါမြိုင်စာပေ) |
| | - အမှတ်(၁၁၃)၊ ရွှေပြည်သာလ... သာကေတ၊ ရန်ကုန်။ |
| အတွင်းနှင့် အဖုံးပုံနှိပ်သူ | - ဒေါ်တင်တင်ဒွေး (၀၄၆၈၁) (ပန်းကြာခိုင်ပုံနှိပ်တိုက်) အမှတ်(၁၅၈/က)၊ (၃၇) လမ်း... ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ |

စစ္ဆေး...

ရွှေသိမ်

ဆားပုလင်းနှင်းအောင်နှင့် ရွှေနန်းသိင်္ဂီ / ရွှေသိမ် ။ -ရန်ကုန်
ဂန္ဓဝါမြိုင်စာပေ၊ ၂၀၀၉ ။

၄၆ - စာ၊ စင်တီ

(၁) ဆားပုလင်းနှင်းအောင်နှင့် ရွှေနန်းသိင်္ဂီ


## ဆရာကြီးကိုက်တတ်တဲ့ အမှုမျိုး

'ဒေါက်… ဒေါက်…'

တံခါးကို ခပ်ပြင်းပြင်း လက်ဖြင့် နှစ်ချက်ဆင့်ခေါက်သံကို ကြားရ၏။ ဆားပုလင်းနှင်းအောင်က အတန်ငယ်ကြာမှ ထ၍ တံခါးဖွင့်ပေးလိုက်၏။

ဆားပုလင်းနှင်းအောင် တံခါးဖွင့်လိုက်သည်နှင့် မောင်ထွန်းမောင် ဆိုသူသည် အခန်းထဲသို့ ခပ်သွက်သွက် ဝင်ရောက်လာ၏။

ရင်းနှီးနေကြသော သူများဖြစ်သဖြင့် ဆားပုလင်းနှင်းအောင် ၏ ဖိတ်ခေါ်မှုကို မစောင့်စားတော့ဘဲ ဧည့်ခန်းထဲရှိ သင့်... ကုလားထိုင်တစ်လုံးတွင် ဝင်ထိုင်လိုက်လေသည်။ ဆားပုလင်း



www.burmeseclassic.com

www.burmeseclassic.com



နှင်းအောင်က လှူဆိုးထိန်း မောင်ထွန်းမောင်အား စေ့စေ့ကြည့်ရင်း…

'မင်း ကွမ်းခြံကုန်းဘူတာကြီးဘက်က လာခဲ့တာမဟုတ်လား မောင်ထွန်းမောင်၊ ပြီးတော့ ငါ့တိုက်ခန်းကို အဖော်တစ်ယောက်နဲ့အတူ လန်ချားစီးလာတယ်၊ အဲဒီလူက လမ်းမှာဆင်းနေခဲ့တယ် မဟုတ်လား'

မောင်ထွန်းမောင်၏ မျက်နှာပေါ်တွင် အံ့ဩသောအရိပ်အယောင်များ ပေါ်လွင်လာ၏။

'ဟာ… ဆရာကတော့ စုန်းအတတ်များ တတ်နေသလားမသိဘူး၊ ကဲ… ရှင်းပြပါဦးဗျာ၊ ဆရာပြောတာတွေ အားလုံးမှန်ပါတယ်၊ ဘယ်လိုအချက်တွေကို ကြည့်ပြီး အခုလို ကောက်ချက်ချရတာလဲ'

ဆားပုလင်းနှင်းအောင်က ရေခဲတောင်တံဆိပ် စီးကရက်ကိုတစ်ချက်ဖွာရှိုက်လိုက်ရင်း ပြုံးကြည့်ကာ…

'ခက်ခက်ခဲခဲ မဟုတ်ပါဘူးကွ၊ မင်းရဲ့လက်တွေကို ကြည့်မိတော့ အခုမှလိုးဖြတ်လာခဲ့တာ ထင်ရှားတယ်၊ ခြေသည်းတွေကိုကြည့်လိုက်တော့ ပိုသိသာသွားတယ်၊ ညှပ်ထားပုံက ကိုယ်တိုင်





ညှပ်ထားတာနဲ့မတူဘူး၊ ဒီအလုပ်အကိုင်ကို လုပ်ကိုင်စားသောက်တဲ့ ကြေးစားတွေလုပ်ကိုင်ထားသလို ပိရိသေသပ်လွန်းနေတယ်၊ ဒီလိုခြေသည်းလက်သည်း လှီး၊ နဖားချော့အောင် လုပ်တဲ့သူတွေက ကွမ်းခြံကုန်းဘူတာတစ်ဝိုက်မှာပဲရှိတာ မဟုတ်လား'

'အင်း… ဒီတစ်ချက်တော့ ရှင်းပါပြီ၊ အဖော်တစ်ယောက်တော်နဲ့ပါလာတာကကော'

'မင်းရဲ့မိုးကာအင်္ကျီကို ကြည့်ပြောတာပေါ့၊ အပြင်မှာ မိုးကရွာ…ဖွဲ…ရွာနေတယ်၊ မင်းတစ်ယောက်တည်းသာ လန်ချားစီးလာတာဆိုရင် မိုးအပက်မခံရအောင် လန်ချားအလယ်ခေါင်ကထိုင်လိုက်မှာပဲ၊ ခုတော့ လန်ချားပေါ်မှာ အဖော်တစ်ယောက်ပါတော့ နှစ်ယောက်စီးသာအောင် တစ်ဖက်က ကပ်ထိုင်ခဲ့တယ် မဟုတ်လား၊ ဒါကြောင့် အတွင်းဘက်ကျတဲ့ မိုးကာပေါ်မှာတော့၊ မိုးပေါက်ထိမှန်ထားတာ မတွေ့ရဘဲ ကျန်အပြင်ဘက်အခြမ်းဘက်ကပဲ စိုရွှဲနေတာပေါ့'

'ခုလို ရှင်းပြလိုက်တော့လည်း ဟုတ်နေတာပဲ၊ အဲဒီလိုမသိခင်ကတော့ ဆရာ့ကို စုန်းအတတ်များ တတ်လေသလားလို့ထင်နေတယ်'



www.burmeseclassic.com

'သိပ်ခက်ခဲတဲ့ကိစ္စတွေ မဟုတ်ပါဘူး၊ ကြည့်တတ်၊ မြင်တတ် အောင် လေ့ကျင့်ထားရင် ဘယ်သူမဆို ပြောနိုင်ဆိုနိုင်တဲ့ ကိစ္စတွေ ပါ'

'ဟုတ်တယ်ဆရာ၊ ကျွန်တော်နဲ့အတူ ကိုသန်းမြင့်လည်း ပါလာတယ်၊ ဆရာ့ဆီသွားမလို့ဆိုတော့ ကိုနှင်းအောင်နဲ့ ကျွန် တော်နဲ့ မတွေ့တာကြာပြီ၊ တွေ့ချင်တယ်ဆိုပြီး လိုက်လာတာ ကျွန်တော့်ဆီက ပြတိုက်ဖောက်ထွင်းမှုကိစ္စလည်း ပြောရင်းပေါ့'

ကိုသန်းမြင့်ဆိုသူမှာ သူတို့မိတ်ဆွေ မှုခင်းသတင်းထောက် တစ်ဦးဖြစ်သည်။

လွန်ခဲ့သော တစ်ပတ်ခန့်က ရှေးဟောင်းသုတေသနဌာန သမိုင်းပြခန်းဖောက်ထွင်းခံရကာ ပိဿနိုးမြို့ဟောင်းတူးဖော်ရာ ရရှိလာသော ပန်ထွာဘုရင်မ၏ လက်ကောက်ဟုခန့်မှန်းရသည့် လက်ကောက်တစ်ဖက် ပါသွားလေသည်။ ဤအမှုမှာ ယခုအချိန် အထိ ခြေရာခံ၍ မရသေးချေ။

'အဲဒီကျောက်စီလက်ကောက် ကိစ္စကို မင်းကိုင်တွယ်ရ တာ တော်တော်ခရီးရောက်နေပြီလား မောင်ထွန်းမောင်'

'တွေ့ရတဲ့ ခြေရာလက်ရာတွေကတော့ 'စောရမောင်မောင်'





လက်ချက်လို့ ညွှန်ပြနေတာပဲ၊ ဒီလိုခက်ခက်ခဲခဲ လုပ်ရတဲ့အလုပ် မျိုး၊ ပြီးတော့ ရှေးဟောင်းပစ္စည်းတွေနဲ့ ပတ်သက်တဲ့ကိစ္စမျိုးကို 'စောရမောင်မောင်' တစ်ယောက်တည်းပဲ ကျူးလွန်တာ မဟုတ် လား ဆရာနှင်းအောင်၊ ခက်တာက စောရမောင်မောင်တစ် ယောက်က ခြေရာခံလို့မရအောင် ပျောက်ချင်းမလှ ပျောက်ဆုံး နေတယ်'

ဆားပုလင်းနှင်းအောင်သည် ခေါင်းကို ဆတ်ခနဲ ညိတ် ကာ…

'အမှုကျူးလွန်ပြီးစမှို့ ခဏမြေလျှိုးထားတာ ဖြစ်မှာပါ၊ ဒီ အမှုကို သူ့သဘောနဲ့သူ ကျူးလွန်တာတောင် တစ်ယောက်ယောက် က ခိုင်းလို့ကျူးလွန်တာဖြစ်ပုံရတယ်၊ ဘာဖြစ်လို့လည်းဆိုတော့ ဒီလက်ကောက်ဟာ နိုင်ငံတကာရှေးဟောင်း ရတနာ၊ ဈေးကွက် မှာ ဈေးကောင်းရနိုင်တာကိုး၊ ဒီတော့ အဲဒီဈေးကွက်အခြေအနေ ကို စောင့်ကြည့်၊ ပြီးတော့ ဒီလိုအလုပ်မျိုးလုပ်နိုင်တဲ့ ဒုစရိုက် အဖွဲ့အစည်းတစ်ချို့ကို မျက်ခြည်မပြတ်စေနဲ့၊ ဒီလိုကြီးကြီးမားမား အဖွဲ့ဆိုတာက တို့မြန်မာပြည်မှာ သိပ်များများစားစား ရှိတာမှ မဟုတ်တာ၊ ဒါထက် မင်းငါ့ဆီကိုလာတာကတော့ ဒီကိစ္စအတွက် နဲ့တော့ မဟုတ်နိုင်ဘူး'



www.burmeseclassic.com

www.burmeseclassic.com



ဆားပုလင်းနှင်းအောင် စကားအဆုံးတွင် မောင်ထွန်းမောင်က သွက်လက်စွာ…

'ဟုတ်တယ် ဆရာ၊ စကားကောင်းနေတာနဲ့ လာရင်းကိစ္စကိုတောင် မပြောရသေးဘူး၊ ဒီလိုဆရာ 'ပြည်လမ်း'မှာ လူသေမှုလို့ထင်စရာရှိတယ်၊ အမှုကလည်း ဆရာကြိုက်တတ်တဲ့ အမှုမျိုး၊ ဒါကြောင့် ကျွန်တော်က လာခေါ်တာ၊ အဲဒီသတင်းလည်းရရော ကိုသန်းမြင့်လည်း လန်းချားပေါ်က ဆင်းပြေးတော့တာပဲ၊ အိမ်ပြန်ကင်မရာယူပြီး အဲဒီပြည်လမ်းအိမ် ရောက်နေလောက်ပြီ ဆရာ'



## ရွှေနန်းသင်္ကြံ ဘယ်သူလဲ

ထင်သည့်အတိုင်းပင် ဆားပုလင်းနှင်းအောင်၊ မောင်ထွန်းမောင်တို့သည် အခင်းဖြစ်ပွားရာ ပြည်လမ်းတိုက်အိမ်သို့ ရောက်သွားသောအခါ မှုခင်းသတင်းထောက်ကိုသန်းမြင့်ကို ကင်မရာတစ်လုံးနှင့် တဖျပ်ဖျပ်ဓာတ်ပုံရိုက်ရင်း အလုပ်ရှုပ်နေသည်ကို တွေ့ရသည်။

သေဆုံးသွားသူသည် အသက် ၃၀ ခန့်အရွယ် လူရွယ်တစ်ဦးဖြစ်ကာ စာရေးစားပွဲရှိ ကုလားထိုင်ပေါ်တွင် ထိုင်လျက်သေဆုံးနေခြင်း ဖြစ်သည်။

သူ့ခေါင်းသည် ကုလားထိုင်နောက်မှီပေါ်မှ လန်တာကျနေသည်။

www.burmeseclassic.com



ခြေထောက်နှစ်ဖက်သည် အစွမ်းကုန်ဆန့်ကားထားကာ ကြမ်းပြင်ရှိရာသို့ ကန်ထားသောလက်များမှာ ကောက်ကွေးနေကြ သည်။

အတွေ့အကြုံရှိသောသူ မည်သူမဆို ဤအလောင်း၏ အနေအထားကို ကြည့်၍ အဆိပ်မိသေဆုံးခြင်းဖြစ်သည်ဟု အတ ခတ်နိုင်လေသည်။

ဆားပုလင်းနှင်းအောင်တို့ အရင်ရောက်နှင့်နေသော ရာဇဝတ် အုပ်ကလေးသိန်းမင်းက အခန်းထဲဝင်လာ မောင်ထွန်းမောင်နှင့် ဆားပုလင်းနှင်းအောင်တို့ကို ပြုံးကြည့်ကာ…

'ကိုနှင်းအောင်ရေ… ဒီတစ်ခါတော့ ခင်ဗျားလာတာ အ သက်သက်ဖြစ်နေပြီ၊ ခင်ဗျားစိတ်ဝင်စားမယ့်အမှုမျိုး မဟုတ်ပါ ဘူး၊ အမှုသွားအမှုလာက ရှင်းပါတယ်၊ ကိုယ့်ကိုယ်ကို သတ်သေ တဲ့အမှုပဲ'

'ဆိုစမ်းပါဦး'

'အမှုအခြေအနေက ရှင်းလင်းနေတာပဲဗျာ၊ ဘာတွေ ထွေ ထွေထူးထူးတွေးစရာလိုသလဲ၊ ဟောဒီအခန်းထဲမှာ သေဆုံးနေ တယ်၊ အခန်းကလည်း အလုံပိတ်ထားတဲ့အခန်း၊ ပြတင်းပေါက်





တွေလည်း ကွဲနေတာမတွေ့ရဘူး၊ မသေခင်ကလိုဘဲ ပိတ်မြဲပိတ် ထားတယ်၊ ညက တော်တော်အေးတယ် မဟုတ်လား၊ ဒီတော့ ပြတင်းပေါက်တွေကို ဘယ်သူကမှ ဖွင့်မှာမဟုတ်ဘူး'

'ဒီတော့ အခန်းထဲကို လူသတ်သမား ဘယ်လိုလုပ်ဝင်မလဲ၊ သူမပြောနဲ့ ကြောင်တစ်ကောင်တောင် ဝင်ဖို့နေရာမရှိဘူး၊ ပြီး တော့ လူသတ်သမားဟာ ဒီအခန်းထဲကို ရောက်ခဲ့တယ်ဆိုရင် တည်း သူပြန်ထွက်သွားတဲ့အခါ ဘာကြောင့်တံခါးတွေကို ပြန်ပိတ် ခဲ့ရမှာလဲ၊ တံခါးမကြီးက အတွင်းမှ ဂလန့်ထိုးထားတာ ခြေရာ လက်ရာ မပျက်ဘူး၊ ဟောဒီတံခါးမကြီး ဂျက်ပျက်နေတာက ဒီလူ့ကို ခေါ်မရလို့ ဖျက်ဝင်ရတာပဲ၊ ဒီတော့မှ ဒီလူသေဆုံးနေတာ ကို တွေ့ရတာ'

'ဟုတ်ပါပြီလေ၊ ကျွန်တော် လှည့်လာကြည့်ပါဦးမယ်'

ဆားပုလင်းနှင်းအောင်က အခန်းထဲတွင် လှည့်ပတ်ကာ လှည့်လာကြည့်ရှုနေ၏။ လမ်းတွင်ပြောခဲ့သော လူဆိုးထိန်း မောင် ထွန်းမောင်၏စကားအရဆိုလျှင် သေသူ၏အမည်မှာ ကိုနေလင်း ဖြစ်၏။

ဤတိုက်တွင် 'ကိုနေလင်း' အပြင် ကိုနေလင်း၏မိခင်

www.burmeseclassic.com



ဒေါ်လေးခင်၊ ကိုနေလင်း၏ညီမ 'မမှုယာ'နှင့် ကိုနေလင်း၏ဇနီး 'နုနု'တို့ လေးယောက်သာ နေထိုင်သည်။

ကိုနေလင်းသည် ကွယ်လွန်သူ သူ့ဖခင်၏လက်ငုတ်လက်ရင်းဖြစ်သော သစ်ရောင်းဝယ်ရေးလုပ်ငန်းကို ဆက်လက်လုပ်ကိုင်နေသူဖြစ်ကာ မောင်ထွန်းမောင်၏ စကားအရ စီပွားရေးပြေလည်သည့်ဟု သိရသည်။ ဤအခင်းဖြစ်ပွားသည့်ညက ကိုနေလင်းသည် သူတစ်ကိုယ်တည်းသာ အသုံးပြုလေ့ရှိသော စာဖတ်ခန်းထဲသို့ ညနေထမင်းစားပြီးကတည်းက ဝင်ရောက်၍သွားသည်။

ညအိပ်ချိန်တန်သည့်အထိ ရောက်မလာသော်လည်း သူ့ဇနီးနုနု က ဂရုမပြုမိပေ။ သူတို့လင်မယားသည် အနောက်တိုင်းဆန် တစ်ယောက်တစ်ခန်းစီ ခွဲအိပ်ကြသည်ဟု ဆို၏။

မိုးလင်းမှ သူ့အိပ်ခန်းသို့လာမအိပ်ကြောင်း သိရ၏။ သို့သော်ခါတိုင်းလည်း တစ်ခါတစ်ရံ သစ်လုပ်ငန်းနှင့်ပတ်သက်၍ စာရင်းအင်းများ ရှင်းလင်းပြုလုပ်သောအခါ ထိုစာကြည့်ခန်းတွင်ပင် ညအိပ်တတ်သည်ကို သိသဖြင့် မည်သူကမှ လေးလေးနက်နက် သဘောမထားကြ။

အချိန်တန်သည်အထိ အခန်းထဲမှ ထွက်မလာရုံမက အခန်း





ပြင်မှ တုရိုက်အော်ခေါ်သော်လည်း ထူးသံမှ မကြားရသောအခါ နှီးရိမ်တကြီးဖြစ်ကာ အိမ်တွင်ရှိသော ခြံစောင့်နှင့်ကားဒရိုင်ဘာကို ခေါ်၍ တံခါးကိုဖျက်ကာ ဝင်ကြည့်မိကြောင်း ဖြစ်၏။

အခန်းထဲက ကုလားထိုင်တွင် ထိုင်လျက် သေဆုံးနေသည်ကို မြင်ရသောအခါ ကြောက်လန့်တကြားဖြစ်ကာ ပုလိပ်ကို အကြောင်းကြားခဲ့ကြောင်း ဖြစ်၏။

စေ့စေ့စပ်စပ်လိုက်လံကြည့်ရှုနေသော ဆားပုလင်းနှင်းအောင်ကို ရာဇဝတ်အုပ်သိန်းမင်းက ပြုံးပြီး…

'ဆရာကတော့ သေသေချာချာ စစ်ဆေးကြည့်ရှုလို့ အမှုမှန်ပေါ်တာနဲ့တူပါတယ်၊ ဒါပေမယ့် ကိုနှင်းအောင် ဒီတစ်ခါအမှုမှာတော့ ကိုယ့်ကိုယ်ကို သတ်သေတဲ့အမှုပဲဗျ'

'ဒီလူမှာ ကိုယ့်ကိုယ်ကို သတ်သေနိုင်တဲ့အချက်ကိုကောင်းတွေပြီးပြီလား'

'သေသေချာချာတော့ မလေ့လာရသေးဘူးဗျာ၊ အခုတစ်သော 'သစ်ဈေးကွက်'တွေက ကျနေတော့ သူဝယ်ထားတဲ့သစ်တွေ အရှုံးပေါ်တာကို မခံမရပ်နိုင်ကာ စိတ်ထိခိုက်ပြီး…'

'ကုန်သည်ဆိုတာ အမြဲတမ်းအမြတ်ကို မျှော်လင့်ထားတဲ့သူ



www.burmeseclassic.com

www.burmeseclassic.com



တွေ မဟုတ်ဘူးဗျ၊ အချိန်မရွေး ရှုံးမယ်ဆိုတာ သဘောပေါက်ထားတဲ့လူတွေ၊ ဒီတော့ အရှုံးဆိုတာ ကုန်သည်တစ်ယောက်အဖို့ မခံမရပ်နိုင်လောက်အောင် ထိခိုက်နိုင်တဲ့အရာမဟုတ်ဘူး၊ ဟောဒီစားပွဲပေါ်က စာကလေးကို တွေ့လား၊ ဒီလူမသေခင် ရေးသွားတယ်ဆိုတာ ထင်ရှားတယ်၊ သူ့ညာဘက်လက်ချောင်းတွေကြားမှာ ဖောင်တိန်ကလေးကိုင်လျက် တွေ့ရတာက ထင်ရှားတယ်'

'ကဲ… ဒါဆိုရင်လည်း လူသတ်တရားခံဘယ်သူဖြစ်မလဲဆိုတာ ကိုနှင်းအောင်ဘာသာ ရှာဖွေပေတော့၊ ကျွန်တော်တော့ ဒါသာမှန်ရင် 'လူသေမှု'ပဲဆိုတာ 'မင်းကြီး'ဆီ အစီရင်ခံစာပြန်ရေးလိုက်ဦးမယ်'

ရာဇဝတ်အုပ်သိန်းမင်းသည် ဆားပုလင်းနှင်းအောင်အား နှုတ်ဆက်၍ ထွက်သွား၏။

ဆားပုလင်းနှင်းအောင်လည်း အမှုကိစ္စများကို စိတ်ဝင်စားသောအခါ ဖြစ်ပေါ်လေ့ရှိသော အမူအယာများအတိုင်း မျက်လုံးများကို တလက်လက်တောက်ပလာကာ သေဆုံးနေသော ကိုနေလင်းအား အသေးစိတ်လေ့လာကြည့်ရှုနေရာမှ သေဆုံးသူ၏ လက်ကိုကောက်ယူကာ နမ်းကြည့်နေ၏။ ပြီးမှ…





'နမ်းကြည့်စမ်း မောင်ထွန်းမောင်၊ ဘာနံ့ရသလဲ'

မောင်ထွန်းမောင်ကလည်း နမ်းရှုပ်ကြည့်၏။

'ရေမွှေးနံ့ရတယ်ဆရာ၊ ဒါကတော့ သူတို့လို အထက်တန်း…းတွေ ရေမွှေးသုံးနေကျပဲ၊ မဆန်းဘူးထင်တယ်'

'မဟုတ်ဘူး မောင်ထွန်းမောင်၊ ရေမွှေးနံ့ပေါင်းစုံကို ငါခွဲခြား…တယ်၊ နမ်းကြည့်ရုံနဲ့ ဒါဟာ ဘာရေမွှေးလည်းသိတယ်၊ ခုဟာ…က ရေမွှေးမဟုတ်ဘူး၊ ရေမွှေးကို နဖူးဆံစပ်တို့၊ လည်ပင်းတို့၊ …အင်္ကျီကော်လာတို့၊ အင်္ကျီရင်ဘတ်တို့မှာပဲ ဖွတ်ရတာ၊ ခုဟာက …လက်ချောင်းတွေမှာကွ'

မောင်ထွန်းမောင် မတွေးတတ်တော့။

ဆားပုလင်းနှင်းအောင် ဆက်ပြောမည့်စကားကို နားထောင်…နေသော်လည်း ဆားပုလင်းနှင်းအောင်က ဘာမှမပြောတော့ဘဲ …ကြမ်းပြင်တွင်လေးဘက်ထောက်ကာ အနံ့အပြားသွားလာရင်း …နမ်းကြည့်ရှုနေသည်ကို တွေ့ရသည်။

အခန်းထောင့်အစွန်း တစ်နေရာရှိ ကာရံထားသောလိုက်ကာ…ညိုကြီးဆီသို့ လျှောက်ကာ အနံ့ခံကြည့်ရှုနေရာမှ ကြမ်းပြင်မှထိ…နေသော လိုက်ကာကြီး၏အောက်ခြေသို့ လက်ထိုးသွင်းအား



www.burmeseclassic.com

www.burmeseclassic.com



စမ်းယူလိုက်သည်ကို တွေ့ရသည်။

သူ့လက်ကို ပြန်ထုတ်လိုက်သောအခါ လုံးခြေလွှင့်ပစ်ထား ဟန်တူသော စက္ကူဖြူအလုံးလေးတစ်ခုပါလာသည်ကို တွေ့ရလေသည်။

ဆားပုလင်းနှင်းအောင်က ထိုစက္ကူကလေးကို ပြန့်အောင် ဖြန့်ကာ ဖတ်ကြည့်လိုက်သည်။

ရေးထားသော စာမှာ…

> သင်…
>
> သေနေ့စေ့ပြီ။
>
> ရွှေနန်းသိင်္ဂီ

ဟူ၍ဖြစ်၏။ ဆားပုလင်းနှင်းအောင်လှမ်းပေးသော စက္ကူကို သူတာ မောင်ထွန်းမောင် ဖတ်ကြည့်လိုက်၏။

ရွှေနန်းသိင်္ဂီ။

သူသည် ရန်ကုန်ဒုစရိုက်လောကတွင် ဒုစရိုက်သမားမှန်သမျှ နီးပါးလောက်သိသော်လည်း ဤနာမည်ကိုမူ မကျက်မှတ်မိ။





စာမှာလက်ဖြင့် ရေးထားခြင်းမဟုတ်ဘဲ လက်နှိပ်စက်ဖြင့် ရိုက်နှိပ်ထားခြင်း ဖြစ်၏။

'ဒီစာက တော်တော်အရေးကြီးလား ဆရာနှင်းအောင်'

'ဒီစာထက် အရေးကြီးတာက မင်းလက်ကို စင်ကြယ်အောင် ဆေးဖို့ပဲ၊ သေဆုံးသူ ကိုနေလင်းရဲ့လက်ကရတဲ့ အနံ့မျိုးဒီစာရွက် မှာလည်း ရတယ်၊ ဒီစာရွက်ကို ကိုနေလင်းကဖတ်ပြီး လုံးခြေလွှင့် ပစ်ထားဟန်တူပါတယ်၊ ဒီအနံ့ဟာ သေဆုံးရမှုနဲ့ တစ်နည်းမဟုတ် တစ်နည်း ပတ်သက်နေနိုင်တယ်၊ ဒါကြောင့် အိမ်ပြန်ရောက်တဲ့ အခါ လက်မှာအနံ့စွဲမကျန်ရစ်အောင် ဆပ်ပြာနဲ့စင်စင်ဆေးလို့ ပြောလိုက်တာ'

ဆားပုလင်းနှင်းအောင်ပြောပြမှ မောင်ထွန်းမောင် သတိထား မိသည်။ စက္ကူကို ကိုင်တွယ်မိသော မောင်ထွန်းမောင်လက်တွင် စက္ကူမှတစ်ဆင့် မွှေးရနံ့တစ်မျိုးစွဲနေခြင်းကြောင့် ဖြစ်၏။

'ရွှေနန်းသိင်္ဂီဆိုတာ ဘယ်သူလဲ'

'သူ ဘယ်သူလဲဆိုတာသိရင် အမှုမှန်ပေါ်ပေါက်နေပြီပေါ့ ဒါ ဘစ်ခုတော့ရှိတယ်၊ အဲဒီရွှေနန်းသိင်္ဂီဆိုတဲ့သူဟာ အစွမ်း ထက်ရင် ထက်ရမယ်၊ ဒါမှမဟုတ်ရင် ကိုယ့်ကိုယ်တို့ အထင်ကြီး



www.burmeseclassic.com

www.burmeseclassic.com



ကျွန်းတဲ့ စိတ်ကြီးဝင်နေတဲ့သူလည်း ဖြစ်ရမယ်၊ တစ်ထစ်ချပြော နိုင်တာက သူစာအရေးအသားကိုကြည့်ပြီး တိကျပြတ်သားတဲ့လူ ဖြစ်တယ်ဆိုတဲ့အချက်နဲ့ သူပြောရင်ပြောသလို မဖြစ်ဖြစ်အောင် လုပ်တတ်တယ်ဆိုတဲ့ အချက်ပဲ'

'အင်း… ဒီအတိုင်းဆို ဒီအမှုဟာ လူသတ်မှုဆိုတာ သေချာ ပြီပေါ့၊ တော်တော်တော့ ခြေရာကောက်ရခက်မယ့် အမှုပဲဆရာ တရားခံက မသေခင် အသတ်ခံရမယ့်လူကို အခုလိုစာတွေအား တွေပေးပြီးတောင် အသိပေးခဲ့တယ်ဆိုတော့ ထူးထူးဆန်းဆန်း စိတ်ကူးလို့ဆိုရမှာပဲ၊ ဒီထက်ထူးဆန်းတာက အလုံပိတ်ထားတဲ့ အခန်းထဲကို ဘယ်လိုလုပ်ဝင်လာပြီး ဘယ်လိုလုပ်ပြန်ထွက်သလဲ ဆိုတဲ့အချက်ပဲ'

'မင်းလည်း လူသတ်မှုပေါင်းများစွာကို ထောက်လှမ်းလာ သူပဲကွာ၊ တစ်ချိန်တည်းနဲ့ အဖြေထုတ်ချင်လို့တော့ ဘယ်ရမလဲ ဒီလောက်သဲလွန်စရင်ပဲ တို့ကိစ္စက ခရီးတစ်ဝက်လောက် အရောက် ရောက်ပြီလို့ ဆိုနိုင်တယ်၊ နောက်တော့ ကွင်းဆက်တွေပေါ်လာ မှာပေါ့၊ ကဲ… ငါ သူ့မိသားစုနဲ့တွေ့ပြီး စကားနည်းနည်းပြောကြည့် ချင်သေးတယ်'





'လွယ်ပါတယ်ဆရာ၊ သူတို့အားလုံး ညှိခန်းထဲမှာ ရှိပါ တယ်'

ဆားပုလင်းနှင်းအောင်က ညှိခန်းရှိရာဘက်ဆီသို့ ခြေလှမ်း ကျဲကျဲဖြင့် လျှောက်ကာသွားလေတော့သည်။

၀၀



www.burmeseclassic.com

www.burmeseclassic.com

## ကိုယ့်သေတွင်း ကိုယ်တူးတဲ့ကြွက်

မြေအောက်တိုက်ခန်းထဲမို့ အလင်းရောင်အားနည်းလှသည်။

မှန်တိမှုန်ဝါးရှိလှသည့်အပြင် စိုစွတ်ထိုင်းမှိုင်းမှုကြောင့် ဖြစ်ပေါ်လာသော အောက်သိုးသိုးအနံ့အသက်ကလည်း ကြာကြာရှူရှိုက်ရလျှင် အော်ကလီဆန်ကာ ပျို့အန်ချင်စရာကောင်းလှ၏။

တဥ္စေခြောင်းပိတ်လှောင်နေသော ဤအခန်းမျိုးမှာ လူတစ်ယောက်နေထိုင်ဖို့ထက် ကြွက်တစ်ကောင်နေထိုင်ဖို့သာ ပိုမိုသင့်လျော်နေသည်ဟု ဆားပုလင်းနှင်းအောင် တွေးမိ၏။

အမှန်တကယ်လည်း ဤအခန်းတွင် နေထိုင်သူမှာ 'ကြွက်မောင်အောင်'ဟုအမည်ရသော ကျုံ့လှီသေးကွေးသည့် လူတစ်ယောက်သာ ဖြစ်သည်။





စုတ်ချွန်းချွန်းသူ့မျက်နှာသည် ကြွက်တစ်ကောင်နှင့် ဆင်တူသော်လည်း ထိုသူအား 'ကြွက်မောင်အောင်'ဟူသော အမည်ကို ရရှိခဲ့သည်မှာ ဤအသွင်သဏ္ဌာန်ရှိ၍ မဟုတ်ပေ။

ဒုစရိုက်လောကဟုခေါ်သော မြေအောက်လောကတွင် ကြွက်ကျလှသောကြောင့်ဖြစ်၏။

ကြွက်ဆိုတဲ့ကောင်မျိုးက ဟိုနေရာဝင် သည်နေရာထွက် ပေါ့ပါးလွယ်ကူလှသည်။

မရောက်ဖူးသည့်နေရာ မရှိအောင် နှံ့စပ်သည်။ ပြီးတော့... လျင်သည်။

ကောက်ကျစ်သည်။ အကင်းပါးသည်။

ဝမ်းစာရှာဖွေစားသောက်ရာ၌ သူ့ကို မှီသူမရှိ။

မြေအောက်လောကတွင်တော့ မောင်အောင်က ကြွက်လိုသူမျိုး။ သူ ဘယ်ဂိုဏ်းနှင့်မှ အဆက်အသွယ်မရှိ။

သူကိုယ်တိုင်လည်း ကြုံကြိုက်အခွင့်သာလျှင် အလစ်သုတ်တတ်ရုံ၊ ဒုစရိုက်အသေးစားမှလွဲ၍ ရာဇဝတ်မှုကြီးကြီးမားမားတို့ ကျူးလွန်လေ့မရှိ။ သို့သော်..

မြေအောက်လောကတွင်တော့ ထိဝင်နှံ့စပ်သည်။



www.burmeseclassic.com

www.burmeseclassic.com



သူမပြောချင်တာသာ ရှိမည်။ သူမသိတာက မရှိ။

အဲ… သူ့ပါးစပ်ကလည်း ထိုက်တန်သော ငွေကြေးရလျှင် ဖွင့်ဟလာတတ်သည်။

လွယ်လွယ်ပြောရလျှင် သတင်းရောင်းစားတတ်သည်။

ဤကဲ့သို့ လူ့အသက်ကို သစ်ရွက်တစ်ရွက်လို သဘောထားနေသော လောကထဲတွင် မောင်အောင်တစ်ယောက် ခုချိန်ထိ အသက်ရှည်နေတာကိုပင် ဆားပုလင်းနှင်းအောင်က အံ့သြမိ၏။

ထို့ကြောင့်လည်း တံခါးလာဖွင့်ပေးသော မောင်အောင်ကို မြင်လျှင်မြင်ချင်း…

'ဘယ့်နှယ်လဲ၊ မင်း ခုထိ မသေသေးဘူးလား မောင်အောင်'

မောင်အောင်က အနည်းငယ်ဝါနေသော သွားသွားများကို ပေါ်အောင် ဖြီးကာ…

'သတ္တဝါတွေထဲမှာ ကြွက်ဆိုတဲ့သတ္တဝါဟာ အသက်အပြင်းဆုံးမဟုတ်လား ဆရာသမားရဲ့၊ ပြီးတော့ ပတ်ဝန်းကျင်နဲ့ သဟဇာတဖြစ်အောင် လိုက်လျောညီထွေဖြစ်အောင် အနေတတ်ဆုံး'

'ငါကတော့ မင်းခုချိန်ထိ အသက်ရှည်နေတာဟာ ကြောင်





တွေ မဆာလောင်သေးလို့ဘဲ ထင်တယ်'

မောင်အောင်က သူ့အခန်းတွင်ရှိသော တစ်လုံးတည်းသော ထိုင်ကို ဆားပုလင်းနှင်းအောင် ထိုင်ရန် ဆေးငေါ့ပြလိုက်ာ သူကတော့ ခုတင်လုပ်ထားသော ကွပ်ပျစ်ပေါ်ထိုင်ချလိုက်င်း…

'ခင်ဗျား ကျုပ်ဆီလာတာ မတွေ့ရတာကြာလို့ လွမ်း'လို့လာာကတော့ မဟုတ်ဘူးနော်

'မင်းဆီက သတင်းစကားလေးတစ်ခုလိုချင်လို့ပဲ မောင်အောင်'

'မြေအောက်လောကမှာ အပ်ကျတာကအစ မောင်အောင်သိတယ်၊ ဒါကြောင့်လည်း ကျွန်တော့်ကို ကြွက်လို့ခေါ်ကြတာါ၊ တစ်ခုတော့ရှိတယ်၊ လောကမှာ ဘာမှတော့ အလကားရဘူးဆရာသမား'

ဆားပုလင်းနှင်းအောင်က သူ့အင်္ကျီအိတ်ထဲမှ ရာတန်တစ်ချပ်ို ထုတ်ကာ မောင်အောင်ထိုင်နေသော ကုတင်ပေါ်ကို ပစ်ချးလိုက်၏။

မောင်အောင်မျက်လုံးတွေမှာ ငါးကြော်နံ့ရသော ကြွက်တစ်ောင်လို တောက်ပြောင်လာကာ ရာတန်ကိုကောက်ရှေ့၍ ထပ်ခေါ်

www.burmeseclassic.com



မှ မမြင်ဖူးသောအရာကို အပြန်အလှန်ကြည့်ရှုနေလေသည်။

'အင်း… ရာတန်ကို မမြင်ဖူးတာကြာလို့ မှတ်တောင် မမှတ်မိချင်ဘူး၊ ပြော…ဆရာ၊ ဆရာသမားက ဘာသိချင်တာလဲ'

'ရွှေနန်းသီဂီဆိုတာ ဘယ်သူလဲ မောင်အောင်'

ဆားပုလင်းနှင်းအောင်စကားကို ကြားလိုက်ရသော မောင်အောင်မှာ ကျဉ်စက်နှင့်အတို့ခံလိုက်ရသော လူတစ်ယောက်လို တွန့်ခနဲ ဖြစ်သွားကာ လက်ထဲမှ ကိုင်ထားသော ရာတန်လည်း လွတ်ကျသွားလေသည်။

အမူအယာလည်း ချက်ချင်းပြောင်းသွားသည်။

မလုံမလဲနှင့် ဘေးပတ်ဝန်းကျင်ကို လှည့်ပတ်ကြည့်ရင်း…

'ကျွန်တော့် အသိဉာဏ်တွေက အရင်ကလို မကောင်းတော့ဘူး၊ ဘယ်လိုမှ မအောင်မေ့ပါနဲ့ ဆရာသမားရယ်၊ ဆရာသမားရဲ့ ရာတန်ကိုသာ ပြန်ယူပြီး ကျွန်တော့်အခန်းက မြန်မြန်ထွက်သွားပါတော့'

မောင်အောင်သည် ကြောက်လန့်စိတ်ဖြင့် ဖုံးကွယ်ရန် ကြိုးစားနေခြင်းဖြစ်ကြောင်း ဆားပုလင်းနှင်းအောင် ကောင်းကောင်း သဘောပေါက်သည်။





ထို့ကြောင့် နောက်ထပ်တစ်ရာတန်တစ်ရွက်ကို ထပ်ထုတ်ကာ ခုတင်ပေါ်ပစ်ချပေးလိုက်ရင်း…

'ငါတစ်သက်မှာတော့ သတင်းတစ်ပုဒ်အတွက် ကြေးအကြီးဆုံးပေးဖူးတာပဲကွ၊ ဒီလောက်ငွေဆိုရင် မင်း ဘိန်းခန်းကောင်းကောင်းတစ်ခုမှာ ဇိမ်ယူနိုင်ပါတယ်ကွာ'

မောင်အောင်သည် ဘိန်းစားတစ်ယောက်မှန်း ဆားပုလင်းနှင်းအောင်က သိပြီးဖြစ်၏။

သို့သော် မောင်အောင်ထံမှ ကြောက်လန့်စိတ်က တွယ်ကပ်နေဆဲ ဖြစ်၏။

'လူတစ်ယောက်ရဲ့အသက်က ငွေ(၂၀၀)ထက်တော့ တန်ပါတယ်၊ ရွှေနန်းသီဂီဆိုတာ အင်မတန်ကြောက်စရာကောင်းတဲ့ မိန်းမ၊ မြေအောက်လောကမှာ ပေါ်လာတာ မကြာသေးပေမယ့် သူ့ ယှဉ်ရဲတဲ့လူမရှိဘူး၊ သူက ပါးစပ်နဲ့သေစေလို့ ဆိုလိုက်ရုံနဲ့ သူ့အလိုကျ လိုက်ပြီးသေခဲ့ရတဲ့ လူတွေရှိတယ်၊ သူက ဘီလူးတစ်ကောင်လည်း မွေးထားသေးတယ် ဆရာရဲ့'

မောင်အောင်မှာပြောရင်း ကြောက်ရွံ့လာသည့်အလား ကြက်သီးတစ်ချက်တွန့်လိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



ဆားပုလင်းနှင်းအောင်က တစ်တီယမြောက်ရာတန်တစ်ရွက်ကို ထုတ်ပေးလိုက်ကာ…

'သူ့ကို ဘယ်မှာတွေ့နိုင်မလဲ၊ သူနဲ့ပတ်သက်ပြီး ဘယ်မှာ ခြေရာခံနိုင်မလဲ'

ရာတန်သုံးရွက်၏ အစွမ်းသတ္တိမှာ အတော်ပင်ထူးခြား၏။

ရာတန်သုံးရွက်ကို ထပ်ကိုင်ရင်းက မောင်အောင်တွေဝေနေသည်။ သက်ပြင်းတစ်ချက်ချကာ…

'ငွေကြောင့်ချည်းတော့ မဟုတ်ပါဘူးဆရာရယ်၊ ဆရာ့ကို ကူညီတဲ့အနေနဲ့ ကျွန်တော်စုံစမ်းပေးမယ်၊ ကျွန်တော့်ကို သုံးရက်တော့အချိန်ပေး'

'ကောင်းပြီလေ၊ ဒီနေ့ တနင်္ဂနွေပဲ၊ ဗုဒ္ဓဟူးနေ့ကျ ငါပြန်လာခဲ့မယ်'

စကားဆုံးသည်နှင့် ဆားပုလင်းနှင်းအောင်က မောင်အောင်လက်ထဲက ရာတန်သုံးရွက်ကို ဆတ်ခနဲ ပြန်ဆွဲယူလိုက်သည်။

မောင်အောင် အံ့အားသင့်သွားသည်။

'ဘယ်လိုလုပ်တာလဲ ဆရာ'

'ဒီငွေသုံးရာကိုယူပြီး ငါ့အလုပ်မလုပ်ဘဲ ခြေရာဖျောက်သွားရင် ဘယ်နှယ်လုပ်မလဲ၊ မင်းတို့ဒုစရိုက်လောကမှာ သီလရှိတဲ့ကောင်တစ်ယောက်မှ မရှိဘူး၊ ဒါပေမယ့် မင်းကို ငါက စရံတစ်ဝက်တော့ ပေးခဲ့မှာပါ'



မောင်အောင်က ၁၅၀ ရရင်လည်း မနည်းဘူးဟု တွေးမိ၏။

သို့သော် ဆားပုလင်းနှင်းအောင်ပြောသော စရံတစ်ဝက်မှာ ငွေ ၁၅၀ မဟုတ်။

ဆားပုလင်းနှင်းအောင်က လက်ထဲတွင်ကိုင်ထားသော ရာတန်သုံးချပ်ကို တစ်ထပ်တည်းအလယ်တည့်တည့်မှ တစ်ဝက်စီ အညီအမျှဆုတ်ဖြဲလိုက်ကာ ဖြဲထားသော ရာတန်တစ်ခြမ်းသုံးရွက်တို့သာ မောင်အောင်ကို ပေးလိုက်ခြင်းဖြစ်၏။

ကျန်အပိုင်းသုံးရွက်ကို ဆားပုလင်းနှင်းအောင်က သူ့အင်္ကျီအိတ်ထဲကို ထည့်လိုက်ရင်း…

'ဗုဒ္ဓဟူးနေ့ကျလို့ ငါလိုချင်တဲ့သတင်းကို မင်းပေးနိုင်ရင် ကျန်တဲ့သုံးခြမ်းကို ငါပေးမယ်'

ဟုပြောလိုက်လေတော့၏။

ဝဝ

www.burmeseclassic.com

www.burmeseclassic.com

## ဘီဂလူးယက္ခ

ဆားပုလင်းနှင်းအောင် ပြန်သွားပြီးနောက် အခန်းထဲတွင် 'ကြွက်မောင်အောင်' တစ်ကိုယ်တည်း မကျေမနပ်ဖြစ်ကာ ကျန်ခဲ့၏။ တော်တော်လူလည်ကျတဲ့ ပုလိပ်ဟုလည်း တွေးမိ၏။

သူ့ကိုစရန်ငွေအဖြစ် ငွေသုံးရာ၏တစ်ဝက်တိတိကို ပေးခဲ့ပါသည်ဟုဆိုသော်လည်း ကျန်ရာတန်အခြမ်းသုံးခြမ်းက ဘာမှသုံးမရ။

တကယ်လို့ ရာတန်သုံးရွက်သာရခဲ့လျှင်တော့ မောင်အောင်ထ အမိုက်ခံကာ ဆားပုလင်းနှင်းအောင် ခိုင်းစေသောကိစ္စကို ဆောင်ရွက်ပေးလိမ့်မည် မဟုတ်ချေ။





ထိုငွေသုံးရာကိုယူ၍ ခြေရာဖျောက်ဝစ်မည်သာဖြစ်၏။

အခုတော့ မနေသာတော့။

လှေ့လာစုံစမ်းရေး ထွက်ခဲ့ရလေသည်။

သို့သော် ခက်တာက ရွှေနန်းသီဂီနှင့်ပတ်သက်၍ မြေအောက်လောကတွင် ဘယ်သူ့ကိုမှ မေးမြန်းစုံစမ်း၍ မရခြင်းပင်ဖြစ်သည်။

တွေ့သူတိုင်းက…

'ဘယ်လိုလဲ မောင်အောင် မင်းဘိန်းရှူတာ မှန်နေပြီလား'

ဟုလည်းကောင်း…

'မနက်ဖြန် မျက်နှာသစ်စရာ ခေါင်းမရှိဘဲ ဖြစ်နေမယ်'

ဟုလည်းကောင်း…

'ဒုစရိုက်လောကမှာ တို့ပင်စင်မယူပါရစေနဲ့ဦး'

ဟူ၍လည်းကောင်း ပြောဆိုငြင်းဆန်ကာ ဖယ်ခွာ၍ သွားကြ၏။ သူလိုချင်သော သတင်းမှာ သူထင်ထားတာထက် ခက်ခဲနေကြောင်း တွေ့ရသောအခါ ဆားပုလင်းနှင်းအောင်ဆီမှ သူရမည်ဆိုသော ငွေသုံးရာကိုပင် နည်းနေသေးသည်ဟု ထင်၏။

ညနေစောင်းတွင် မောင်အောင်သည် အရက်ဆိုင်တစ်ဆိုင်၌ 'မြွေဖိုးစိုး' နှင့်တွေ့၏။



www.burmeseclassic.com

www.burmeseclassic.com



'မြွေဖိုးစိုး'ဆိုတာက ဒုစရိုက်လောကတွင် မောင်အောင်လို ဒင် ဩဇာခံပိုးကျနေသူတစ်ဦးဖြစ်ကာ မောင်အောင်နှင့် ညီရင်းအစ်ကိုလို ခင်မင်သူဖြစ်၏။

ဩဖိုးစိုးက မောင်အောင်ကို တွေ့သောအခါ ကရုဏာဒေါသောဖြင့်…

'မင်းဘာတွေ လျှောက်လုပ်နေတာလဲ ကွက်၊ ဒီကိစ္စဟာ တို့အရင်တုန်းက ကိစ္စနဲ့မတူဘူးဆိုတာ မင်းမသိဘူးလား'

ဟုဆိုသည်။

မောင်အောင်က…

'သူက သင်သေ့နေစေပြီ ဆိုလိုက်ရုံနဲ့ အဲဒီလိုအဆိုခံရသူတိုင်း သူစေသလို သေရတယ်ဆိုတာ ငါမယုံကြည်နိုင်တာလည်းပါတယ်၊ အဲဒီရွှေနန်းသိင်္ဂီဆိုတာ တကယ်ပဲ ဒီလောက်အစွမ်းထက်သတဲ့လား၊ ငါမေးကြည့်လိုက်တော့လည်း ဘယ်သူမှ အဲဒီရွှေနန်းသိင်္ဂီဆိုတာကို မမြင်ဖူးခဲ့ကြဘူး၊ မင်းကွာ…'

အရက်ခွက်ကို တစ်ရှိန်ထိုး မော့ချလိုက်ပြီးမှ 'မြွေဖိုးစိုး' ခေါင်းခါပြ၏။

'ငါတော့ မမြင်ဖူးဘူး၊ ဒါပေမယ့် တစ်လောက လေးထပ်





တိုက်ခေါင်မိုးပေါ်က ခုန်ချသေသွားတဲ့ 'လက်ကောက်တိုးကြီး'ကို သိတယ်မဟုတ်လား'

လက်ကလေးတစ်ဖက်ကောက်နေသဖြင့် 'လက်ကောက်တိုးကြီး'ဟု အမည်တွင်သော 'တိုးကြီး'သည် ဖောက်ထွင်းမှုဝါရင့်သူတစ်ဦး ဖြစ်၏။

ပြီးတော့ လူရှုပ်လူပွေတစ်ယောက်လည်း ဖြစ်၏။

'သူမသေခင်ကတော့ ငါ့ကိုပြောသွားတယ်၊ ရွှေနန်းသိင်္ဂီရဲ့ အလုပ်တစ်ခုကို ဆောင်ရွက်ပေးဖို့တွေ့ဆုံခဲ့တယ်တဲ့၊ သူက တစ်ကိုယ်လုံး အနက်ရောင်ဝတ်ထားပြီး မျက်နှာကိုတော့ အသားကပ်မျက်နှာဖုံးတစ်ခု စွပ်ထားတယ်တဲ့'

'ဒီကောင် လေးထပ်တိုက်ပေါ်က ခုန်ချသေသွားတာဟာ ရွှေနန်းသိင်္ဂီနဲ့ပတ်သက်နေလို့လား'

'ဟုတ်တယ်၊ သူ့ကိုခိုင်းတဲ့အလုပ်တစ်ခုကို ကျေပွန်အောင် မလုပ်နိုင်လို့ ရွှေနန်းသိင်္ဂီက တိုက်ပေါ်ကခုန်ချသေဖို့ အမိန့်ပေးလိုက်တယ်၊ ဒီအမိန့်အတိုင်း သူနာခံသွားရတယ်လို့ ပြောတာပဲ'

'ငါကတော့ သိပ်မယုံဘူးကွာ၊ တိုက်ဆိုင်တာလည်းဖြစ်မယ်၊ ဒါမှမဟုတ် သူတို့အဖွဲ့က လက်ကောက်ကိုသတ်ပစ်ပြီးမှ ကိုယ့်ဘိုယ်



www.burmeseclassic.com

www.burmeseclassic.com



ကို သေတယ်ထင်ရအောင် အပေါ်က ပစ်ချခဲ့တာလည်း ဖြစ်နိုင် တယ်’

‘အေးလေ… မင်းယုံတာ မယုံတာ အပထား၊ ဒီကိစ္စ ဆက်စုံစမ်းမနေနဲ့၊ ရပ်တန်းကရပ်ပါတော့လို့ ငါတောင်းပန်ပါတယ် ငါ့ကိုခင်ရင် ငါ့စကားကိုနားထောင်ကွာ၊ ဟုတ်လား’

နောက်ဆုံးတော့ ‘မြွေဖိုးစိုး’ကျေနပ်အောင် ‘ကြွက်မော အောင်’ ခေါင်းညိတ်ပြကာ သူ့အခန်းဆီသို့ ပြန်ခဲ့၏။

လမ်းတစ်လျှောက်လုံး သူလေးလေးနက်နက်တွေးတော သည်။ မြွေဖိုးစိုးက သူကြောက်လန့်အောင် ဖြဲခြောက်လိုက်ခြင်း မဟုတ်တာက သေချာသည်။ မောင်အောင် ကြားဖူးနားဝ ပုံပြ ဆန်ဆန် စကားတွေအရဆိုလျှင် ရွှေနန်းသိဂီသည် သေမင်း တည်း။ စုံစမ်းမှုကို ရပ်ဆိုင်းကာ ချိန်းဆိုထားသောရက်တွ ငွေကို ဆားပုလင်းနှင်းအောင်အား ပြန်ပေးလိုက်တာကောင်းမ ဟု တွေးမိပြန်၏။

အလုပ်ရှားပါးနေသောအချိန်တွင် ဆားပုလင်းနှင်းအော ဆီမှရမည်ဆိုသော ငွေသုံးရာကလည်း မက်မောလောက်စ ဖြစ်၍ နေလေသည်။ (ထိုခေတ် ကိုလိုနီကာလမှာ ဉာဏ်ငွေ





ခန့်ထမ်းလစာ ၂ လစာမက ရှိနေသည် မဟုတ်ပါလော။)

ကြွက်မောင်အောင်က သူ့အခန်းကိုဖွင့်ကာ ဝင်လိုက်သည်။ သူဖွင့်ဝင်လာသောတံခါးကို ပြန်အပိတ်တွင် သူ့မျက်လုံးတွေက နောက်ကျောတွင် မြေဖြူနှင့်ရေးသားထားသော စာတန်းပေါ်သို့ ရောက်ရှိသွားသည်။

သူ တုန်လှုပ်ချောက်ချားသွားသည်။

### သင် သေနေစေပြီ။

ကပျာကယာ အခန်းတွင်းကို လှည့်ကြည့်လိုက်သည်။ သည် ဘာ့မှ ခုတင်ဘေးနံရံတွင် လူတစ်ယောက်ကိုမြင်ရ၏။ သည်လူ အဖြူရောင်အနောက်တိုင်းဝတ်စုံတစ်စုံကို ဝတ်ဆင်ထား၏။ တ်အင်္ကျီနှင့်ဘောင်းဘီသာမက ရှူးဖိနပ်နှင့် ခေါင်းထားသော ဦးထုပ်က အဖြူ၊ နက်ကတိုင်တစ်ခုသာ အနီရဲရဲအရောင်ဖြစ်နေ

ထိုသူ့မျက်နှာကလည်း ပြုံးချိုလှသည်။

‘ကြွက်ကလေးကလည်း တွင်းဝင်နောက်ကျလှချည်လား’



www.burmeseclassic.com

www.burmeseclassic.com



သူ့အမူအယာကဲ့သို့ပင် စကားသံကကလည်း ချိုအေး

သည်။ မောင်အောင်က···

'ခင်ဗျား ဘယ်သူလဲ'

ဟု အလောတကြီးမေးလိုက်၏။

'ငါ့နာမည်က ယက္ခ၊ ဒါပေမယ့် လူတွေကတော့ ဘီလူးယ
လို့ ခေါ်ကြတယ်'

ကွက်မောင်အောင် တုန်လှုပ်သွား၏။ ရွှေနန်းသိဂ်ီသည်
ဘီလူးတစ်ကောင်မွေးထားသည်ဟု နာမည်ကြီးသည်။ ထိုမွေ
ထားသည်ဆိုသော ဘီလူးမှာ ယက္ခပင်ဖြစ်ပေသည်။ ယက္ခ
သောလူမှာ အသက် ၃၀ ခန့်ရှိသော အသားလတ်လတ်၊ အ
မြင့်မြင့်သွယ်သွယ်ဖြင့် ကြည့်ကောင်းသော ရုပ်ရည်ရှိသူဖြစ်

ဤကဲ့သို့ အဝတ်အစားမှအစ ကောင်းမွန်ကျနစွာ ဝတ်ဆ
ထားသောသူတစ်ယောက်သည် အဘယ်ကြောင့် 'ဘီလူး' ဟူသေ
ခပ်ဆိုးဆိုးအမည်ရသနည်း။ 'ဘီလူး' ဆိုသောအမည်မှာ အရုပ်ဆ
အကျည်းတန်နေသော လူတွေနှင့်သာ ထိုက်တန်သင့်လျော်သည်
မဟုတ်လား။

တကယ်တော့ ဤလူ၏နာမည်မှာ 'မိုးကျရွှေကိုယ်' ဟူသ





ခံသင့်သည်ထင်၏။

အခုပင် မိုးပေါ်ကကျလာသည့်အလား··· မဖိတ်ခေါ်ဘဲ
အခန်းထဲ ရောက်ရှိနေသည် မဟုတ်လား။

'ရွှေနန်းသိဂ်ီအကြောင်းကို မင်းသိချင်လို့ လိုက်စုံစမ်းနေ
ယ်လို့ သိရတယ်၊ ဒါကြောင့် သူ့အကြောင်းကို မင်းသိချင်သမျှ
ပြဖို့ ရွှေနန်းသိဂ်ီက လွှတ်လိုက်တာပဲ'

သူရွှေနန်းသိဂ်ီကို လိုက်စုံစမ်းနေသောသတင်းမှာ အဘယ်
ကြောင့် တစ်နေ့တည်းတွင်ပင် ဤမျှ လျင်မြန်စွာ ရွှေနန်းသိဂ်ီထံ
ရောက်ရှိသွားရသနည်း။

ရွှေနန်းသိဂ်ီ၏သြဇာအာဏာစက်မှာ မြေအောက်လောကထဲ
သူထင်ထားသည့်ထက် ပိုမိုကျယ်ပြန့်စွာ သက်ရောက်နေ
ည်မှာ ထင်ရှားနေလေပြီ။

'ကဲ··· သူ့အကြောင်းကို မင်းဘာတွေသိချင်လဲ'

ကွက်မောင်အောင် ကျောရိုးထဲက စိမ့်၍သွား၏။

ဤစကားများကို ကြားရသည်မှာ တရားသူကြီးတစ်ဦးထံမှ
ဒဏ်စီရင်ချက်ကို ကြားလိုက်ရသော တရားခံတစ်ဦးကဲ့သို့
နေ၏။



www.burmeseclassic.com

www.burmeseclassic.com



မောင်အောင်က ပျာပျာသလဲ ခုခံကာကွယ်ဖို့ကြိုးစား၏။

'မဟုတ်ပါဘူးဗျာ၊ ကျွန်တော်ဘယ်တုန်းကမှ ရွှေနှန်းသိင်္ဂီ အကြောင်း လိုက်စုံစမ်းမနေပါဘူး၊ ခင်ဗျားတို့ကြားတဲ့ စကားတွေက အမှားတွေလို့ ထင်ပါတယ်'

ပြောသာ ပြောရသည်။

သူ့စကားမှာ ဆင်သေကို ဆိတ်ရေဖြင့် ဖုံးသကဲ့သို့ရှိကြောင်း သိရ၏။ ယက္ခက…

'မင်းလိမ်ချင်ရင် ငရဲရောက်မှသာလိမ်တော့ ကြွက်ကလေး 'ရွှေနှန်းသိင်္ဂီ'က မင်းကို စကားလက်ဆောင်ပါးလိုက်တယ်၊ မင်း ဒီနေ့ သေနေ့စေပြီတဲ့'

ကြွက်မောင်အောင်က ပြန်လှည့်ပြေးထွက်ရန် ဟန်ပြင်လိုက်သည်။

သို့သော် သူ့ထက်ယက္ခက ဝို၍လျင်မြန်နေသည်။

ယက္ခက သူ့ညာလက်ကို ဆန့်တန်းလိုက်၏။

ကုတ်အင်္ကျီလက်အတွင်း လက်ဖျံဆီမှ လျှောကျလာသော ဓားမြှောင်ကိုလက်ဖြင့်ဖမ်းဆီးရင်း လျှပ်တစ်ပြက် ပစ်ပေါက်လိုက်သည်။





သူ့လှုပ်ရှားမှုမှာ ကြောင်ကလေးတစ်ကောင်က ကြွက်တစ်ကောင်ကို ခုန်လိုက်ပုံထက် ဝို၍ပြီးလျှင်မြန်သည်။

ဗိရိသေသပ်သည်။

တိကျလှသည်။

သူပစ်လွှတ်လိုက်သော ဓားမြှောင်က ကြွက်မောင်အောင်၏ ဘယ်ဘက်ရင်အုံထဲကို စူးစိုက်နစ်ဝင်သွားလေသည်။

'ကြွက်မောင်အောင်'သည် တံခါးဘေး နောက်ကျောမှီကာ ပြူးကျယ်သောမျက်လုံးများဖွင့်ရင်းက ထိုင်လျက် လျှောကျကာ သက်ပျောက်နေ၏။

မောင်အောင်ဘေးကို ယက္ခက အေးဆေးစွာ လျှောက်လာကာ မောင်အောင်ရင်အုံထဲမှ သူ့ဓားမြှောင်ကို ပြန်ဆွဲထုတ်ယူလိုက်၏။

ထိုဓားမြှောင်၏ လက်ကိုင်ရိုးကို ရွှေသားအပြည့်ဖြင့် ပြုလုပ်ထားသည်။

ဓားနှောင့်နေရာတွင် ထွင်းထုထားသော ကွမ်းသီးသာသာခန့် ဦးလူးခေါင်းပုံတစ်ပုံကို တွေ့ရှိရ၏။

ဓားသွားတွင် ပေကျံနေသောသွေးများကို ယက္ခက သေ



www.burmeseclassic.com

လက်ကိုမ၍ လက်ဖျံတွင်ကပ်ကာ ချည်နှောင်ထားသော ဓားအိမ်အတွင်းသို့ သူ့ဓားကို ပြောင်းပြန်ပြန်လည်ထည့်သွင်းလိုက်၏။

ထိုဓားအိမ်တွင် စပရင်ခလုတ်တစ်ခု ဆင်ထားကာ သူ့လက်ဖျံကြွက်သားများကို လှုပ်ရှားအသုံးပြုရုံနှင့် ဓားအိမ်မှဓားလွတ်ကျလာအောင် ဖန်တီးထားခြင်းဖြစ်၏။

တိုက်ခိုက်ရာတွင် ထိရောက်လှသည့် လက်နက်ပုန်းတစ်ခုဖြစ်၏။

သူသည် အထပ်ထပ်အခါခါ လေ့ကျင့်ခြင်းဖြင့် ထိုဓားကို ထုတ်ယူအသုံးပြုခြင်း၌ ထက်မြက်ထိရောက်သူတစ်ဦးဖြစ်လာသည်။

သူ့ညာလက်တွင် ဝတ်ဆင်ထားသော ဘီလူးခေါင်းပုံရွှေလက်စွပ်ကို မောင်အောင်၏ရင်ဘတ်မှာ စွန်းထင်နေသော သွေးကွက်ထဲတွင် ဘီလူးခေါင်းပုံနှစ်ရုံသာ နှစ်လိုက်၏။

ပြီးတော့ မောင်အောင်၏ နဖူးတည့်တည့်တွင် သွေးဖြင့်တံဆိပ်ခပ်နှိပ်လိုက်၏။

သေဆုံးနေသော မောင်အောင်၏နှာခေါင်းအထက်၊ နှာယောင်တည့်တည့်၊ မျက်ခုံးနှစ်ခုအကြား နဖူးအလယ်တွင် နီရဲသောဘီလူးခေါင်းတစ်ခုထင်ပေါ်၍ လာလေ၏။

ဤအပြုအမူကြောင့်ပင် ဒုစရိုက်လောက၌ 'ယက္ခ'သည်သည် ဘီလူးယက္ခဆိုသောဘွဲ့အမည်ကို ရခဲ့ခြင်းဖြစ်၏။

www.burmeseclassic.com

## အလိုပြည့် ထမင်းဆိုင်

'အဲဒါကြောင့် သူ့ကို မြေအောက်လောကသားတွေက ဘီလူးသက္ကလို့ခေါ်ကြတာပဲ၊ ဒီလူက လူသတ်ပြီးရင် သူသတ်ကြောင်းသိရအောင် ဘီလူးခေါင်းပုံတံဆိပ်ခတ်နှိပ်သွားလေ့ရှိတယ်၊ ပြီးတော့ အခုသေဆုံးသွားရတဲ့ ကြွက်မောင်အောင်အမှုကို ကြည့်ရရင် ဒီလူဟာ ရွှေနန်းသီဂီနဲ့ တိုက်ရိုက်ပတ်သက်နေတယ်ဆိုတာပဲ ထင်ရှားနေပြီ'

ထမင်းစားရင်း ဆားပုလင်းနှင်းအောင်ကို မောင်ထွန်းမောင်က ရှင်းပြနေ၏။





သူတို့နှစ်ယောက်သည် စမ်းချောင်းအနီးတွင် ဖွင့်လှစ်ထားသော မြန်မာထမင်းဆိုင်လေးတစ်ဆိုင်၌ အတူတကွ စားသောက်ရင်း စကားပြောနေခြင်းဖြစ်၏။

သူတို့စားနေသော ထမင်းဆိုင်လေးမှာ ကြီးကျယ်ခမ်းနားသည်ဟု မဆိုနိုင်။

ခနိုမိုး၊ ထရံကာ မြေစိုက်တဲကြီးပင် ဖြစ်သော်လည်း အခင်းအကျင်းသန့်ရှင်းသပ်ရပ်မှု၊ ဟင်းချက်ကောင်းမွန်မှုတို့ကြောင့် အနီးတဝန်းကျင်မှသာမက အဝေးကလာရောက်စားသောက်သူတွေနှင့်ပါ အတော်အသင့်စည်ကားနေသဖြင့် ဝင်ငွေအလယ်အလတ်အဆင့်ရှိသော စားသောက်ဆိုင်တစ်ဆိုင်ဟု မှတ်ချက်ချနိုင်လေသည်။

ဆိုင်၏အမည်မှာ 'အလိုပြည့်ထမင်းဆိုင်' ဟူ၍ ဖြစ်၏။

ဆိုင်ရှင်မိန်းမကြီးမှာ ဒေါ်ဝင်းဆိုသူ အသက်(၅၀)ခန့် မိန်းမကြီးတစ်ဦးဖြစ်၏။

ယခုမျက်မြင်အနေအထားဖြင့် ဝဝဖိုင့်ဖိုင့်ဖြစ်သော်လည်း ငယ်စဉ်ကမူ အတော်အတန် ချောမောခဲ့သူဖြစ်ကြောင်း ခန့်မှန်းရနိုင်လေ၏။



www.burmeseclassic.com

www.burmeseclassic.com



ဆားပုလင်းနှင်းအောင်သည် သူနှင့်ခင်ခဲ့ဖူးသော သူ့တပည့် မောင်ထွန်းမောင်နှင့်အတူ စမ်းချောင်းရှိ 'အလိုပြည့်ထမင်းဆိုင်' တွင် လာရောက်စားသောက်နေခြင်းဖြစ်၏။

'အစ်ကိုကြီး ဘာလိုသေးလဲဟင်၊ လိုတာပြောနော်'

'ပြည့်စုံပါတယ် မန္တယ်'

ဆားပုလင်းနှင်းအောင်တို့ စားပွဲဘေးနားသို့ အသက် (၂၀) ကျော်အရွယ်ဖြူဖြူချောချော မျက်လုံးလှလှနှင့်မိန်းလှလေးတစ် ယောက်က ချဉ်းကပ်လာရင်း ခြည့်ဝတ်စကားပြောသည်ကို မောင်ထွန်းမောင်က မသိမသာအကဲခတ် ကြည့်ရှုလိုက်၏။

ထိုမိန်းကလေးမှာ ဤထမင်းဆိုင်တွင်ရှိသော စားပွဲထိုး ကုဖော်လောင်ဖက် မိန်းကလေးလေးဦးအနက်မှ တစ်ဦးဖြစ်ကာ သူဘစ်ဦးတည်းက ထူးထူးခြားခြား သူများထက် သူတို့စားပွဲကို ဂရုတစိုက် မျက်ခြည်မပြတ် ကြည့်ရှုလေ့လာကာ လိုအပ်သမျှ ခသယ်ဟာရအောင် ဖြည့်ဆည်းပေးနေသည်။ ရောက်စကတည်း က သူဆိုးထိန်း မောင်ထွန်းမောင် သတိထားမိ၏။

ဤဆိုင်သို့ ယခုတစ်ကြိမ်တည်း ဆားပုလင်းနှင်းအောင်လာ သဖြင့် မောင်ထွန်းမောင်အဖို့ ပထမဆုံးအကြိမ်အဖြစ် ရောက်ဖူး





ခြင်းဖြစ်သော်လည်း သူ့ဆရာဆားပုလင်းနှင်းအောင်က ခုနက ကောင်မလေးနာမည် ထုတ်ဖော်ပြောလိုက်သော စကားကို ထောက်ချင့်လျှင် သူ့ဆရာကမူ ဤဆိုင်သို့ မကြာခဏ ရောက်လေ့ ရှိပုံရ၏။

'အစ်ကိုကြီး လာမစားတာတောင် ကြာပြီနော်'

မန္တယ်ဆိုသူက ဘေးနားတွင် ယပ်တောင်တစ်ချောင်းနှင့် ယပ်ခပ်ပေးနေ၏။

ဆားပုလင်းနှင်းအောင်က...

'အေး... အလုပ်များနေတာနဲ့ ကြုံရာမှာပဲစား ဖြစ်နေတယ်'

ထမင်းစားပြီးသောအခါ ရေနွေးကြမ်းပူပူတစ်အိုးနှင့် ထန်း လျက်ခဲပုလင်းလာချပေး၏။

'သုံးဆောင်ပါဦးရှင်'

မန္တယ်ဆိုသောသူမရှိခိုက် မောင်ထွန်းမောင်က...

'ဆရာနှင်းအောင်နဲ့ တော်တော်ရင်းနှီးနေပုံရတယ်'

ဟု စကားထောက်လိုက်၏။

ဆားပုလင်းနှင်းအောင်က ပြုံးလိုက်၏။

'ရင်းနှီးတယ် မဟုတ်ပါဘူး၊ မောင်ထွန်းမောင် ငါတစ်ခါသာ



www.burmeseclassic.com

www.burmeseclassic.com



ဒီမှာ ထမင်းလာစားတုန်း ဒီကောင်မလေးကို နေ့သုံးယောက်က စော်ကားမော်ကား ဆက်ဆံတယ်၊ အဲဒီကိစ္စကိုငါကဝင်ပြီး ကူ ဖြေရှင်းပေးပြီးကတည်းက ကောင်မလေးက ငါ့ကိုခင်မင်သွားတာ ပဲ'

ဤစကားမှာ အမှန်ပင်ဖြစ်၏။

လူမိုက်တစ်ဦးဖြစ်သော ဓိန်ဓားမြှောင်ဝင်းစိုး(ခေါ်)ယာကွတ် နှင့် သူ့တပည့်နှစ်ယောက်က ထမင်းလာစားရင်း ကောင်မလေး ကို ထိကပါးရိကပါး စကားပြောရုံမက လက်လွန်ခြေလွန်ပြုလာ သဖြင့် ဆားပုလင်းနှင်းအောင်က ဝင်ရောက်ဟန့်တားဖြေရှင်းပေး ခဲ့ရ၏။

ယာကွတ်၏နှာခေါင်းရိုးကို ကျိုးအောင်ထိုးလိုက်ရုံသာမက ယာကွတ်ကိုစမ်းချောင်းဂါတ်တဲကိုပါ ပို့အပ်ပေးခဲ့သဖြင့် ဆိုင်ရှင် ဒေါ်ဝင်းဆိုသော မိန်းမကြီးရော မနွယ်ကပါ ကျေးဇူးတင်စကား အထပ်ထပ်ပြောခဲ့ခြင်းဖြစ်၏။

'ကောင်မလေးကြည့်ရတာ ဆရာ့ကိုကျေးဇူးတင်ထားတာထက် ပိုချင်နေပုံရတယ်'

မောင်ထွန်းမောင်က သူ့ဆရာကို စလိုက်ခြင်းဖြစ်၏။





'တော်ပါတော့ မောင်ထွန်းမောင်ရေ၊ ငါအိမ်ထောင်ပြုဖို့ စိတ်ကူး မရှိပါဘူး'

'ဘာဖြစ်လို့လဲ ဆရာ'

'လောကမှာ အိမ်ထောင်သားမွေးကိစ္စထက် အရေးကြီးတာ တွေတော်တော်များများရှိနေလို့ပေါ့ကွ၊ တကယ်လို့ ငါအိမ်ထောင် ပြုခဲ့ရင်လည်း တာဝန်ကျေတဲ့အိမ်ထောင်ရှင်ကောင်းတစ်ယောက် ဖြစ်ဖို့ ခဲယဉ်းမယ်၊ ဘာဖြစ်လို့လဲဆိုတော့ မင်းသိတဲ့အတိုင်း ငါ့မှာ မအားမလပ်အောင် ထမ်းဆောင်ရမယ့်တာဝန်တွေက အများ ကြီးမဟုတ်လား'

'ကျွန်တော်ကတော့ ဆရာ အခုလို တစ်ကိုယ်တည်းနေနေ မယ့်အစား အိမ်ထောင်ပြုတာ မြင်ချင်တယ်'

ဆားပုလင်းနှင်းအောင်က ပြုံးလိုက်ကာ...

'ငါတော့ ပြောနေတယ်၊ မင်းကရောကွာ မောင်ထွန်းမောင်ရဲ့၊ ဘာကြောင့် အခုချိန်ထိ အိမ်ထောင်မပြုသေးတာလဲ'

မောင်ထွန်းမောင်ကို ကွာခြားလှသော ရာထူးအဆင့်အတန်း အရ ဆားပုလင်းနှင်းအောင်က မင်းနှင့်ငါပြောဆိုဆက်ဆံနေသော် လည်း သူနှင့် အသက်မကွာခြားလှပေ။



www.burmeseclassic.com

www.burmeseclassic.com



မောင်ထွန်းမောင်သည် သထုံဘက်ကဖြစ်၏။

အမေက တောင်သူမျိုးရိုး၊ အဖေက မြန်မာ့လက်ဝှေ့ပညာရှင်

အရွယ်ရောက်သည်နှင့် မောင်ထွန်းမောင်သည် အဖေ့ခြေရာ နင်းကာ လက်ဝှေ့ကြိုးဝိုင်းပေါ်ရောက်ခဲ့သည်။

သူ့လက်သီးက ပြင်းလှသည်။

အထူးသဖြင့် ညာလက်သီး။

ထို့ကြောင့် လက်ဝှေ့လောကတွင် ရှိနေစဉ်က သူသည် သံလက်သီးမောင်ထွန်းမောင်ဟူသော အမည်ဖြင့် ကျော်ကြားခဲ့ သည်။ ဤကျော်ကြားလှသော သူ့လက်သီးကပင် သူ့ကိုလက်ဝှေ့ လောကမှ အနားယူစေရန် ဖန်တီးခဲ့၏။

တစ်ကြိမ် ပထမတန်း အလံလုပွဲတစ်ခုတွင် ပြိုင်ဘက်တစ် ယောက်မှာ မောင်ထွန်းမောင်လက်သီးချက်ဖြင့် အသက်သေဆုံး သွားခဲ့၏။

တကယ်တော့ ထိုထိုးဘက်မှာလည်း မောင်ထွန်းမောင်နှင့် ခင်မင်လှသော သူငယ်ချင်းတစ်ဦးပင်ဖြစ်၏။

ဤပွဲပြီးကတည်းက မောင်ထွန်းမောင်သည် လက်ဝှေ့လော ကတို ကျောခိုင်းစွန့်ခွာခဲ့၏။





ဖခင်သေဆုံးပြီးဖြစ်ရာ ကျန်ရစ်သော **မိခင်ကြီး**ကိုလုပ်ကျွေး ပြုစုဖို့အတွက် ပုလိပ်ဘက်သို့ ဝင်ရောက်**အမှုထမ်း**ခဲ့သည်။

ပုလိပ်ဘက်တွင်လည်း တည်ကြည်ကာ **ရဲရဲဝံ့ဝံ့စွန့်စား** ဆောင်ရွက်တတ်သဖြင့် လူဆိုးထိန်းရာထူးကို မကြာ**ခင်ရခဲ့သည်။**

မောင်ထွန်းမောင်သာ ခေတ်ပညာကောင်းကောင်း**တတ်ခဲ့က** ပုလိပ်ဘက်တွင် အရာရှိတစ်ယောက်ဖြစ်လောက်သည်ဟု **ဆားပုလင်း** နှင်းအောင် မကြာမကြာတွေးတောမိ၏။

'ဆရာကလည်း ကျွန်တော်နဲ့ဆရာက မနှိုင်းကောင်းပါဘူး'

'မဟုတ်ဘူးလေကွာ၊ အိမ်ထောင်ပြုချင်တယ်ဆိုရင် ဘယ် သူမဆို ကိုယ်နဲ့သင့်တော်တဲ့ အိမ်ထောင်ဘက်တစ်ယောက်တော့ ရှာမြဲပဲမဟုတ်လားကွ၊ မင်းကိုငါရှာပေးစားရမလား'

လူဆိုးထိန်းမောင်ထွန်းမောင်က လက်ကာပြကာ ရယ်မော လိုက်ပြီး...

'မလုပ်ပါနဲ့ဆရာရယ်၊ ကျွန်တော့်မှာက အမေအိုကြီးရဲ့ ဝတ္တရားတွေက ရှိနေသေးတယ်၊ ကျွန်တော်အိမ်ထောင်ပြုလို့ အဆင် မပြေတဲ့ချွေးမနဲ့တွေ့ပြီး အမေအိုကြီးစိတ်မချမ်းမသာ မဖြစ်စေ ချင်ဘူး'



www.burmeseclassic.com

www.burmeseclassic.com



မောင်ထွန်းမောင်စကားကြောင့် ဆားပုလင်းနှင်းအောင်က ရင်ထဲက သာမုခေါ်လိုက်မိ၏။ ထိုစဉ်···

ပုလိပ်သားတစ်ယောက် နှင်းလာသော စက်ဘီးတစ်စီးက ဆားပုလင်းနှင်းအောင်တို့စားသောက်နေသော ထမင်းဆိုင်ရှေ့တွင် ထိုးဆိုက်လိုက်၏။

စမ်းချောင်းဂါတ်တဲမှ လူပင်ဖြစ်၏။

မောင်ထွန်းမောင်က ထိုလူကို ကြည့်ကာ···

'စမ်းချောင်းဂါတ်တဲက မောင်ကောင်းပဲဆရာ၊ သတင်း စရာရှိလို့ ကျွန်တော်တို့ဆီ လိုက်လာခဲ့တာနဲ့တူတယ်'

ဟု ပြောလိုက်လေ၏။

၈၈



## ကားထဲမှ အလောင်းတစ်လောင်း

မောင်ကောင်း၏ သတင်းပို့ချက်အရ ဆားပုလင်းနှင်းအောင် ရောက်ရှိသွားသောအခါ မှန်အလုံပိတ်ထားသော အော်စတင် အနက်ကလေးမှာ လမ်းဘေးကုက္ကိုပင်ကို ဦးတည်ကာရပ်နေ သို့သော် ကားနှင့်ကုက္ကိုပင်မှာ ဝင်တိုက်မိခြင်းမရှိပေ။

ကားထဲတွင် ပါလာသော ကားမောင်းသူက စတီယာရင်(ခေါ်) လက်ကိုင်ကိုကိုင်လျက် ငုတ်တုတ်သေဆုံးနေလေ၏။

သေဆုံးသူကိုမြင်ရသောအခါ လူဆိုးထိန်းမောင်ထွန်းမောင် က ဆားပုလင်းနှင်းအောင်ပါ အံ့အားသင့်သွား၏။



www.burmeseclassic.com

www.burmeseclassic.com



သေဆုံးသူမှာ အဖိုးတန်အဝတ်အစားများ ဝတ်ဆင်ထားသ အသက် (၃၀)ကျော်အရွယ် မိန်းမချောတစ်ဦးဖြစ်၏။

လူသေမှုအတွေ့အကြုံများလှသော ဆားပုလင်းနှင်းအေ အဖို့ အထက်တန်းစားမိန်းမချောတစ်ဦးသေဆုံးခြင်းကို ဆန်းကြ သည်ဟု ယူဆခြင်းမဟုတ်ချေ။

သို့သော်လည်း ထိုမိန်းမမှာ လွန်ခဲ့သောတစ်ပတ်ကျော် သေဆုံးခဲ့သော 'ကိုနေလင်း'၏ဇနီး 'နုနု' ဖြစ်နေသည့်အတွက် မဆန်းသော်လည်း ထူးသည်ဟု ဆိုစရာရှိ၏။

လင်မယားနှစ်ယောက် တစ်ပတ်ကျော်ကျော်အတွင်း ဆင့်နောက်ဆင့် သေဆုံးခဲ့ကြရုံမက သေဆုံးပုံချင်းကပါ (အ မိ၍သေဆုံးခြင်း)ဟု ခပ်ဆင်ဆင်တူနေသောအခါ တွေးတော အမြောက်အမြားပေါ်လာ၏။

သေသည်ကို စစ်ဆေးကြည့်သော်လည်း ထူးခြားသော ရာဒဏ်ချက်ကို မတွေ့ရ။

ကားအတွင်းကို မှန်ဘီလူးတစ်လက်နှင့် အသေအချာကြ သောအခါကျမှသာ ကားရှေ့ကြမ်းပြင်ပေါ်တွင် ကျနေသော တစ်ကောင်ကို ဆားပုလင်းနှင်းအောင် တွေ့ရှိသွားလေ၏။





ဆားပုလင်းနှင်းအောင်က ထိုပျားကို ဓာတ်ရာထလေးနှင့် ကလေးကောက်ယူကာ စက္ကူအိတ်ကလေးထဲထည့်ထား လိုက်၏။ မောင်ထွန်းမောင်က…

'ဒီပျားက အရေးကြီးလားဆရာ'

'ငါတွေးရသလောက်တော့ လူသတ်မှုရဲ့လက်သည်လို့ ရတာပဲ'

ဆားပုလင်းနှင်းအောင်က သေဆုံးသူ၏လက်ခုံတစ်နေရာကို ပြကာ…

'ဟောဒီမှာ တွေ့လား၊ အနီစက်ကလေးတစ်ခု၊ ဒါမျိုးကို နေလင်းအလောင်းမှာလည်း ငါတွေ့ရတယ်၊ ဒါပေမယ့် ငါက ကို သာမန်ခြင်ကိုက်ဖုလေးတစ်ခုပဲလို့ ထင်ခဲ့မိတယ်၊ အခုတော့ ချာသွားပြီ၊ ဒါဟာ ခြင်ကိုက်တာမဟုတ်ဘူး၊ ပျားတုပ်တာပဲ၊ က်ကို အနံ့ခံကြည့်စမ်း'

အီလည်လည် အမွှေးနံ့တစ်မျိုးကိုရ၏။

ထိုအမွှေးနံ့မှာ ကိုနေလင်းလက်တွင် ရခဲ့သော အမွှေးနံ့။ ကိုနေလင်းအခန်းအတွင်းမှ ရွှေနန်းသိင်္ဂီ၏ ခြိမ်းခြောက်စာ သော ရေမွှေးနံ့မျိုးပင်ဖြစ်လေ၏။



www.burmeseclassic.com

www.burmeseclassic.com



'မြန်မာပြည်က ဘုရားတွေဟာ ဒီလောက်အဆိပ်ပြင်းသလား ဆရာနှင်းအောင်'

'ဒီကောင်ကိုကြည့်ရတာ ငါတွေ့ဖူးတဲ့ဘုရားတွေနဲ့ မတူဘူး ဆက်လေ့လာကြည့်ရဦးမှာပဲ၊ ဘုရားအဆိပ်ကို အထင်မသေးသင့်ဘူး ကျေးလက်ဒေသတွေမှာ လှည်းဘီးလောက်ရှိတဲ့ ဘုရားအုံထဲ ဘုရားတွေအုံခဲပြီးဝိုင်းတုတ်လို့ သေဆုံးခဲ့ဖူးတဲ့ သာဓကတွေရှိတယ်'

'ဒါကိုတော့ ကျွန်တော်လည်း ကြားဖူးပါတယ်၊ တောထဲ ဘုရားအုပ်ဝိုင်းလိုက်လို့ ပြေးရင်းချော်မလဲစေနဲ့ဆိုတာလေ၊ ချော် လို့ ဝိုင်းတုတ်ခံရရင် သေရောတဲ့၊ နီးရာရေကန်ထဲ ဆင်းငုပ်နေ လွတ်တာတဲ့၊ ဟိုဟာက အများကြီးဝိုင်းတုတ်တာ၊ အခုဟာ တစ်ကောင်တည်း မဟုတ်လား'

'တစ်ကောင်တည်းတော့ မဟုတ်ဘူးကွ၊ ဘယ်ဘက်လက် ကော ညာဘက်လက်မှာပါ သေသေချာချာကြည့်ရင် ဘုရားတုတ် ရတယ်လို့ ယူဆရတဲ့ဒဏ်ရာ အနီကွက်လေးပေါင်း လေးစက် တိကို တွေ့ရတယ်၊ ဘုရားတစ်ကောင် လူကိုတုတ်တယ်ဆို သူ့ကိုယ်နောက်ပိုင်းဟာ လူတစ်ယောက်ကို နှစ်ကြိမ်မတိုက်ခိုင် နိုင်ဘူး၊ 'မနုနု'ကို တိုက်ခိုက်သွားတာ ဘုရားလေးကောင်ထ





လျှောနိုင်ဘူး၊ အဆိပ်လည်းအင်မတန်ပြင်းတဲ့ ဘုရားတွေဖြစ်မှုရတယ်၊ ဒါကြောင့် လေး၊ ငါးကောင်တုတ်ရုံနဲ့ လူသေတာ'

'ကျန်တဲ့အကောင်တွေရော ဘယ်ရောက်သွားလဲဆရာ'

'ကားတံခါးကိုဖွင့်ပြီး လူသေအလောင်းကို စစ်ဆေးစဉ်က အပြင်ကိုပျံထွက်သွားတယ် ထင်ရတာပဲ'

လူဆိုးထိန်းမောင်ထွန်းမောင်က စိုးရိမ်သောအသံဖြင့်…

'ဒါဖြင့် ဒီကောင်တွေက ကျန်တဲ့မဆီမဆိုင်လူတွေကိုများ လိုက်ဒုက္ခပေးနေဦးမလား ဆရာ'

'စိုးရိမ်စရာ မရှိပါဘူးကွာ၊ သူတို့ရဲ့အစွမ်းထက်တဲ့ အဆိပ်မြီးက ဒီအလောင်းမှာ ကျန်ခဲ့ပြီပဲ၊ အသိုက်အမြုံမရှိတော့ ဒီကောင်တွေလည်း ကြာကြာအပြင်မှာ အသက်ရှင်နေမှာမဟုတ်ပါဘူး'

ကျော့နပ်လောက်အောင် စစ်ဆေးပြီးပြီဖြစ်သဖြင့် အလောင်းကို ဆေးရုံသို့ ယူဆောင်သွားရန် ဆားပုလင်းနှင်းအောင်က စေခိုင်းလိုက်၏။ ပြီးတော့…

သေဆုံးသူ 'မနုနု'၏နေအိမ်ရှိရာ ပြည်လမ်းဘက်သို့ ထွက်ခဲ့ကြ၏။

ခခ



www.burmeseclassic.com

www.burmeseclassic.com

သိုက်စောင့်များလော

အိပ်ခန်းထဲတွင် ညှိုးရော်သောမျက်နှာဖြင့် ထိုင်နေကြသော ကိုနေလင်း၏မိခင် 'ဒေါ်လေးခင်' နှင့် ညီမဖြစ်သူ 'မူယာ'တို့ကို တွေ့ရ၏။

ဒေါ်လေးခင်သည် သားနှင့်တစ်ဆက်တည်း ခွေးမဖြစ်သူပါ သေဆုံးသွားခြင်းအတွက် များစွာ ကြေကွဲဝမ်းနည်းနေပုံရ၏။

ဦးစွာသူတို့နှင့် စကားမပြောသေးဘဲ ဆားပုလင်းနှင့်အောင်က သေဆုံးသူ 'နုနု'၏အခန်းကိုလေ့လာစစ်ဆေးကြည့်ရှုခွင့် တောင်းကာ စစ်ဆေးကြည့်ရှုခဲ့ရလေသည်။





ထူးထူးခြားခြား မသင်္ကာစရာဟူ၍ မတွေ့ရ။

သာမန်အထက်တန်းစား မိန်းမတစ်ယောက်၏ အိပ်ခန်းပုံ သဏ္ဍာန်မျိုးမျှသာဖြစ်၏။

စာကြည့်စားပွဲဘေးရှိ ကြမ်းပြင်ပေါ်တွင်ကား ဆုတ်ဖြဲကာ ပစ်ထားသော အစိတ်စိတ်အမွှာမွှာဖြစ်နေသည့် စက္ကူစုတ် များကို ဆက်စပ်ကြည့်သောအခါ…

သင် သေနေ့စေပြီ

ရွှေနန်းသိဂီ

ဆိုသော စာဖြစ်ပေါ်လာသည်ကို တွေ့ရ၏။

ထိုစက္ကူများဆီမှ မွှေးရနံ့တစ်မျိုးကိုရလေသည်။

သေချာပါပြီ။

'နုနု'သည် သူ့ယောကျ်ား'ကိုနေလင်း' လုပ်ကြံသတ်ဖြတ်ခြင်း ခံခဲ့ရသလိုပင် လုပ်ကြံသတ်ဖြတ်ခြင်း ခံခဲ့ရလေပြီ။

ရွှေနန်းသိဂီ ဆိုတာ ဘယ်သူလဲ။

ဘာကြောင့်သည်မိသားစုကိုမှ ရွေးချယ်ကာ လုပ်ကြံနေရ



www.burmeseclassic.com

www.burmeseclassic.com



သနည်း။ ညှော်ခန်းထဲသို့ 'ဆားပုလင်းနှင့်အောင်' နှင့် လူဆိုးထိ
'အောင်ထွန်းမောင်'တို့ ပြန်လည်ရောက်ရှိလာ၏။

ဆားပုလင်းနှင်းအောင်က…

'ခုလိုအချိန်မှာ ဒေါ်ဒေါ်တို့ဘယ်လိုခံစားနေရတယ်ဆိုတာ ကျွန်တော်နားလည်ပါတယ်၊ ကျွန်တော့်မှာလည်း ဝတ္တရားရှိနေ ခေးရတာကို အနှောင့်အယှက်ပေးတယ်လို့ မယူဆစေချင်ပါဘူး'

'ရပါတယ် မောင်ရင်၊ ဒေါ်ဒေါ်နားလည်ပါတယ်၊ သိချင် တာကိုသာ မေးပါ'

'ဒေါ်ဒေါ်နဲ့သော်လည်းကောင်း၊ ဟောဒီက မမူယာနဲ့သော် သည်းကောင်း သေဆုံးသူနဲ့ စိတ်သဘောကွဲစရာ ကိစ္စရှိနေ သလား'

'မရှိပါဘူး မောင်ရင်၊ ဒေါ်ဒေါ်ကို သူကအမေတစ်ယောက် သို့ လေးစားပါတယ်၊ ဟောဒီမူယာနဲ့ကတော့ ညီအစ်မအရင်းတွေ ညီပါပဲ'

မမူယာက ဝင်ကာ…

'ဟုတ်ပါတယ်ရှင်၊ ကျွန်မမှာ အစ်မလို့ခေါ်စရာမရှိလို့ ဒီအစ်ကိုနှမ်းယောက်မကိုပဲ ဆိုးတိုင်ပင်၊ ကောင်းတိုင်ပင် ညီအစ်





အရင်းလို သဘောထားခဲ့ပါတယ်၊ ကျွန်မတို့ချင်း ချစ်ချစ်ခင်ခင် ပါဘဲ'

'စကားစ မကုန်ချင်လို့သာ အခုလိုမေးရတာပါ၊ ကျွန်တော် ကလည်း ဒီလိုပဲထင်ပါတယ်၊ နံနက်စောစောထမင်းစားပြီး ထား မောင်းထွက်သွားတယ်ဆိုတာတော့ နုနုဘယ်ကိုသွားတာလဲ၊ သွား တာနီး ဘာတွေများ ပြောသွားသေးသလဲ'

ဒေါ်လေးခင်က…

'နုနုက ခေတ်ဆန်ဆန်နေတတ်တယ်ဆိုပေမယ့် မပြောဆို တစ်ကိုယ်တည်း ဘယ်မှမသွားတတ်ပါဘူး၊ ဒီနေ့လည်း ကားနဲ့ ထွက်မသွားခင် သူ့မိဘတွေအိမ်ကို သွားဦးမယ်လို့ ဒေါ်ဒေါ်ကို ခွင့်ပန်သွားပါတယ်၊ သူ့မိဘတွေက အင်းစိန်မှာ နေပါတယ်၊ သူလည်း ယောကျ်ားဆုံးတာ မကြာသေးတော့ အိမ်မှာပဲ အမြဲနေ ပါတယ်၊ ဒေါ်ဒေါ်ကိုယ်တိုင်က စိတ်ပြေလက်ပျောက် အပြင် ထွက်ဖို့ တိုက်တွန်းရသေးတယ်'

'ဒီလိုပါ ဒေါ်ဒေါ်၊ ဒေါ်ဒေါ့်ချွေးမ နုနုဟာလည်း ဒေါ်ဒေါ် သား 'ကိုနေလင်း'လို လုပ်ကြံသတ်ဖြတ်ခြင်း ခံခဲ့ရတာပါပဲ၊ ကိုနေလင်းအခန်းထဲကတွေ့တဲ့စာနဲ့ မနုနုအခန်းထဲမှာတွေ့တဲ့စာ က တစ်ထေရာတည်း တူနေပါတယ်'



www.burmeseclassic.com

www.burmeseclassic.com



ခမ္မယာက တအံ့တသြငေးကြည့်ကာ…

'ရှင်တို့ပြောတာက ဟို… ဟို… ရွှေနန်းသီဂီဆိုတာ…'

'ဟုတ်ပါတယ် မမ္မယာ'

မမ္မယာမျက်နှာသည် ဖြူလျော်သွား၏။ ပထမစာအကြောင်းကို သူတို့သားအမိကို အသိပေးခဲ့စဉ်က သူတို့နှစ်ယောက်လေး လေးနက်နက်သဘောမထားခဲ့ပေ။

မမ္မယာက တုန်ရင်သောအသံဖြင့်…

'သူ… သူ… 'ရွှေနန်းသီဂီ'ဆိုတာ ဘယ်သူလဲဟင်၊ ဘာသို့ ကျွန်မတို့မိ… မိသားစုကိုမှ ရွေးပြီး ခုလိုဒုက္ခပေးရတာလဲဟင်'

'ဒီအဖြေဟာ ပြဿနာကို ဖြေရှင်းပေးမယ့် အဓိက သော့ခလော့ပါပဲ မမ္မယာ၊ ကျွန်တော်တို့လည်း ဒီအဖြေကိုပဲ သိချင်နေတာပေါ့'

ဒေါ်လေးခင်က စိုးရိမ်တကြီးမျက်နှာထားဖြင့်…

'ဒီ 'ရွှေနန်းသီဂီ' ဆိုတာ တော်တော်ရဲ ဆိုးရွားသလား ဆရာနှင်း အောင်'

'ဉာဏ်ကြီးတယ်၊ ထက်မြက်တယ်၊ အန္တရာယ်ကောင်း [illegible]နိုင်တယ်လို့ ကျွန်တော်တော့ ယူဆတယ်၊ ဒေါ်ဒေါ်





တို့ကြောက်လန့်အောင် ပြောနေတာတော့ မဟုတ်ပါဘူး၊ ဒါပေမယ့် သူရဲ့နောက်ပစ်မှတ်ဟာ 'ဒေါ်ဒေါ်' (သို့မဟုတ်) 'မမ္မယာ' ဖြစ်နိုင်တယ်လို့ ထင်ပါတယ်'

'ဘုရား… ကယ်တော်မူပါ'

ဒေါ်လေးခင်က ရင်ကိုလက်ဖြင့်ဖိကာ ရေရွတ်လိုက်လေ

'ဒေါ်ဒေါ်တို့ကို ကျွန်တော်သတိပေးစကား ပြောထားချင်ပါတယ်၊ မမ္မယာလည်း တစ်ယောက်တည်း ဘယ်တော့မှ မသွားလာပါနဲ့၊ ကျွန်တော်တို့ပုလိပ်ဘက်ကလည်း အဝေးကနေ မပြတ်စောင့်ကြပ်ကြည့်နေပါမယ်'

ဆားပုလင်းနှင်းအောင် စကားကြားမှ သူတို့ရင်ဆိုင်ရသော ပြဿနာသည် မသေးငယ်လှကြောင်း သားအမိနှစ်ယောက်သဘောပေါက်သွားကြ၏။

သို့သော် ပုလိပ်ဘက်မှ စောင့်ရှောက်ပေးမည်ဆိုသည့်အတွက် အတော်အတန်စိတ်သက်သာရသွား၏။

'တစ်ခုသတိထားဖို့က ဒေါ်ဒေါ်တို့ဆီကို အလားတူစာမျိုးရောက်လာရင် လက်နဲ့မထိမကိုင်မိဖို့နဲ့ ချက်ချင်း ကျွန်တော်တို့ဆီကို အကြောင်းကြားဖို့အချက်ပါပဲ၊ အဲဒါဟာ အရေးကြီးပါတယ်'



www.burmeseclassic.com

www.burmeseclassic.com



'မင်းပြောတဲ့အတိုင်း ဒေါ်ဒေါ်တို့လိုက်နာပါ့မယ်၊ တစ်ခုတော့ မေးပါရစေ၊ ဒေါ်ဒေါ့်သားရော၊ ချွေးမပါ အဆိပ်မိသေဆုံးတယ်လို့ ပြောကြတယ်၊ ဘယ်လိုအဆိပ်မျိုးက ဘယ်ပုံမိတာလဲ'

ဆားပုလင်းနှင်းအောင်က ခေတ္တမျှ စဉ်းစားလိုက်သည်။ ဖွင့်ပြောရင်လည်း မထူးတော့ဟု ယူဆပြီး…

'ပျားတုပ်ခံရလို့ သေဆုံးကုန်တာပဲ ဒေါ်ဒေါ်'

ဟုပြောလိုက်၏။

ဆားပုလင်းနှင်းအောင်စကားကို ကြားလိုက်သည်နှင့် ဒေါ်လေးခင်မှာ သတိလစ်လုမတတ် တုန်လှုပ်ချောက်ချားသွားလေ၏။ အတန်ကြာမှ အသက်ကို မနည်းဝအောင်ရှူရင်း…

'ပျားတွေ… ပျားတွေ ဟုတ်လား၊ ဟုတ်ပါပြီ၊ ဟုတ်ပါပြီ၊ သူတို့အချိန်စေ့လို့ ရောက်လာကြပြီနဲ့တူတယ်'

နားမရှင်းသဖြင့် ဆားပုလင်းနှင်းအောင်က မေးလိုက်၏။

'သူတို့ဟုတ်လား၊ ဘယ်သူတွေလည်း ဒေါ်ဒေါ်'

'ဘယ်သူတွေရမလဲ၊ မင်းပြောတဲ့ ပျားတွေပေါ့'

ဒေါ်လေးခင်၏ အမူအယာမှာ အတော်ပင် အေးဆေးတည်ငြိမ်သွားကာ…





'ပျားတွေ… အဲဒီပျားတွေက သာမန်ပျားတွေမဟုတ်ဘူး၊ ိုက်စောင့်ပျားတွေ'

ဟု ပြောလေ၏။

'အို… မေမေကလည်း ဘာတွေပြောနေတာလဲ'

ဟု 'မမူယာ'က အမေလုပ်သူ၏စကားအတွက် ရှက်ရွံ့န့် အမူအယာဖြင့် ဝင်ကာတားမြစ်လိုက်ရင်း တစ်ဆက်တည်း ဆားပုလင်းနှင်းအောင်ဘက်လှည့်ကာ…

'မေမေ့စကားတွေကို အတည်မယူပါနဲ့ရှင်၊ ဒီကိစ္စတွေက သတ်မှုနဲ့ ဘယ်လိုမှ မပတ်သက်ပါဘူး၊ အမေက ရှေးလူကြီးတော့ အယူသီးပြီး ပြောတာပါ'

အမေဖြစ်သူက သမီးဖြစ်သူအား မျက်စောင်းတစ်ချက်လှမ်းလိုက်ကာ…

'မူယာ နင်ဘာမှ မသိဘဲနဲ့ ဝင်မပြောနဲ့၊ အယူသီးတာဟုတ်ဘူးဟေ့၊ အယူရှိတာ၊ အယူရှိတာ၊ ဒေါ်ဒေါ်တို့က သိုက်က်တွေ မောင်နှင်းအောင်၊ သိုက်ကလာတာတဲ့'

'ဒါက မေမေတို့ဘာသာ ပြောနေတာပါ၊ ကျွန်မတို့ကတော့ အယုံအကြည်မရှိဘူး ကိုနှင်းအောင်'



www.burmeseclassic.com

www.burmeseclassic.com



'မမူယာ'က ရက်ရွှရွှအမူအယာဖြင့် ဝင်ကာပြော၏။

'အေးလေ… နှင့်အစ်ကိုလည်း ဒီလိုပဲ၊ အယူမရှိဘူး ပြောတာပဲ မဟုတ်လား၊ ဒေါ်ဒေါ်တို့အမျိုးက ပျားရည်တွေ တွေ မစားရဘူး မောင်နှင်းအောင်ရဲ့ သိုက်ချုပ်ဒေဝီက မကြို ဘူး၊ သူတို့လင်မယားက အယုံအကြည်မရှိဘူးဆိုပြီး စားနေ တာပဲ၊ ပြောလိုက်ကြသေးတယ်၊ ခုတော့ ရွှေဆင့်နောက်ဆ သေကုန်ကြပြီ မဟုတ်လား'

သူ့အမေ၏ အယူသီးမှုကို ရက်ရွှဟန်ဖြင့် မမူယာက…

'သူတို့အချိန်တွေကို မဖြုန်းပစ်ပါနဲ့ မေမေ၊ အလကား အရည်မရ၊ အဖတ်မရစကားတွေ'

သို့သော်… ဆားပုလင်းနှင်းအောင်က…

'ပြောပါစေ မမူယာ၊ ဒီကိစ္စကို ကျွန်တော်လည်း စိတ်ဝင်စ ားပါတယ်၊ ကျွန်တော်တို့သိအောင် အစအဆုံး ပြောပြပါလား'

အဘွားကြီးအဖို့ ရေဝေ့နေသူ ရေတွင်းထဲတွန်းချလိုက်သကဲ့ သို့ ဖြစ်သွား၏။

ဆဆ



## အဘွားကြီးပြောပြချက်

ဒေါ်လေးခင်၏အဖ 'ဦးထွန်းရှိန်' မှာ အညာမြို့လေးတစ်မြို့ လူချမ်းသာမြေရှင်တစ်ဦး ဖြစ်၏။

ဇနီးခင်ခင်ထိုက်နှင့် တစ်ဦးတည်းသောသမီး မလေးခင်တို့ရှိ ကြ၏။

လိုင်စင်ဖြင့် ကိုင်ဆောင်ထားသော နှစ်လုံးပြူးသေနတ်တစ် လက်နှင့်အတူ မိုးတွင်းအခါကာလကလွဲ၍ နွေနှင့်ဆောင်းတို့တွင် နီးပတ်ဝန်းကျင် တောထဲသို့ အမဲလိုက်ထွက်လေ့ရှိ၏။

သူတို့မြို့ကလေးအနီးရှိ တောတောင်ဟူသမျှ 'ဦးထွန်းရှိန်' ခြေမချဖူးသော တောတောင်ဟူ၍ မရှိသလောက်ပင် ဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com



ဘာသာရေးလိုက်စားကာ ရှေးဆန်လှသော သူဇနီးခင်ခင်ထိုက် ... ဆန္ဒတဲ့သို့ အမဲလိုက်ခြင်းကို 'အကုသိုလ်အလုပ်'ဟု ယူဆကာ အတန်တန် တားမြစ်၏။ သို့သော်လည်း သူ့ဝါသနာကို မစွန့်နိုင် သော ဦးထွန်းရှိန်မှာ အမဲလိုက်ခြင်းမှ ရရှိလာသောပျော်မွေ့မှုကို လက်မလွှတ်နိုင်ဘဲ ရှိ၏။

သူနှင့်အမဲလိုက်ဖော်တစ်ဦးမှာ တစ်မြို့တည်းနေ သူငယ်ချင်း 'စိုးသာ'ဖြစ်၏။

'စိုးသာ'သည် ဆင်းရဲနွမ်းပါးသူဖြစ်လေရာ အစစအရာရာ 'ဦးထွန်းရှိန်'ကို မှီခိုနေရသူ ဖြစ်၏။

ဦးထွန်းရှိန်အလိုကျ အမြဲတစေ လိုက်နာလေ့ရှိသဖြင့် ဦးထွန်းရှိန် ၏လက်ဆွဲတော်လူယုံလည်းဖြစ်နေ၏။

တစ်နေ့တွင် ကြေကွဲဖွယ်အဖြစ်အပျက်တစ်ခုဖြစ်ပျက်လာ ၏။

သက်ဝံတစ်ကောင်နောက်ကို လိုက်လံပစ်ခတ်ရင်း တောအ ... သော(ခေါ) ချောက်ထဲသို့ 'စိုးသာ'လိမ့်ကျသေဆုံးခဲ့ခြင်း ဖြစ်၏။

ထိုနေရာတစ်ဝိုက်မှာ တောကြမ်းသည်ဟု နာမည်ကြီးသော





... များဖြစ်သဖြင့် တော်ရုံလူများ မသွားလာဘဲ ရှောင်နေသော ... များဖြစ်၏။

သူတို့နှစ်ယောက်သည် ဝက်ဝံနောက်လိုက်ရင်း နယ်ထဲ့ ... တ်ရှိသွားခြင်းဖြစ်၏။

ဤချောက်ထဲသို့ ရောက်ရှိသွားလျှင် ချောက်ထဲမှ တစ္ဆေများ ... ခေါ်သံကို ကြားရတတ်သည်ဟု ဆို၏။

ပြန်ထူးမိသောလူသည် ဖျားနာသေဆုံးရလေသည်။

'ဦးထွန်းရှိန်'ကတော့ ဤကိစ္စတွေကို အယုံအကြည်မရှိ။

'ဒေါ်ခင်ခင်ထိုက်'ကတော့ သဲသဲမဲမဲ ယုံကြည်၏။

ထို့ကြောင့် အကြားအမြင်ရသည်ဆိုသော ဗေဒင်ဆရာတစ် ... တ်ကို ဗေဒင်မေးကြည့်ခဲ့၏။

ဗေဒင်ဆရာ၏ ဟောချက်က 'ဒေါ်ခင်ခင်ထိုက်'ကိုပို၍ ... လှုပ်ချောက်ချားစေသည်။ သူတို့သည် သိုက်ဆက်တွေဖြစ် ... ည်ဟု ဗေဒင်ဆရာက ဟောလိုက်ခြင်းကြောင့် ဖြစ်၏။

'ရွှေနန်းသီဂီသိုက်'ကလာသည်။ အချိန်တန်လျှင် ပြန်ခေါ် ... ည် ဆိုသော စကားကြောင့် ဒေါ်ခင်ခင်ထိုက် ခြေမကိုင်မိ၊ ... ်မကိုင်မိ ဖြစ်သွား၏။



www.burmeseclassic.com

www.burmeseclassic.com



သိုက်ဆက်ဖြတ်ပေးမည်ဟူသော . ဗေဒင်ဆရာ၏ စကား[illegible] ကြောင့် ငွေတော်တော်ကုန်သွားလေ၏။

သည့်တုန်းက မလေးခင်သည် ငယ်သေး၍ ထိုကိစ္စများ[illegible] ရေးတေးတေးသာ မှတ်မိတော့သည်။

တစ်နေ့တွင် သူ့အဖေသည် တစ်ကိုယ်တည်း တောလ[illegible] သွားရင်း လူသားစား ပဒုမ္မာအုပ်နှင့်တိုးကာ ထိုပျားများဝိုင်းတုပ်[illegible] ရသဖြင့် သေဆုံးသွားလေ၏။

ဗေဒင်ဆရာက ခြိမ်းခြောက်စရာ စကားရသွား၏။

-ဤ လူသားစား ပဒုမ္မာများမှာ သိုက်စောင့်ပျားမျ[illegible] ဖြစ်သည်။

ဦးထွန်းရှိန်သည် သိုက်ချုပ်ရွှေနန်းသိင်္ဂီကို မလေးမ[illegible] သဘောထားသဖြင့် ဝိညာဉ်နုတ်ခံရခြင်းဖြစ်၏။

ဒေါ်ခင်ခင်ထိုက်တို့ မျိုးရိုးစဉ်ဆက်သည် ပျားရည်ကိုတ[illegible] သက်လုံးမစားသုံးဘဲ ရှောင်ကြဉ်ရမည်ဟု ဆိုလေ၏။

ပြီးတော့ အကောင်းဆုံးကတော့ ဤရွှေနန်းသိင်္ဂီသိုက်န[illegible] သေးရာမြစ်ကူး၊ ချောင်းခြားဒေသသို့ ပြောင်းရွှေ့မှ စိတ်အေ[illegible] ရည်ဟု ပြော၏။





ထိုဗေဒင်ဆရာပြောသမျှကို ဒေါ်ခင်ခင်ထိုက်က လိုက်နာခဲ့[illegible]၏။ သို့ဖြင့် အညာဒေသမှနေ၍ ဤရန်ကုန်သို့ ပြောင်းရွှေ့[illegible]ခဲ့တော့သည်။

သူတို့သားအမိနှင့်အတူ ဦးထွန်းရှိန်၏မိတ်ဆွေကွယ်လွန်သူ[illegible]စိုးသာ၏သမီးလေးလည်း ပါလာ၏။

ထိုကလေးမလေးမှာ မိဘမဲ့ဖြစ်ကာ ကိုစိုးသာမရှိကတည်း[illegible] ဒေါ်ခင်ခင်ထိုက်တို့က ကျွေးမွေးစောင့်ရှောက်လာသဖြင့်[illegible]အားခဲ့ရက်ခြင်း ဖြစ်၏။

ဒေါ်ခင်ခင်ထိုက်က အိမ်တွင် လက်တိုလက်တောင်းခိုင်းရန်[illegible]ဖော်တစ်ယောက်ရသည်ဟုပဲ သဘောထားခဲ့၏။

ရန်ကုန်ရောက်ပြီး ၁၀ နှစ်ခန့်ကြာသည့်တိုင်အောင် အညာ[illegible]တလေးတွင် ဖြစ်ပျက်ခဲ့သမျှကို မေ့မေ့ပျောက်ပျောက် သဘော[illegible]ထားကာ နေနိုင်ခဲ့ကြ၏။

မလေးခင်သည် ကိုမော်စိုးဆိုသော လူရွယ်တစ်ယောက်နှင့်[illegible]ထောင်ကျခဲ့သည်။

ကိုမော်စိုးမှာကား ပွဲစားယောင်ယောင်၊ ကုန်သည်ယောင်[illegible]ယာင်ဖြင့် လူပုံက ကြော့ကြော့မော့မော့ ရှိသလောက် အလုပ်[illegible]ကိုင်မရှိသော လူ့ပေါ်ကြော့တစ်ဦးဖြစ်ကာ မိန်းမလုပ်သူ



www.burmeseclassic.com

www.burmeseclassic.com



စည်းစိမ်ကို ခိုကပ်သုံးစွဲနေသူဖြစ်၏။

တစ်နေ့ အညာဒေသမှ ဗေဒင်ဆရာသည် ရန်ကုန်သို့ ဘုရား ဖူးလာရင်း ဒေါ်ခင်ခင်ထိုက်တို့အိမ်ဝင်လည်ရာမှ အတိတ် သိုက်ကိစ္စ ပြန်ပေါ်လာတော့သည်။

သူ့ကို သိုက်နန်းဒေဝီက ဝင်ပူးသည်ဆိုကာ ပြောချင်ရာ တွေ ပြောတော့သည်။

ဘယ်လောက်ပဲ မြစ်ကူးချောင်းခြားဝေးအောင် ပြေးပြေး လည်း သူ့လက်က မလွတ်နိုင်ကြောင်း၊ အခုအချိန်မှာ ဒေါ်ခင်ခင်ထိုက် တစ်ယောက် သိုက်နန်းကို ပြန်လာဖို့ အချိန်တန်ပြီဖြစ်ကြောင်း ပြောဆိုနေတော့သည်။

ဒေါ်ခင်ခင်ထိုက်မှာ စိုးရိမ်ပူပန်စရာတွေများလွန်းသဖြင့် နှလုံး ရောဂါရှိနေသူဖြစ်၏။

ဗေဒင်ဆရာ ပြန်သွားပြီး မကြာခင်လပိုင်းအတွင်းမှာပင် 'ဒေါ်ခင်ခင်ထိုက်' အိပ်နေရင်းမှ နှလုံးသွေးရပ်ကာ သေဆုံးသွား ၏။

သူသေဆုံးသွားသောအခန်းထဲတွင် ပျားတစ်သိုက်ဝင်ရောက် အိမ်ဖွဲ့နေသည်ကို တွေ့ကြရ၏။

* * *





ဒေါ်လေးခင်က အထက်ပါအတိုင်း နောက်ကြောင်းပြန်ကာ ပြောသမျှကို ဆားပုလင်းနှင်းအောင်နှင့် မောင်ထွန်းမောင်က ငြိမ်သက်စွာ နားထောင်နေလေ၏။

ထိုအခါ မမူယာက ဝင်ကာ မှတ်ချက်ချလိုက်၏။

'အဘွားဆုံးသွားရတာ နှလုံးရောဂါကြောင့်ပါလို့ ဆရာဝန် တွေက ပြောတယ်မဟုတ်လား အမေရဲ့၊ အရင်ကတည်းက ပျား တွေနဲ့ ပတ်သက်ပြီး အစွဲအလမ်းက ရှိနေတုန်း ဖြုန်းခနဲ သူ့အိပ် ခန်းထဲမှာ ပျားလာစွဲတာမြင်တော့ အကြောက်လွန်ပြီး နှလုံးသွေး ရပ်သွားတာ ဖြစ်မှာပေါ့၊ သမီးကတော့ ဒီလိုဟာမျိုးတွေကို အယုံ အကြည်မရှိဘူး'

ဒေါ်လေးခင်က သမီးဖြစ်သူကို မျက်စောင်းထိုးကာ...

'အဲဒါသာကြည့်တော့ မောင်နှင်းအောင်၊ ခေတ်ကာလသား သမီးများပြောရဆိုရ တော်တော်ခက်တယ်၊ ရှေးထုံးကိုလည်း မပယ်နဲ့၊ ဈေးသုံးကိုလည်း မလွယ်နဲ့ဆိုတဲ့ စကားကိုမေ့နေကြ တယ်၊ ပျားတွေက အိပ်ခန်းထဲဝင်ပြီး အိမ်ဖွဲ့တယ်ဆိုကတည်းက ဆန်းမနေဘူးလား'

'ပျားပဲမေမေရယ်၊ သူ့အိမ်ဖွဲ့ချင်တဲ့နေရာ ဖွဲ့မှာပေါ့၊ ဒါ အဆန်းလား'



www.burmeseclassic.com

www.burmeseclassic.com



လူဆိုးထိန်း မောင်ထွန်းမောင်က ပြုံးသည်။

ဆားပုလင်းနှင်းအောင်ကလည်း မမူယာဆိုသော မိန်းကလေး၏ ခေတ်မှီသောအမြင်ကိုသဘောကျ၍သွား၏။

'ကဲ… ဖေဖေဆုံးတာကျတော့ကော ဘာပြောမလဲ၊ အရက်သောက်တာများလို့ အသည်းရောဂါနဲ့ သေခဲ့ရတာမဟုတ်လား'

ဒေါ်လေးခင်ယောကျ်ား 'ကိုမော်စိုး'လည်း လွန်ခဲ့သောငါးနှစ်ခန့်က ဆေးရုံတွင် ဆုံးပါးခဲ့လေ၏။

အဘွားကြီးကို ဆန့်ကျင်ဘက်စကား မပြောလိုသဖြင့် ဆားပုလင်းနှင်းအောင်က…

'ဥပါဒါန်ကြောင့် ဥပါဒ်ရောက်တတ်ပါတယ် ဒေါ်ဒေါ်၊ ဒီကိစ္စတွေကို အလွန်အကျွံ အစွဲအလမ်းမထားပါနဲ့၊ ကျွန်တော်တို့လည်း တတ်နိုင်သမျှ စောင့်ရှောက်ပါ့မယ်'

ဟုပြောကာ နှုတ်ဆက်ပြန်လာခဲ့၏။

၆၆



ဘောက်ချီယိုကျွန်းက ပျား

'ဒီရွှေနန်းသီဂီရဲ့အမှုကိစ္စကို အမြန်ဆုံးဖော်ထုတ်မှဖြစ်တော့မယ် မောင်ထွန်းမောင်'

ဆားပုလင်းနှင်းအောင်၏ တိုက်ခန်းထဲရှိ ဧည့်ခန်းထဲတွင် နှစ်ယောက်အတူတူ ထိုင်နေကြရင်း ဆားပုလင်းနှင်းအောင်က ပြောလိုက်ခြင်းဖြစ်၏။

'တို့ ဒီအချိန်မှာ မတားဆီးနိုင်ရင် သူ့လက်ချက်နဲ့ လူတချို့ သေနိုင်တယ်၊ မမူယာနဲ့ဒေါ်လေးခင် နှစ်ဦးအနက် တစ်ဦးပြီး တစ်ဦးပေါ့'



www.burmeseclassic.com

www.burmeseclassic.com



'ကျွန်တော်လည်း အဝေးကနေ သူတို့ခြံကိုမျက်ခြည်မပြတ် စောင့်ကြည့်ဖို့ ပုလိပ်ဘက်က လူတချို့ကို အရပ်ဝတ်နဲ့ တာဝ ထားပေးတယ် ဆရာ'

'ကောင်းပါတယ်၊ အရင်က အဲဒီလို အစောင့်အရှောက် လို့ ကိုနေလင်းနဲ့ မနုနုသေခဲ့ရတာပဲ၊ ခြံထဲကို ရန်သူက ခိုဝင်နိုင် အခွင့်အရေးတွေရနေတာပေါ့၊ သေသူနှစ်ယောက်လုံးဟာ အ ပိတ်ထားမိမှာပေါ့'

'ဟုတ်တယ် ဆရာ၊ တစ်ယောက်ကစာဖတ်ခန်း၊ တစ်ယော က ကားထဲမှာ၊ ဒါပေမယ့် အဲဒီနှစ်နေရာလုံးဟာ မှန်အလုံပိ ကားထဲ ထူးခြားချက်ကိုတော့ သတိထားမိတယ်'

'အဲဒီလို အလုံပိတ်ထားတဲ့ အခန်းထဲမှာ ရှိနေတုန်း အ ရှိတဲ့ပျားကို လွှတ်ထားခဲ့တာပေါ့ကွ၊ ပြတင်းပေါက်တံခါးတွေ ဖွင့်ထားမိရင် အဲဒီပျားကလိုရာမရောက်ဘဲ အဝေးကို ပြန့်ထွ သွားနိုင်တယ်ဟုတ်လား'

မောင်ထွန်းမောင်က ခေါင်းညိတ်ကာ…

'အင်း… ရန်သူကိုသတိထားမိတော့ လူအလစ်မှာ ခြံဝင် နိုင်တဲ့ အခွင့်အရေးရနေတာပေါ့'





'ဟုတ်တယ်၊ မှန်အလုံပိတ်ထားထဲကားမှာ ပျားကိုလွှတ်ထားမယ်၊ အဲဒီနေ့က မိုးကလည်းအေးတော့ နုနုက တံခါးမဖွင့်ဘဲ စီးမိတယ်နဲ့တူတယ်၊ စာဖတ်ခန်းထဲက ကိုနေလင်းကိုသတ်ဖို့လည်း လွယ်တာပဲ၊ ဟာနေတဲ့ တရုတ်ကပ်ကြားထဲကနေ ပျားတွေလွှတ်လိုက်တာနေမှာပေါ့၊ ပျားတစ်ကောင်တော့ ကောင်းကောင်းဝင်နိုင် ထွက်နိုင်တာပဲဟာ'

သူသိချင်တဲ့အချက်ကို မောင်ထွန်းမောင်က မေးလိုက်၏။

'ပျားတွေကို ဘယ်လိုလုပ် သယ်လာတယ်လို့ ထင်သလဲ ဆရာ၊ ဒီတော့ ဒီပျားတွေကို သယ်လာတဲ့လူကိုရော မတွေ့ဘူးလား၊ သခင်လို့သိလို့လား'

ဆားပုလင်းနှင်းအောင်က ခေါင်းကို ယမ်းလိုက်၏။

'ပျားတွေဟာ အသိဉာဏ်ရှိတယ်ဆိုပေမယ့် သခင်ရယ်၊ ရန်သူရယ် ခွဲခြားသိနိုင်အောင် သင်နိုင်ဖို့ ခဲယဉ်းပါတယ်၊ ကိုက်ခွင့်ရရင် သူ့ကိုသယ်လာတဲ့လူကိုလည်း ကိုက်မှာပါပဲ၊ ဒါပေမယ့် တစ်ခု ဒီနေရာမှာ ဆက်စပ်နေတာ အမွှေးရနံ့ပဲ၊ အဲဒီအမွှေးနံ့ဟာ ပျားတွေကို အထူးသဖြင့် ဆွဲဆောင်စေနိုင်တဲ့အရာလို့ ထင်တယ်၊ ဒါကြောင့်လည်း အဲဒီပျားက အမွှေးရနံ့ရနေတဲ့ လူဆီကို ဦးတည်သွားပြီး တုပ်ခဲ့တာပေါ့'



www.burmeseclassic.com

www.burmeseclassic.com



'သူတို့ကိုဘယ်လို သယ်ဆောင်လာသလဲ ဆရာ'

'ငါကိုယ်တိုင်တော့ မမြင်ဖူးဘူး၊ ဒါပေမယ့် မှန်းဆကြည့်ရရင်တော့ လွယ်ပါတယ်ကွာ၊ ဖျားသုံးလေးကောင်လောက်ကတော့ သစ်သားမီးခြစ်ဗူးကလေးတစ်ဗူးထဲ ထည့်သယ်လာရင်တောင် ရတာပဲ၊ ကိုယ်လွှတ်ချင်တဲ့နေရာကျမှ အဲဒီမီးခြစ်ဗူးလေးကို ဖွင့်လွှတ်လိုက်ရုံပေါ့'

မောင်ထွန်းမောင်က လက်ဖျောက်တစ်ချက် တီးလိုက်ကာ…

'ဖြစ်နိုင်တယ်၊ 'ကိုနေလင်း'သေတုန်းကလည်း သူ့တစ်ဖက်ခန်းအပြင်ဘက် ခြံဝင်းထဲမှာ သစ်သားမီးခြစ်ဗူးလေးတစ်ဗူးတွေ့ရတယ်၊ ကျွန်တော်က သာမန်ပဲထင်ပြီး မသိမ်းဆည်းမိဘူး'

'မင်း အပြစ် မဟုတ်ပါဘူးကွာ၊ မီးခြစ်ဗူးခွံအလွတ်ဆိုတာ နေရာတကာတွေ့နိုင်တဲ့အရာဆိုတော့ တွေ့တဲ့လူတိုင်းဟာ ဒီလို ခပ်ပေါ့ပေါ့ထင်ကြမှာပေါ့၊ အဲဒီလိုထင်ရအောင်လည်း လူသတ်သမားက ရည်ရွယ်ပြီးသုံးဟန်တူတယ်'

စကားထိုင်ပြောနေရာမှ ဆားပုလင်းနှင်းအောင်က နံရံတွင် ကပ်ထားသော စာအုပ်စီရိုဆီထကာ လျှောက်သွား၏။





နံရံနှစ်ဖက်အပြည့် စီရိုများထဲတွင် အင်္ဂလိပ်ဘာသာဖြင့်သော်လည်းကောင်း၊ မြန်မာဘာသာဖြင့်လည်းကောင်း ရေးသားထားသည့်စာအုပ်များမှာ ပြည့်နှက်လျက်ရှိရာ လူဆိုးထိန်းမောင်ထွန်းမောင်အနေဖြင့် သူ့တစ်သက်တာတွင် စာအုပ်အများစုကို တစ်နေရာတည်း စုပြုံတွေ့ရှိရသော ပထမဆုံးနေရာတစ်နေရာဟု ဤအခန်းတိုတွေ့စကပင် အမှတ်တရဖြစ်ခဲ့ဖူး၏။

ဆားပုလင်းနှင်းအောင်သည် တစ်ထွာခန့်ထူ၍ တစ်တောင်ခန့်ဖြက်ရှိသော စာအုပ်ကြီးတစ်အုပ်ကို စင်ထဲမှ ထုတ်ယူကာ မောင်ထွန်းမောင် ရှိရာစားပွဲဆီ ပြန်လာ၏။

အနားရောက်မှ စာအုပ်ကြီးမှာ အင်္ဂလိပ်လိုရေးသားထားသော စာအုပ်ကြီးဖြစ်မှန်းသိသဖြင့် အင်္ဂလိပ်ဘာသာဖြင့် အကျွမ်းတဝင်မရှိသော မောင်ထွန်းမောင်က…

'ဘာစာအုပ်ကြီးများလဲ ဆရာ'

ဟု မေးလိုက်၏။

'အင်စိုက်ကလိုမီးဒီးယားအောဖ်အင်းဆက်တဲ့၊ မြန်မာလို ပြောရရင်တော့ ပိုးမွှားစွယ်စုံကျမ်းပေါ့ကွာ၊ ဒီစာအုပ်ရဲ့ ဘီအက္ခရာအောက်မှာ အခုတွေ့နေရတဲ့ ဖျားကောင်တွေအကြောင်း ရေးထားတာ ပါတယ်'



www.burmeseclassic.com

www.burmeseclassic.com



ဆားပုလင်းနှင်းအောင် လှန်ပြသောစာမျက်နှာကို မောင်ထွန်းမောင် ကြည့်လိုက်၏။

မောင်ထွန်းမောင်က အင်္ဂလိပ်လို မကျွမ်းကျင်သော်လည်း 'ဘီအီးအီးဘီး' ဆိုတာလောက်တော့ နားလည်၏။

ထိုနေရာတွင် ပျားကောင်တချို့၏ပုံကို ဆေးရောင်စုံဖြင့် ရိုက်နှိပ်ဖော်ပြထားသည်ကို တွေ့ရ၏။

ပျားတစ်ကောင်၏ပုံမှာ 'မနုနု' သေဆုံးစဉ်က မော်တော်ကား ကြမ်းပြင်ပေါ်မှကောက်ရခဲ့သော ပျားကောင်၏ပုံနှင့် အတော်ပင် တူသည်ကို တွေ့ရ၏။

ထိုပျားကောင်မှာ မြန်မာပြည်တွင် တွေ့ရလေ့ရှိသော ပျားကောင်မျိုးထက် မသိမသာ ပိုမိုကြီးမားကာ မြန်မာပျားကဲ့သို့ ဝါကာကာအရောင်မဟုတ်ဘဲ အညိုဘက်သို့ လုကာနီရွှေရွှေ ဖြစ်နေသည်ကို တွေ့ရလေ၏။

'ဘယ်ကပျားလဲ ဆရာ၊ ဘာတွေရေးထားသလဲ'

'ဒီပျားဟာ ပျားမျိုးပေါင်းတော်တော်ရှိတဲ့အထဲက လူကိုသေ[illegible]တ်တဲ့ အဆိပ်ရှိလို့ ထူးထူးခြားခြား မှတ်တမ်းတင်





ထားတဲ့ပျားပဲ၊ ဘော်နီယိုကျွန်းက တောနက်မှာသာရှိတတ်တဲ့ ပျားပဲဗျ၊ ဒေသခံတိုင်းရင်းသားတွေကတော့ ဒီပျားကို သေမင်းပျားလို့ ခေါ်ကြတယ်'

'ဒီလောက်ဝေးလံတဲ့ ဘော်နီယိုကျွန်းက ပျားတွေ ကျွန်တော်တို့ဆီ ဘယ်လိုလုပ်ရောက်လာတာလဲဆရာ'

'ရည်ရွယ်ချက်နဲ့ တစ်ယောက်ယောက်က တမင်ယူဆောင်လာလို့ပေါ့'

'အင်း…ဘော်နီယိုကျွန်းက ဧည့်သည်ပေါ့နော်'

'ဧည့်သည်ဆိုပေမယ့် ဧည့်ကောင်းတော့ မဟုတ်ဘူးကွ'

ထိုစဉ် တံခါးခေါက်သံ ပေါ်ထွက်လာ၏။

'ခေါက်… ခေါက်… ခေါက်…'

တံခါးဖွင့်ပေးလိုက်သောအခါ တံခါးဝတွင် မမူယာနှင့် လူရွယ်တစ်ဦးရပ်နေသည်ကို တွေ့ရ၏။

ထိုလူရွယ်ကိုတွေ့လိုက်ရသည်နှင့် ဆားပုလင်းနှင်းအောင်က ထိုလူရွယ်ကို နှုတ်ဆက်လိုက်၏။

'ကိုရန်မြင့် ခင်ဗျားဘယ်တုန်းက ရန်ကုန်ရောက်သလဲ၊ မမူယာနဲ့စေ့စပ်ထားတဲ့လူက ခင်ဗျားပေါ့'



www.burmeseclassic.com

www.burmeseclassic.com



'ဟုတ်ပါ့ဗျာ၊ စုံထောက်ကြီး ခန့်မှန်းချက်က တစ်ချက်
လွဲဘူး'

'ကဲ… ဝင်လေဗျာ'

ညှို့ခန်းထဲဝင်လာသော စုံတွဲကို ကြည့်၍ နေနဲ့လ၊ ရွှေနန်း
ပမာ အတော်ပင် လိုက်ဖက်ညီသောအတွဲ ဖြစ်သည်ဟု
မောင်ထွန်းမောင်က မှတ်ချက်ချလိုက်၏။

ဆားပုလင်းနှင်းအောင်သည် ပြည်လမ်းအိမ်ကို အမှုကိစ္စ
အတွက် ဝင်ထွက်သွားလာရင်း မမူယာသည် နယ်မှမြို့အုပ်
ကလေးတစ်ယောက်နှင့် လက်ထပ်ရန်စေ့စပ်ထားကြောင်း ဆား
လင်းနှင်းအောင်သိခဲ့ရ၏။

သို့သော် စပ်စုရာကျမည်စိုးတာက တစ်ကြောင်း၊ အမှုနှင့်
မပတ်သက်သည်ကတစ်ကြောင်း ထိုမြို့အုပ်မှာ မည်သူမည်ဝါ
ဖြစ်ကြောင်းမမေးခဲ့မိချေ။

အခုမှ ဆားပုလင်းနှင်းအောင်နှင့် တက္ကသိုလ်တွင် ကျောင်း
နေဖက်ဖြစ်သော 'ကိုရန်မြင့်'ဖြစ်နေတာ သိရတော့၏။

ဆားပုလင်းနှင်းအောင်က ကိုရန်မြင့်နှင့် မောင်ထွန်းမောင်
အား မိတ်ဆက်ပေးလိုက်၏။





'ဒီမှာ အမှုအခင်းတွေဖြစ်နေရုံမကဘူး၊ သူတို့သားအမိပါ
အန္တရာယ်ရှိနေတယ်လို့ ဟော့ဒီက 'မမူယာ'ဖုန်းဆက်ပြောတာနဲ့
ကျွန်တော်လည်း အလုပ်ကခွင့်ယူပြီး ရန်ကုန်ဆင်းလာခဲ့ရတာပဲ
ကိုနှင်းအောင်'

'ကောင်းပါတယ်ဗျာ၊ မမူယာတို့သားအမိကို အနီးကပ်စောင့်
ရှောက်ဖို့ လူတစ်ယောက်လိုနေတာနဲ့ အတော်ပဲ၊ ဒါထက် ခင်ဗျား
မှာလိုင်စင်နဲ့ကိုင်တဲ့ သေနတ်တော့ရှိပါတယ်နော်'

'ကျွန်တော့်အလုပ်ကလည်း ဒီလိုလက်နက်နဲ့ ကင်းကွာလို့ရ
တာမှ မဟုတ်တာ၊ အခုလာတာတောင် ပါလာတယ်'

ကိုရန်မြင့်က သူ့ကုတ်အင်္ကျီညာဘက်အိတ်ကို လှစ်ပြလိုက်
၏။

အမှန်တော့ ကိုရန်မြင့်ဝင်လာကတည်းက လိုအပ်သည်ထက်
လေးတွဲကျနေကာ သေနတ်ဒင်ရာပင် ထင်နေသော ကုတ်အင်္ကျီ
ကို ကြည့်၍ ဆားပုလင်းနှင်းအောင်သာမက ထွန်းမောင်ကပါ
သေနတ်တစ်လက် ထည့်ယူလာခြင်းဖြစ်ကြောင်း သတိထားမိ
ခြင်း ဖြစ်၏။

'အေးဗျာ… ပစ်ရခတ်ရတဲ့အဆင့်ထိ ရောက်ချင်မှရောက်



www.burmeseclassic.com

www.burmeseclassic.com



မှာပါ၊ ဘာပဲဖြစ်ဖြစ် ခင်ဗျားရောက်လာတဲ့အတွက် မမူယာတို့ သားအမိအတွက် ကျွန်တော်တို့ တစ်စိတ်တစ်ဒေသ စိတ်အေးရ ဘာပေါ့၊ အမှန်ပါပဲ'

ကိုရန်မြင့်က စုံစမ်းမေးမြန်းလာသဖြင့် သိသင့်သိထိုက်သော အချက်အလက်တချို့ကို ဆားပုလင်းနှင်းအောင်က ပြောပြလိုက်၏။

'သူ့ကိုလည်း မေမေက သိုက်စောင့်ဗျားတွေအကြောင်း ပြောပြထားတယ် ကိုနှင်းအောင်ရဲ့'

မမူယာက ဝင်ပြောလိုက်၏။

'ဒီဗျားတွေက ဘော်နီယိုကျွန်း ဗျားတွေဆိုတာက…'

ဆားပုလင်းနှင်းအောင်က ဝင်ရှင်းပြ၏။

'အေးလေဗျာ၊ ကျွန်တော်ကလည်း ယုံတယ်လို့ မပြောပါဘူး၊ သူ့ဘိုးက ရွှေနန်းသိင်္ဂီသိုက်ကလာတယ်၊ သိုက်ချုပ်က စိတ်ဆိုးနေသေးလို့လည်း ပြောတယ်၊ အခုရောက်လာတဲ့စာတွေကလည်း ရွှေနန်းသိင်္ဂီလို့ နာမည်ရေးထိုးထားလေတော့…'

ကိုရန်မြင့်စကားကို ဆားပုလင်းနှင်းအောင်က ဖြတ်ပြောလိုက်၏။





'ရွှေနန်းသိင်္ဂီဆိုတဲ့ စာလုံးကတော့ တိုက်ဆိုင်မှုဖြစ်ပါလိမ့် ဥစ္စာစောင့်ကပေးတာ ဘယ်နှယ်လုပ် လက်ခံနိုင်စရာရှိတော့မလဲ'

ဆားပုလင်းနှင်းအောင် စကားကြောင့် အားလုံးငြိမ်ကျသွား၏။ ကိုရန်မြင့်က…

'ဒီလိုဆိုရင် ကျွန်တော်တို့သတိထားကြရမှာက ကျွန်တော်တို့ဆီကိုရောက်လာနိုင်တဲ့ အလားတူစာပဲပေါ့ဟုတ်လား'

ဟုမေး၏။ ဆားပုလင်းနှင်းအောင်က…

'အင်း… ဒီစာကို သတိထားနေမယ်ဆိုလည်း မမှားဘူး၊ ဒါပေမယ့် ဒီလိုအမွေးနံ့ခွဲနေတဲ့ စာကိုပေးပြီး လုပ်ကြံတဲ့နည်းကို ကျွန်တော်တို့ရိပ်မိပြီထင်ပြီး သူတို့ဆက်သုံးချင်မှသုံးတော့မှာပေါ့၊ ဒါတွေကို စီစဉ်တဲ့လူက တော်တော်ဉာဏ်သွားတဲ့လူဆိုတော့ နည်းတစ်နည်းကို ပြောင်းပြီးကြံစည်လိမ့်မယ်ထင်တယ်၊ တစ်ခုက ခင်ဗျားတို့ဆီကို ဗျားနဲ့လွှတ်ပြီး လုပ်ကြံမယ်ဆိုရင် ဗျားနဲ့ကိုတော့ လုပ်ကြံခံရမယ့်လူဆီ မရောက်ရောက်အောင် ပဲ၊ ဘယ်နည်းနဲ့ပို့မယ်ဆိုတာ ပြောလို့မရပေမယ့် အမွှေးနံ့နဲ့ ရောက်လာရင် သတိထားနေဖို့ ကောင်းတယ်'



www.burmeseclassic.com

www.burmeseclassic.com



'ကျွန်မကို မိတ်ဆွေတစ်ယောက်က တစ်လောကဲ
တစ်ပုလင်းလက်ဆောင်ပေးတယ်၊ ကျောင်းနေဘက် သူငယ်
ဆိုပါတော့'

'မမှုယာ'က ဝင်ပြော၏။ ဆားပုလင်းနှင်းအောင်က

'ဘာပဲဖြစ်ဖြစ် အခုလောလောဆယ်မှာတော့ အဲဒီ
ကို မသုံးဘဲနေရင် အကောင်းဆုံးပဲ၊ ဖြစ်နိုင်ရင် အဲဒီရေမွှေး
ကို ကျွန်တော်ဆီပို့ပေးပါ၊ ကျွန်တော် စစ်ဆေးကြည့်ချင်

'ရပါတယ်၊ ကျွန်မလာပို့ပေးပါမယ်'

'ခင်ဗျားအမေကော'

'အမေက ကျွန်မတို့ပြောပြလို့လည်း မရဘူး၊ အခုအ
လမ်းဆရာတစ်ယောက်နဲ့ အိမ်မှာအလုပ်ရှုပ်ကျနေခဲ့တယ်၊
ငှက်ပျောပွဲတွေ၊ ဝိတ်ဖြူတွေ၊ ကြိုးနီ၊ ကြိုးဝါတွေနဲ့ ဘာ
မှန်းလည်း မသိဘူး၊ ဆရာလုပ်တဲ့သူကတော့ အသက်(၆၀)
လောက်ရှိပြီ၊ သိုက်မှန်သမျှကို နိုင်တယ်လို့ပြောတာပဲ၊ နာ
'ပထမံဆရာတောက်'တဲ့'

ဆားပုလင်းနှင်းအောင် သက်ပြင်းချကာ…

'အေး ဟုတ်၊ လူကြီးတွေ တစ်ယူသန်ဖြစ်နေတာကတော့





တယ်၊ သူ့အတွက် အန္တရာယ်မရှိဘူးဆိုရင်လည်း ..တ်
လိုက်ပေါ့ဗျာ၊ သူစိတ်ချမ်းသာဖို့ကလည်း အရေးကြီးတယ်
လား၊ ဒါနဲ့ 'ပထမံဆရာတောက်'ဆိုတဲ့လူက ဘယ်ကနေ
လာတာလဲ'

'ကျွန်မ ယောက်မဆုံးသွားတဲ့ မနုနုရဲ့မိဘတွေဆီက ရောက်
ပဲ၊ ခမည်းခမက်နှစ်ယောက်စလုံးက ဒီဆရာကို တော်
ဆုံးကြည်နေကြတယ်'

'အင်းလေ… ကျွန်တော်လာပြီး အကဲခတ်ပါဦးမယ်၊ ကဲ…
ော့ ကျွန်တော့်သူငယ်ချင်းနဲ့ ပြန်ဆုံတဲ့အထိမ်းအမှတ်နဲ့
ာက ကျွေးပါရစေ'

ောင်ထွန်းမောင်က ထိုင်ရာမှထလိုက်၏။

ကျွန်တော်တော့ ခွင့်လွှတ်ပါ ဆရာ'

ာ… ဘာဖြစ်တာလဲ ထွန်းမောင်၊ အစားအသောက်ဆို
ယ်တုန်းက ငြင်းဖူးလဲ'

ဒီတစ်ခါတော့ ငြင်းပါရစေဆရာ၊ နောက်တစ်ခါနှစ်ခေါက်
ပြမယ်၊ ကျွန်တော် ညနေဘက် အရေးတကြီးလိုက်စရာ
ရှိလို့ပါ၊ ပန်ထွာလက်ကောက်ကိစ္စ ဆရာရဲ့'



www.burmeseclassic.com

www.burmeseclassic.com



'လက်သည် ပေါ်ပြီလား'

ထွန်းမောင်က မမူယာတို့စုံတွဲကို တစ်ချက်အကဲခတ်

ကြည့်လိုက်၏။

'အချက်အလက်တွေအားလုံးက စောရမောင်မောင်

ညွှန်ပြနေတယ်ဆရာ'

၆၈



# စောရမောင်မောင်သေပြီ

စောရမောင်မောင်ဆိုသည်ကား မြေအောက်လောကဟုခေါ်သော ဒုစရိုက်လောကအတွင်း ခိုးယူရာ၌ ကျင်လည်လွန်းသူဟု အမည်တစ်လုံးရနေသူဖြစ်၏။ စောရမောင်မောင်သည် ခိုးဝှက်ခြင်းဟူသော ဒုစရိုက်မှုကလွဲ၍ ကျန်သောဒုစရိုက်မျိုးကို မကျူးလွန်သူလည်းဖြစ်၏။

လုယက်မှု၊ ဓားပြမှု၊ လူသတ်မှုစသော အမှုကြီးများကို 'စောရမောင်မောင်'သည် ကျူးလွန်လေ့မရှိချေ။

မခိုးဘဲနှင့်တော့ သူမနေနိုင်။

သူသည် 'စော်ရနှုက္ခတ်' နှင့်ယှဉ်ကာ မွေးသူပေလားမသိ။

နိုးဝှက်မှု၊ ကျူးလွန်ရာ၌ ပါရဂူမြောက်သူကတစ်ဦးဖြစ်၏။

သူကသာ အလိုရှိသည်ဆိုလျှင် သံကွန်ခြာခုနစ်ထပ်အုပ်ကာ အတယ်မှုအစောင့်အကြပ်ထူပြောစွာချထားသည်ဖြစ်စေ ရအောင် ခိုးနိုင်သည်သာ ဖြစ်၏။

ထိုကဲ့သို့ အရည်အချင်းများကြောင့်လည်း ပင့်ကူနီဂိုဏ်းက သူ့ကိုဆက်သွယ်ကာ အလုပ်တစ်ခုပေးအပ်ခဲ့ခြင်း ဖြစ်၏။

'ပင့်ကူနီဂိုဏ်း' ဆိုသည်မှာ လူအင်အားအသင့်အတင့်တောင့် တင်းသော မြေအောက်လောကသားများအပေါ်တွင် အတော် အတန်ဩဇာသက်ရောက်သော အဖွဲ့အစည်းဖြစ်၏။

'ပင့်ကူနီဂိုဏ်း' ခေါင်းဆောင် 'ပင့်ကူနီဦးအုန်း' ဆိုသော လူကြီးနှင့်သူ့တပည့်လူထွားကြီး 'မုန်တိုင်းစိုးဒင်' တို့ကို မြေ အောက်လောက တော်တော်များများကပင် ရှိသေလေးစားကြ၏။

ဤနှစ်ဦးမှာ ရက်စက်စရာရှိလျှင် သူမတူအောင် ရက်စက် တော်သော ကြမ်းကြုတ်သူများဟု သိထားကြသောကြောင့်ဖြစ် ၏။

သူငှို့နှစ်ယောက်၏ ပြတ်ပြတ်သားသား ဆောင်ရွက်မှုကြောင့်





ည်း 'ပင့်ကူနီဂိုဏ်း' ကို လူတွေလေးစားနေကြခြင်းဟု ယူဆ တင်းယူဆနိုင်၏။

'ဦးအုန်း' နှင့်သူ့တပည့် 'မုန်တိုင်းစိုးဒင်' တို့က 'စောရမောင် င်' ကို ခေါ်ယူတွေ့ဆုံကာ လုပ်ငန်းတစ်ခုအပ်ခဲ့၏။

ပြတိုက်ထဲမှ ရှေးဟောင်းပစ္စည်းတစ်ခုဖြစ်သော ဖန်ထွာတုရုပ်မ ကောက်ကို သူတို့အတွက် ဖောက်ထွင်းခိုးယူပေးဖို့ပင်ဖြစ်၏။

သူရမည့် အဖိုးအခကလည်း မကော်မောလောက်ပေ၏။

စောရမောင်မောင်သည် တစ်ကိုယ်တော် သူခိုးတစ်ယောက် ြစ်ကာ ထိုက်တန်သော အခကြေးငွေသာ ရရှိပါက မည်သည့် အစည်းအတွက်မဆို မည်သူ့အတွက်မဆို အလုပ်လုပ်ပေးရန် င့်ရှိနေသူဖြစ်သဖြင့် လက်ခံလိုက်၏။

ပြတိုက်ထဲမှ ပစ္စည်းကို ဖောက်ထွင်းခိုးယူရသည်မှာ သူ့ တ် ဒူးရင်းသီးအခွံနွာစားရသလောက်သာ ခက်ခဲပေသည်။

သို့သော်… 'စောရမောင်မောင်' လက်ထဲ ပစ္စည်းရောက် ည် နှင့် စောရမောင်မောင်သည် ရန်ကုန်မြေမှ ခေတ္တခြေရာ ထ်ကာ ပုန်းအောင်းနေခဲ့လေ၏။

ချက်ချင်း 'ဦးအုန်း' တို့နှင့် အပေးအယူမလုပ်ရဲပေ။

www.burmeseclassic.com



ပုလိပ်ဘက်ကလည်း ဤလိုဖောက်ထွင်းခိုးယူမှုမျိုးဖြ
ကြုံလျှင် စောရမောင်မောင်ကိုသာ ဦးစွာမသင်္ကာဖြစ်လိမ့်မည်
စောရမောင်မောင်သိထားပြီးဖြစ်၏။

သူအတန်ကြာအောင် ခြေရာဖျောက်နေပြီးမှ ရန်ကုန်သို့ပြ
လည်ဝင်ရောက်ခဲ့လေ၏။

သူယခင်နေထိုင်ရာ အခန်းသို့မပြန်ရဲဘဲ ကန်ဘဲ့တွင်ရှိသော
ဘော်ဒါဆောင်တစ်ဆောင်တွင် ဝင်ရောက်ခဲ့လေ၏။

ဤဘော်ဒါဆောင်ပိုင်ရှင် အဘိုးကြီးဦးအံ့ထွန်းမှာ တစ်ခါက
လူဆိုးကြီးတစ်ဦးဖြစ်ခဲ့ဖူး၏။

သို့သော်… သူ့ဘော်ဒါဆောင်သည် သွေးရိုးသားရိုးမဟုတ်
သော ဒုစရိုက်သမားအချို့၏ လူလုံးပျောက်ရန် ခိုအောင်းရာအသ
တစ်ခုဖြစ်မှန်း မသိဖြစ်၍ နေလေ၏။

သူကလည်း တစ်ခါက ဒုစရိုက်လောကနှင့် မကင်းခဲ့သူပီ
ထိုသောကသားများအပေါ် စိတ်ဖြတ်နိုင်သူဖြစ်ရာ အရေးကြုံသ
ဖြင့် စောရမောင်မောင်ကိုယ်တိုင်ပင် ဤအဆောင်တွင် နှစ်ကြိမ်
သုံးကြိမ်ခန့် ပုန်းခိုခဲ့ဖူး၏။

စောရမောင်မောင်က ဤအဆောင်တွင် ပုန်းခိုနေရင်း ဦးအုန်း





တို့နှင့် အဆက်အသွယ်ယူမည်ဟု စိတ်ကူးထား၏။

သို့သော်… ဦးအုန်းနှင့်မဆက်သွယ်ရသေးခင် 'စောရမောင်
မောင်'ကို 'ရွှေနန်းသီဂီ နှင့် ဘီလူးယက္ခ'တို့ စောင့်ဆက်သွယ်
လာ၏။

'စောရမောင်မောင်' အပြင်က ပြန်လာသောအခါ အခန်းထဲ
တွင် ထိုင်စောင့်နေကြသော ရွှေနန်းသီဂီနှင့် ဘီလူးယက္ခတို့ကို
တွေ့ရလေ၏။

ရွှေနန်းသီဂီသည် စောရမောင်မောင်ကြားဖူးထားသလိုပင်
အနက်ရောင်ဝတ်စုံနှင့် မျက်နှာဖုံးအနီတစ်ခုကို တပ်ဆင်ထား၏။

ခါးတွင် လိမ်ခွေထားသော ကျာပွတ်အနက်တစ်ချောင်းကို
ချိတ်ဆွဲထား၏။ ဘီလူးယက္ခကတော့ ရွှေနန်းသီဂီနှင့်ဆန့်ကျင်စွာ
သန့်ရှင်းသပ်ရပ်သော အဖြူရောင်အနောက်တိုင်းဝတ်စုံတစ်စုံကို
ဝတ်ဆင် ထားလေ၏။

'မင်းဆီမှာ ပတ္တမြားလက်ကောက်ရှိနေတာ တို့သိထားပြီ၊
ဒီတော့ မင်းဘယ်လောက်နဲ့ ပြန်ရောင်းမလဲဆိုတာ တို့သိချင်
တယ်'

'ရွှေနန်းသီဂီ'၏အသံမှာ မာကျောသလိုရှိသော်လည်း ချိုလွင်



www.burmeseclassic.com

www.burmeseclassic.com



လှသည်ဟု စောရမောင်မောင် ခံစားရ၏။

စောရမောင်မောင်က ခေါင်းယမ်းပြလိုက်၏။

'ကျွန်တော့်မှာ ရောင်းပိုင်ခွင့်မရှိပါဘူး၊ ဒီပစ္စည်းလေးက ကျွန်တော့်ပစ္စည်းလည်း မဟုတ်ပါဘူး၊ ကျွန်တော့်ကို ပင့်ကူနီဂိုဏ်းက ငွေပေးခိုင်းလို့ ကျွန်တော်က ဆောင်ရွက်ပေးရတာပါ'

ဘီလူးယက္ခက…

'မင်းဟာ တော်တော်'အ'သေးတာပဲ စောရမောင်မောင်၊ မင်းနာမည်ကို 'ခွေးအမောင်မောင်'လို့တောင် ပြောင်းဖို့ကောင်းနေပြီ၊ ပင့်ကူနီဂိုဏ်းက အဲဒီလက်ကောက်ကို ထုတ်ရောင်းဖို့ ခိုင်းထားပြီးသားကွ၊ မင်းရတဲ့ပိုက်ဆံတွေက သူတို့ရတာနဲ့စာရင် ပြောပလောက်တာမဟုတ်ဘူး၊ တို့က မင်းကို ထိုက်တန်အောင် ပေးမှာ'

ရွှေနန်းသိင်္ဂီကလည်း…

'ဟုတ်ပါတယ် စောရမောင်မောင်၊ မင်း စရံယူထားတဲ့ သူတို့ငွေကိုပြန်အမ်းလိုက်ပေါ့၊ မင်းကိုပင့်ကူနီဂိုဏ်းက အနှောင့်အယှက်မပေးရအောင် တို့ တာဝန်ယူတယ်'

စောရမောင်မောင်က ခေါင်းကိုခါမြဲခါလျက်…





'ဒါမျိုးကို ကျွန်တော့်တစ်သက်မှာ တစ်ခါမှ မလုပ်ခဲ့ပါဘူး၊ ကျွန်တော်ဟာ သူခိုးဆိုပေမယ့် ကိုယ့်အလုပ်ရှင်အပေါ်မှာတော့ သစ္စာရှိတယ်ဆိုတဲ့ နာမည်တစ်လုံးကို စောင့်ရှောက်တဲ့သူပါ၊ ဒီတော့…'

'စောရမောင်မောင်'စကားမဆုံးခင် ဘီလူးယက္ခက ဖြီးကာ…

'စောရမောင်မောင် မင်းဟာ တကယ်ပဲ ခွေးအမောင်မောင်လို့ နာမည်ပြောင်းဖို့ကောင်းတယ်၊ မင်းကို ငါတို့က အပေးအယူလုပ်နေတာဟာ လူသတ်ရမှာ ပျင်းလို့ကွ၊ ဒီပစ္စည်းဟာ မင်းကိုယ်မှာပဲရှိရမယ်၊ မင်းကိုတို့သတ်မယ်ဆိုရင် ငွေလည်း ကုန်မှာမဟုတ်ဘူး'

စောရေမောင်မောင်က သူနှင့်အနီးဆုံးအထဲမှ ခြောက်လုံးပြူးကို ဆွဲထုတ်လိုက်၏။

သို့သော် ဖြုန်းခနဲအသံနှင့်အတူ ရွှေနန်းသိင်္ဂီ၏ ကျာပွတ်နက် အဖျားကသာ သေနတ်ကိုင်ထားသော စောရမောင်မောင်လက်ကောက်ဝတ်ကိုလာရောက်ရစ်ပတ်ဆွဲယူတာ ခံလိုက်ရတာ ယောင်



www.burmeseclassic.com

www.burmeseclassic.com



ထဲမှ သေနတ်လည်း လွှင့်စဉ်ထွက်သွား၏။

တစ်ဆက်တည်းမှာပင် ဘီလူးယက္ခပစ်လိုက်သော ဓားမြှောင်က စောရမောင်မောင်၏ဘယ်ဘက်ရင်အုံထဲကို ရွှေရောင်လက်ကိုင်ရိုးမြုပ်သည်အထိ နစ်မြုပ်ဝင်ရောက်သွားလေ၏။

ဝဝ



## ရွှေနန်းသိင်္ဂီ နှင့် ရင်ဆိုင်ရခြင်း

ဘော်ဒါဆောင်အောက်ရှိ အခန်းထဲတွင် သေဆုံးနေသော ...အုံထွန်း၏အလောင်းကို မြင်သည်နှင့် ဆားပုလင်းနှင်းအောင် ... အခြေအနေကို ရိပ်စားမိသွားလေ၏။

ဦးအုံထွန်း၏နဖူးတည့်တည့်တွင် သူ့ကိုယ်မှထွက်သောသွေး... ခတ်နှိပ်ထားသောအရိုးခေါင်းပုံတစ်ခုကို တွေ့ရကတည်းက ...လူးယက္ခ ဤနေရာသို့ ရောက်ရှိနေပြီဖြစ်ကြောင်း သဘော...က်၍သွား၏။

ပြတိုက်ဖောက်ထွင်းခိုးယူမှု၏ ကျန်ခဲ့သော လက်စလက်န...သွန်စတွေက 'စောရမောင်မောင်' ဆီကိုသာ ညွှန်ပြနေသော်



www.burmeseclassic.com

www.burmeseclassic.com



လည်း စောရမောင်မောင်ကတော့ ဤရက်ပိုင်းအတွင်း ပျော ခြင်းမလှ ပျောက်နေခဲ့၏။

တမင် မြေလျှိုးကာ ကိုယ်ယောင်ဖျောက်နေခဲ့ခြင်း ဖြ ရန်ကုန်မြေအောက်လောကတွင် မြေလှန်ရှာဖွေသော်လည်း စေ မောင်မောင်၏အရိပ်အယောင်ကိုပင် မမြင်ရ၏။

နောက်ဆုံးတွင် နယ်ရှိသူ့မိန်းမရှိရာ ရွာတွင် ခြေရာဖျော ကာ သွားပုန်းအောင်းနေခြင်းဖြစ်မည်ဟု ထွန်းမောင်က ယူဆ နယ်သို့ ထွက်ခွာသွားလေ၏။

မောင်ထွန်းမောင်နယ်သို့ သွားခိုက်တွင် ဆားပုလ နှင်းအောင် သတင်းရ၏။

စောရမောင်မောင် ရန်ကုန်တွင် ပြန်ရောက်နေကာ တ ရာတွင် ခိုအောင်း၍ပန်ထွာမင်းသမီး၏လက်ကောက်ကို အရော အဝယ်လုပ်တော့မည်ဟု…

သူရောက်လာတာ နည်းနည်းနောက်ကျသွားပြီဟု ဆားပုလ နှင်းအောင်က တွက်လိုက်၏။

ဦးအုံထွန်းအခန်းမှာ ထွက်ကာ အပေါ်ထပ်သို့အပြေးအလွ တက်လာခဲ့လေ၏။





ပြီးတော့ ခပ်ဟဟဖြစ်နေသော အခန်းထဲသို့ ခုန်ကာဝင် လိုက်၏။

သူ့ရင်ဘတ်ဘယ်ဘက်အောက်တွင် ပခုံးသိုင်းစလွယ်အိတ် နှင့် ထည့်ထားသော ခြောက်လုံးပြူးသေနတ်ကိုပါ တစ်ပြိုင်နက် ဆွဲထုတ်ကာ ချိန်ပြီးသားဖြစ်နေလေ၏။

ဆားပုလင်းနှင်းအောင် ထင်သည့်အတိုင်းပင် ဧည့်ခန်းထဲတွင် စောရမောင်မောင်သည် လဲကျသေဆုံးနေပြီးဖြစ်သော စောရ မောင်မောင်၏အနားတွင် ဝတ်စုံဖြူဝတ်ဆင်ထားသော အရပ်မြင့်မြင့် သူလက်ပိုင်းအရွယ် လူတစ်ယောက်ရပ်နေသည်ကိုတွေ့ရလေ၏။

ထိုလူ၏ အမူအယာမှာ အေးဆေးတည်ငြိမ်ကာ ရုတ်တရက် အန္တရာယ်ပြုမည့်ပုံ မပေါ်သဖြင့် သေနတ်မောင်းခလုတ်ပေါ်တွင် တင်ထားသည့် ညှစ်ဆွဲလုနီး သူ့လက်ညှိုး၏အရှိန်ကို ဆားပုလင်း နှင်းအောင်က ရပ်တန့်ပစ်လိုက်ရ၏။

ထိုအချိန်မှာပင် ဆားပုလင်းနှင်းအောင်ဘေးခါးနောက်ကွယ် ရှ… ရှမ်းခန်အသံတစ်သံ ထွက်ပေါ်လာ၏။

ဆားပုလင်းနှင်းအောင် အခိုက်အတန့် သတိလစ်ဟင်းခိုက်ကို တစ်ဖက်ရန်သူက မိမိရရအသုံးချလိုက်ခြင်းပင်ဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com



ဤအခန်းထဲတွင် ရန်သူတစ်ယောက်တည်းရှိလိမ့်မည်ဟု တွက်ဆမိလိုက်ခြင်းမှာလည်း ဆားပုလင်းနှင်းအောင် အမှားပင် ဖြစ်လေ၏။

မြွေတစ်ကောင်လို မဲနက်ပျော့ပျောင်းသော ကျာပွတ်တန် ချောင်းက သေနတ်ကိုင်ထားသော ဆားပုလင်းနှင်းအောင်လက် ကောက်ဝတ်သို့လာ၍ ရစ်ပတ်မိကာ လျှပ်စစ်မီးနှင့်အတို့ခံလိုက်ရ သလိုဆားပုလင်းနှင်းအောင်လက်ကောက်ဝတ်တွင် ပူခနဲနာကျင် သော ဝေဒနာကို ခံစားလိုက်ရ၏။

ကျာပွတ်သမားမှာ ဝတ်စုံနက်ဝတ်လာသော မိန်းကလေး တစ်ဦးဖြစ်ကာ မျက်နှာပေါ်တွင် မျက်နှာဖုံးအနီတစ်ခု တပ်ဆင် ထားသည်ကို တွေ့ရသဖြင့် ဤအခန်းထဲတွင် သူနှင့်ရင်ဆိုင်နေရ သူနှစ်ဦးမှာ 'ရွှေနန်းသီဂီနှင့်ဘီလူးယက္ခ' တို့ပင်ဖြစ်ကြောင်း ဆား ပုလင်းနှင်းအောင် ရိပ်စားမိ၏။

ဆားပုလင်းနှင်းအောင် မျက်လုံးတွေက ဘီလူးယက္ခဆီ ရောက်သွားလေ၏။

ယက္ခက သူ့ဘယ်ဘက်လက်ကို တံတောင်ဆစ်မှနေ၍ ကွေး ညွှတ်ထိုးထ၏။ သူ့လက်ဖျံအတွင်းတွင် ဝှက်ထားသောဓားကို





လိုက် ခြင်းပင်ဖြစ်၏။

တစ်ဆက်တည်းမှာပင် ရွှေနန်းသီဂီက ဆားပုလင်း အောင်၏လက်ကောက်ဝတ်ကို ရစ်ပတ်ထားဆဲဖြစ်သော ကျာ ကို ဆောင့်ဆွဲယူလိုက်ကာ လက်ထဲက သေနတ်လွင့်စဉ် မိမှာပင် ဆားပုလင်းနှင်းအောင်က လက်ထဲမှ လွှတ်ချလိုက် လေထဲတွင်ဒိုင်ဗင်ထိုး၍ ဘယ်လက်ဖြင့် ပြန်လည်ဖမ်းယူ ၏။

အရေးကြုံပါက သေနတ်ကို ဘယ်လက်နှင့်ရော ညာလက် ကြုံသလို ပစ်ခတ်နိုင်စေရန် ဆားပုလင်းနှင်းအောင်သည် နှစ်အလလက ကြိုတင်ပြင်ဆင်ထားခဲ့၏။

ထို့ကြောင့်လည်း ဘယ်လက်ထဲရောက်သော သေနတ်ဖြင့် မှ ယက္ခကိုချိန်ရွယ်ပစ်ခတ်လိုက်၏။

ထိုအချိန်၌ ယက္ခသည် ဓားကိုပေါက်ရန် ချိန်ရွယ်ပြီးဖြစ်နေ

သို့သော် ယက္ခထက် ဆားပုလင်းနှင်းအောင်က ကျည်ဆန် လျင်မြန်နေလေ၏။

ဆားပုလင်းနှင်းအောင် ပစ်ခတ်လိုက်သော ကျည်ဆန်



www.burmeseclassic.com

www.burmeseclassic.com



ယက္ခပခုံးစွန်းကို ထိမှန်ကာ အနီးကပ်ပစ်ခတ်မှု၏ ပြင်းထ...
ကြောင့် ဘီလူးယက္ခနောက်ပြန်လွင့်စဉ်လဲကျသွားလေ၏။

ဆားပုလင်းနှင်းအောင်ကို တစ်ဖက်က ရွှေနန်းသိင်္ဂီက ...
ပွတ်နှင့်တုပ်ကာ ဆွဲဆောင်လိုက်ခြင်းကြောင့် အရှိန်ပျက်ကာ ...
မှန်လွဲချော်သွားခြင်းဖြစ်၏။

ဆားပုလင်းနှင်းအောင် ချိန်ရွယ်လိုက်သော ပစ်မှတ်အ...
မှာ နဖူးတည့်တည့်ကိုသာ ဖြစ်၏။

ကြမ်းပြင်တွင် ဆားပုလင်းနှင်းအောင်က လိမ့်ကာထွက်...
၏။

ညာဘက်လက်သည် ကျာပွတ်ဒဏ်လွတ်၍ သွား၏။

ဘယ်ဘက်လက်က ခြောက်လုံးပြူးကို အသုံးချခွင့်မရ...
လေ၊

ကျာပွတ်က တရှီးရှီးမြည်ကာ ဆားပုလင်းနှင်းအောင်...
ကိုယ်ဆီ ဝင်လာသဖြင့် ကြမ်းပြင်ပေါ်တွင် လိမ့်ကာ ရှောင်...
၏။ တစ်လိမ့်ပြီးတစ်လိမ့်။

ဆားပုလင်းနှင်းအောင် အခန်းအပြင်သို့ ရောက်သွား...
နှင့် အထဲမှတံခါးကိုတွန်းပိတ်ကာ ဂျက်ချလိုက်၏။

ဆားပုလင်းနှင်းအောင် ထိုင်ရာမှထရပ်လိုက်၏။
ပခုံးစောင်းနှင့်တံခါးကို ဝင်ကာတိုက်၏။
အထဲမှ တံခါးဂျက်မှာ ခိုင်ခံလှ၏။

ဆားပုလင်းနှင်းအောင် ပခုံးစောင်းနှင့်နှစ်ခါသာ တိုက်လိုက်...
၏။

အထဲမှ သေနတ်သံများထွက်ပေါ်လာကာ ဆားပုလင်း...
...အောင် ပခုံးနှင့်တိုက်ရာတံခါးကို လာမှန်သဖြင့် တံခါးဘေးနံရံ...
... ကပ်ကာ ရှောင်လိုက်ရ၏။

ပြီးတော့မှ လက်ထဲက သေနတ်ဖြင့် တံခါးဂျက်နေရာကို
...ခတ်ကာ ခြေထောက်နှင့်ကန်ဖွင့်လိုက်လေ၏။

တံခါးသာပွင့်သွားသော်လည်း ဆားပုလင်းနှင်းအောင်က
...ခါးဘေးအကွယ်တွင်ရပ်ကာ ကျန်ခဲ့၏။

အခန်းထဲမှ ဆားပုလင်းနှင်းအောင်ထင်ထားသလို သေနတ်
...သံဆန်များထွက်ပေါ်လာခြင်းမရှိပေ။

သေနတ်ကို ညာဘက်လက်က အသင့်ကိုင်ကာ အခန်းထဲ...
... ခုန်ဝင်လိုက်၏။

အခန်းထဲတွင် ရွှေနန်းသိင်္ဂီရော ဘီလူးယက္ခရော မရှိတော့။



www.burmeseclassic.com

www.burmeseclassic.com



အသက်ကင်းမဲ့နေသော စောရမောင်မောင်၏ ခန္ဓာကိုယ်မှာ ရှော့ဝယောက်ကျနေရစ်ခဲ့လေတော့၏။

ဇွဇ



## မဟာဂန္ဓာရီဂမုန်း

'တကယ့်ပွဲကြီးပွဲကောင်းပဲ ဆရာနှင်းအောင်၊ သူတို့ ဘယ်နေရာက လွတ်သွားတာလဲ'

'အဲဒီအခန်းထဲမှာ ပြတင်းပေါက်တစ်ပေါက်ရှိနေတယ်ကွ၊ (၁၃)ပေလောက်မြင့်တယ်၊ အဲဒီကနေခုန်ချပြီး ထွက်ပြေးသွားကြတာပဲ၊ ငါ့သေနတ်နဲ့ လှမ်းပစ်ဖို့ကြံပေမယ့် အခေါင်က လူတွေနိုးပြီး ခြံဝင်းထဲကလူတွေထိမှာစိုးပြီး လက်လျှော့လိုက်ရတယ်'

စားသောက်ဆိုင်တစ်ဆိုင်တွင် မောင်ထွန်းမောင်နှင့် နှစ်ယောက်သားစားသောက်နေရင်း ကြုံခဲ့ရသမျှကို ဆားပုလင်းနှင်းအောင်က ပြန်လည်ပြောပြနေခြင်း ဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com



'လက်ကောက်ရော ဆရာ'

'ငါလည်း အခန်းထဲမှာ အနှံ့အပြားရှာကြည့်တယ်၊ မတွေ့တော့ဘူး၊ သူတို့ဆီပါသွားပြီနဲ့တူတယ်'

'ကျွန်တော်နဲ့ နည်းနည်းလေးလွဲသွားတာဆရာ၊ ကျွန်တော် နယ်ကိုရောက်တော့ စောရမောင်မောင်က နယ်ကနေပြန်သွားပြီ သူ့မိန်းမဆီ လာခိုအောင်းသွားတာတော့ အမှန်ပါပဲ'

'ငါလည်း စားသောက်ပြီးရင် ပြည်လမ်းအိမ်ဘက်သွား ယိုက်ဦးမယ်၊ သူတို့အခြေအနေလည်း ကြည့်ရင်း၊ သတိပေး စကားလည်းပြောရင်းပေါ့'

သို့ဖြင့်…

စားသောက်ပြီးသောအခါ ဆားပုလင်းနှင်းအောင်တို့ နှ ယောက်ခွဲခွာလိုက်ကြသည်။

လူဆိုးထိန်းမောင်ထွန်းမောင်က ဌာနကိုပြန်သွားကာ ဆားပု င်းနှင်းအောင်က ပြည်လမ်းအိမ်သို့ ထွက်ခဲ့လေ၏။

ပြည်လမ်းအိမ်သို့ရောက်သောအခါ ခြံစောင့်ကတိုက်လက်ဝ ဘေးတွင်ရှိသော မှန်လုံအိမ်သို့ ညွှန်ပြကာ ဒေါ်လေးခင်ရှိ ကြောင်းပြလိုက်သဖြင့် ဆားပုလင်းနှင်းအောင်လည်း အိမ်ထဲမဝင်





ဘဲ ထိုမှန်လုံအိမ်အဆောက်အအုံဘက်ဆီသို့ လျှောက်သွားခဲ့

မှန်လုံအိမ်မှာ သစ်ပင်စိုက်ပျိုးလိုသော ပိုက်ဆံချမ်းသာသူတို့ ာ်းဆောက်လုပ်ထားသော အဆောင်ငယ်လေးသာဖြစ်၏

အလင်းရောင်ရစေရန် ထိုအခန်းကို မှန်အပြည့်ကာရန်ထား

နွေ၊ မိုး၊ ဆောင်း ပြင်ပရာသီဥတုကို ဂရုစိုက်စရာမလိုဘဲ း‌တန်အပင်များကို အချိန်မရွေး စိုက်ပျိုးနိုင်၏။

ထိုမှန်လုံအိမ်အတွင်း အပူ၊အအေးကို လိုအပ်သလို ထိန်းချုပ် နိုင်သော စက်များလည်း တစ်ချို့က တပ်ဆင်ထား၏။

ဆားပုလင်းနှင်းအောင်က ထိုမှန်လုံအိမ်တံခါးကို တွန်းဖွင့်ဝင် းသည်။

အလင်းရောင်ကောင်းစွာရသော မှန်လုံအိမ်အတွင်းတွင် ာင်စုံပန်းများဖူးပွင့်နေသည်ကို တွေ့ရ၏။

ယခင်က ဤတိုက်သို့ မကြာခဏရောက်သော်လည်း အဝေး သော ဤမှန်လုံအိမ်ကို လှမ်းကြည့်ရင်း မြင်ခဲ့ဖူးသည်။ အတွင်း တစ်ခါမှ မရောက်ဖူး။



www.burmeseclassic.com

www.burmeseclassic.com



မှန်လုံအိမ်တစ်ဖက်စွန်း စင်တစ်စင်အနီးတွင် ရပ်နေသော ဒေါ်လေးခင်ကို တွေ့ရသဖြင့် ထိုနေရာဆီသို့ ဆားပုလင်းနှင်းအောင် လျှောက်သွား၏။

အဘွားကြီးသည် ဂမုန်းပင်တစ်ပင်ကို ရေပန်းကရား ရေလောင်းနေရာမှ ဆားပုလင်းနှင်းအောင်ဘက်သို့ လှည့်ကြည့် ကာ…

'လာဟေ့… မောင်နှင်းအောင်၊ ဟော့ဒီအပင်ကို ကြည့်စမ်း ဘာအပင်လို့ထင်သလဲ'

'ဂမုန်းပင်မဟုတ်လား ဒေါ်ဒေါ်၊ ကျွန်တော်လည်း ဒီလော တော့ ခွဲခြားတတ်ပါတယ်'

'ဂမုန်းပင်ဆိုတာကတော့ လူတိုင်းကမြင်တာနဲ့ သိတာ ပေါ့ကွယ်၊ ဒေါ်ဒေါ်မေးတာက ဘာဂမုန်းလဲသိသလားလို့ မေး တာ'

ဆားပုလင်းနှင်းအောင်က ပြုံးကာ…

'ဗမာပြည်မှာ ဂမုန်းပေါင်း ၂၀၀၀ ကျော်ရှိတယ်ဆိုတာ ဓမ္မသါသနာအိုးတွေတောင်မှ ဒီလောက်အမည်ကို စုံစံလင်လင် သေချာမသိနိုင်ဘူး ဒေါ်ဒေါ်ရဲ့'





'မောင်နှင်းအောင် ပြောတာမှန်တယ်၊ ဒေါ်ဒေါ်ကိုယ်တိုင် လည်း ဂမုန်းဝါသနာရှင်တစ်ယောက်ပဲ၊ ဒါပေမယ့် ဒီဂမုန်းမျိုးကို တော့ တစ်ခါမှ မတွေ့ဖူးဘူး၊ ဟော့ဒီဂမုန်းရဲ့နာမည်က 'မဟာ ဂန္ဓာရီဂမုန်း' တဲ့'

ဆားပုလင်းနှင်းအောင်က ထပ်ဆင့်ရေရွတ်လိုက်၏။

'မဟာဂန္ဓာရီဂမုန်း ဟုတ်လား ဒေါ်ဒေါ်'

'ဟုတ်တယ်၊ ပထမံဆရာတောက်က ဒေါ်ဒေါ်အတွက် တမင် ယူလာခဲ့တာ၊ ဒီဂမုန်းဟာ ကေလာသတောင် တစ်နေရာတည်း မှာပဲ ပေါက်တယ်တဲ့၊ တော်ရုံလူတွေ မတွေ့ရအောင် အထက် ပုဂ္ဂိုလ်တွေက ကွယ်ထားလေတော့ လူသိအင်မတန် နည်းတယ်တဲ့၊ သူတောင် ဆိုင်ရာပိုင်ရာမှာ ခွင့်တောင်း၊ ကိုးပါးသီလအဓိဋ္ဌာန် နဲ့ ဆောက်တည်ပြီးမှ ပင့်ဆောင်ခွင့်ရလာတာတဲ့'

'ဘာတွေများ ထူးခြားလို့လဲ ဒေါ်ဒေါ်'

'ဂမုန်းမှန်သမျှ မစွမ်းတဲ့ဂမုန်းရယ်လို့ မရှိဘူးမဟုတ်လား၊ ဒါပေမယ့် ဒီဂမုန်းစွမ်းတာကတော့ လွန်တယ်၊ ဆေးဝိဇ္ဇာတွေအ ထွက်လမ်းကို တက်လှမ်းတဲ့နေရာ အဓိကပါရတဲ့ပစ္စည်းတဲ့၊ ဒီဂမုန်းကို အိမ်မှာစိုက်ထားရင် အမှောင့်ပယောဂ၊ စုန်းဒိုက်၊



www.burmeseclassic.com

www.burmeseclassic.com



နတ်တိုက်၊ အပူးအကပ်အနှောက်အယှက်မျိုးစုံကို နိုင်တယ်တဲ့'

ဆားပုလင်းနှင်းအောင်က ပခုံးကိုတွန့်လိုက်၏။

ဤအဘွားကြီးက သည်ဘက်တွင် ယုံကြည်မှုထက်သန်နေ၏။ ပထမံဆရာတောက်က ဤအကွက်ကိုမြင်ကာ ညာဝါးဖြန်းစားပေဦးမည်။

ဒေါ်လေးခင်ကတော့ ဂမုန်းချိုးမွှမ်းခန်းဖွင့်ပြီးတော့ ပထမံဆရာတောက်ချိုးမွှမ်းခန်းကို ဖွင့်နေပြန်၏။

'တကယ်တော်တဲ့ ဆရာကွယ်၊ သူနဲ့တွေ့ရတာ ဒေါ်ဒေါ်အဖို့ သိကြားနဲ့တွေ့ရသလိုပါပဲ၊ စိတ်အေးအေးထား ဒေါ်ဒေါ်တို့သားအမိနှစ်ယောက်လုံးကို သိုက်ကမနှောက်ယှက်အောင် သူတာဝန်ယူတယ်တဲ့'

ဆားပုလင်းနှင်းအောင် ရောက်နေသည်ဆိုသဖြင့် မမှုယာနှင့် ကိုရန်မြင့်တို့ ထွက်လာကြ၏။

ဆားပုလင်းနှင်းအောင်အဖို့ အဘွားကြီး၏ လေဘေးဒဏ်မှ လွတ်ကင်းရန် အခွင့်တစ်ခုရသွား၏။

'ကျွန်တော် ကိုရန်မြင့်တို့နဲ့ သွားစကားပြောလိုက်ဦးမယ် ဒေါ်ဒေါ်'





ဟုဆိုကာ မှန်လုံခန်းထဲမှ ခပ်သွက်သွက်ထွက်လာခဲ့၏။

'စုံထောက်ကြီး ဘယ်ကလှည့်လာတာလဲ'

'ဒီကို သက်သက်လာခဲ့တာပဲ ကိုရန်မြင့်၊ မမှုယာရဲ့ရေမွှေးပုလင်းကိုလည်း ပြန်ပေးရင်းပေါ့'

မမှုယာက သူလက်ဆောင်ရသော ရေမွှေးပုလင်းကို စမ်းဆေးရန် ဆားပုလင်းနှင်းအောင်ထံ ပို့ထားခဲ့၏။

ရေမွှေးပုလင်းကို ပြန်ပေးရင်း…

'ကျွန်တော်စစ်ဆေးပြီးပါပြီ၊ မမှုယာသုံးရင် သုံးနိုင်ပါပြီ၊ ဒါထက် ခင်ဗျားရဲ့အမေက ပထမံဆရာတောက်ဆိုတဲ့လူကို မွှန်းလှချည့်လား'

မမှုယာက ခေါင်းတစ်ချက်ညိတ်လိုက်ကာ…

'သူတို့က ပထမံဆရာတောက်ကို မြေလျှောက်ဘိုးတော်လို့ ပြောနေကြတာ'

'အင်းလေ… မိုးမပျံနိုင်တဲ့နောက်တော့ မြေလျှောက်ဘိုးတော်ပဲ ဖြစ်ရတော့မှာပေါ့'

ကိုရန်မြင့်က ရယ်စရာစကားဝင်ထောက်လိုက်၏။

မမှုယာက ဆက်ကာ…



www.burmeseclassic.com

www.burmeseclassic.com



"ချော်တို့က ပထမံဆရာတောက်ဆိုတဲ့ အဘိုးကြီးကို အကြား အမြင်ရှိတယ်လို့ ထင်ကြတယ်၊ မနုနုမဆုံးခင် လေး၊ငါးရက် လောက်က မနုနုမိဘတွေဆီရောက်လာပြီး အိမ်ထောင်ခွဲနေထိုင် ကြသမီးတစ်ယောက် အသက်အန္တရာယ်ရှိတယ်လို့ပြောသွားဖူး တယ်တဲ့၊ မထင်မှတ်ဘဲ မနုနုဆုံးသွားတော့ သူ့စကားမှန်လှချည်ရဲ့ ဆိုပြီး မနုနုမိဘတွေက အရမ်းယုံကြည်သွားတာပေါ့၊ အမေ့ကို လည်း သူတို့ပဲ ခေါ်လာကြတာ'

ကိုရန်မြင့်က…

'ကိုနှင်းအောင်လည်း သိတဲ့အတိုင်းပဲ၊ ကျွန်တော်ကော မိန်းမပါ အယုံအကြည်ရှိကြတာ မဟုတ်ဘူး၊ ဒါပေမယ့် အသွား ကြီး စိတ်ချမ်းသာရင်ပြီးတာပဲဆိုပြီး ခွင့်လွှတ်ထားကြတာ'

'ဟဲ… စကားကောင်းနေလိုက်တာ၊ အပြင်မှာ မတ်တပ် ကြီး အိမ်ထဲဝင်ဦးကိုနှင်းအောင်၊ တစ်ခုခုစားရအောင်'

ဒေါ်သာ၏ ဖိတ်ခေါ်ချက်ကို ဆားပုလင်းနှင်းအောင်က လက် ခံလိုက်၏။

၁၁

## ပင့်ကူနက် ဦးအုန်း

ဦးအုန်းကို ပင့်ကူနက်ဦးအုန်းဟု မြေအောက်လောကသား တွေ ခေါ်ကြ၏။

ပင့်ကူနက်ဂိုဏ်း၏ ခေါင်းဆောင်ဖြစ်သောကြောင့်ဖြစ်၏။ ဦးအုန်းသည် အသက် ၆၀ ကျော်ပြီဖြစ်သော်လည်း အရွယ်နှင့် မလိုက်အောင်ပင် နုပျိုကာ ကျစ်လစ်သန်မာသော ကိုယ်လုံးကိုယ် ထည်ကိုရှိသူဖြစ်၏။

မေးရိုးကားကားနှင့် ခန့်ညားသောမျက်နှာတွင် ထူထဲမည်း နက်သော နှုတ်ခမ်းမွေးအစုံက ဖြည့်စွက်လိုက်သောအခါ မြင် ရသူကိုသလေးစားလောက်သော ဥပမိရုပ်ပေါ်လာသည်။ စူးစူးရဲရဲ ရှိသော မျက်လုံးများကလည်း ထင်ရာကိုနောက်မတွန့်တမ်း လုပ်ကိုင်ဝံ့သူဖြစ်ကြောင်း ဖော်ပြနေ၏။





www.burmeseclassic.com

www.burmeseclassic.com



ယခုတော့ ဦးအုန်းသည် ပင့်ကူနက်တစ်ကောင်နှင့်တူနေ၏။ မာန်ဖီနေသော မျက်နှာဖြင့် လက်ကိုနောက်ပစ်ကာ အခန်းထဲတွင် ခေါက်တုံ့ခေါက်ပြန်လျှောက်နေပုံမှာ လှောင်အိမ်မှ ကျားတစ်ကောင် လမ်းလျှောက်နေပုံနှင့်လည်း တစ်ထေ တည်း တူနေတော့သည်။

အခန်းထောင့်တစ်နေရာတွင် သူ့တပည့်သုံးယောက်မှာ နံ ကိုမှီ၍ ငြိမ်သက်တိတ်ဆိတ်စွာရပ်နေကြ၏။

သူတို့ကို ကြည့်ရသည်မှာ ကျားရှေ့ရောက်နေသော မြေခွေး အသွင်ပေါက်နေ၏။

ဦးအုန်း အားအထားရဆုံး လက်ရုံးတစ်ဆူဖြစ်သည့် 'မုန်တိုင်း စိုးဒင်'က ကုလားထိုင်တစ်လုံးတွင် ဣန္ဒြေမပျက်ဘဲ ထိုင်နေ၏။

မုန်တိုင်းစိုးဒင်သည် ကုလားထိုင်တွင် ထိုင်နေခြင်းဖြစ်သည် ဘိုင်အောင် ခန္ဓာကိုယ်ကြီးမားတုတ်ခိုင်သူဖြစ်ကြောင်း ထင်ထင် ရှားရှားပေါ်လွင်၏။

ခြောက်ပေတစ်လက်မရှိသည့် သူ့အရပ်အမောင်းနှင့် တုတ် ခိုင်သောခန္ဓာကိုယ်ကို အားပြုကာ တွန်းတွန်းထိုးထိုးတိုက်ခိုက် တတ်၏။ သူတိုက်ခိုက်ပုံကိုကြည့်ရသည်မှာ မုန်တိုင်းတစ်ခုတိုက်





ခိုက်လာသည်ကို မြင်ရသလိုရှိ၏။

ထို့ကြောင့်လည်း စိုးဒင်ကို အများက **မုန်တိုင်း**စိုးဒင်ဟု အမည်ပေးခဲ့ခြင်းဖြစ်၏။ သို့သော် မုန်တိုင်းစိုးဒင်သည် ခန္ဓာကိုယ် အင်အားကို အသုံးပြုရာတွင် အစွမ်းထက်သလောက် **အသိဉာဏ်** ကို အသုံးပြုရာတွင် နုံချာလှသည်ဟုလည်း တချို့က ဆိုကြ၏။

ဘာပဲဆိုဆို စိုးဒင်သည် ဦးအုန်း၏အားအထားရဆုံး **နယ်ရုပ်** တစ်ရုပ်ဖြစ်နေတာကတော့ အမှန်ပင်ဖြစ်၏။

'ဒါသက်သက် တို့ပင့်ကူနက်ဂိုဏ်းကို စော်ကားမော်ကား လုပ်တာကွ၊ တောက်··· နောက်မှလည်းမွေးသေး၊ ငြိုးလို့လည်း မှည့်ချင်သေး'

ဦးအုန်း၏ ဒေါသတကြီးရေရွတ်လိုက်သံမှ ဟိန်း၍ ထွက် ပေါ်လာ၏။ သူတို့ခိုင်းစေထားသော စောရမောင်မောင်ကိုသတ် ကာ ယန္တရားလက်ကောက်ကို ရွှေနန်းသိင်္ဂီတို့က ကြားဖြတ်ယူသွား သည့်အတွက် မကျေမနပ်ဖြစ်နေခြင်း ဖြစ်သည်။

'အခုဆိုရင် ဒီအကြောင်းကိုပြောပြီး မြေအောက်လောက သားတွေ တို့အဖွဲ့ကို ပြက်ရယ်ပြုနေလောက်ကြပြီ၊ ဒီကိစ္စက လက်ကောက်ပါသွားတာထက် နာတယ်'



www.burmeseclassic.com

www.burmeseclassic.com



'ဂိုဏ်းရဲ့ဂုဏ်သရေကို ပြန်ဆယ်ဖို့ ကျွန်တော်တို့ တာဝ
ယူပါတယ်ဆရာကြီး'

ငြိမ်သက်စွာ ထိုင်နေသောမုန့်တိုင်းစိုးဒင်က ပြောလိုက်
ဖြစ်၏။

'ဆယ်ရမှာပေါ့ စိုးဒင်၊ ပြန်ဆယ်ရမှာပေါ့၊ ဒါတင်မကသေး
ဘူး၊ တို့ဂိုဏ်းကိုစော်ကားသွားတဲ့အတွက် သူတို့ဆီက အရေး
လည်း တောင်းရမယ်၊ ပြီးတော့ ဒီလက်ကောက်က အရေး
တယ်၊ အရောင်းအဝယ်လုပ်တဲ့နေရာမှာ တို့ဘက်က ကတိ
သလို ဖြစ်နေတယ်ကွာ၊ ဒါကို ငါ မလိုလားဘူး'

'စိတ်ချပါ ဆရာကြီး၊ မုန့်တိုင်းအကြောင်းကို ရွှေနန်းသ
တို့ ကောင်းကောင်းသိအောင် လုပ်ပြလိုက်ပါမယ်'

'အေး… ကောင်းတယ် စိုးဒင်၊ ကောင်းတယ်'

ဦးအုန်းက ပြုံး၍ တိုးတိုးချင်းရေရွတ်နေ၏။



## မုန်လုံခန်းထဲက ဂမုန်းပင်

'မဟာဂန္ဓာရီဂမုန်း ဟုတ်လား'

လူဆိုးထိန်းမောင်ထွန်းမောင်က ဆားပုလင်းနှင်းအောင်၏
စကားကိုသံယောင်လိုက်ကာ ရေရွတ်လိုက်၏။

'အေး…ဟုတ်တယ်၊ အဲဒီနာမည်နဲ့ဂမုန်းကို မင်းကြားဖူး
လား'

'သူယောင်ဂမုန်း၊ မယ်တော်ကြီးဂမုန်း၊ အင်းဂမုန်း၊ နဂါး
က်ဂမုန်း၊ ဂမုန်းပင်ရဲ့နာမည်တော်တော်များများကတော့ အဲဒီ
လိုရှိကြတတ်ကြတာပဲ ဆရာ၊ ဒါပေမယ့် ဒီဂန္ဓာရီဂမုန်းဆိုတဲ့
နာမည်ကိုတော့ တစ်ခါမှမကြားဖူးဘူး၊ ဂမုန်းမျိုးတွေက တော်
တော်များတော့ ကျွန်တော်မကြားဖူးတဲ့ဂမုန်းမျိုးလည်း ရှိချင်ရှိမှာ
ပေါ့လေ'



BURMESE CLASSIC
www.burmeseclassic.com

www.burmeseclassic.com



ဆားပုလင်းနှင်းအောင်နှင့် မောင်ထွန်းမောင်တို့သည် အ
ပြည့်ထမင်းဆိုင်တွင်အတူတကွ စားသောက်ရင်း စကားပြော
ကြ၏။

'မင်းကလည်း ဂမုန်း ဝါသနာပါသလား ထွန်းမောင်'

'အိမ်က ကျွန်တော့်အမေက ဝါသနာပါတာ၊ ကျွန်တော်
တော့ ကျွန်တော့်သဘောအတိုင်းဆိုရင် ဂမုန်းမစိုက်ဘူး၊ ဂမုန်း
တွေရဲ့စိမ်းရွှေရွှေအနံ့ကို မခံနိုင်ဘူး'

ဆားပုလင်းနှင်းအောင်က ဟင်းရည်သောက်ရန် ပြင်ဆင်
ရင်းမှ ခဏရပ်သွားကာ...

'နေစမ်းပါဦးကွ၊ ဂမုန်းကပွင့်သလား'

'ဂမုန်းမှန်သမျှ မပွင့်တဲ့ဂမုန်းမရှိဘူးဆရာ၊ ပွင့်တာချည်
ဂမုန်းပန်းတွေရဲ့ အနံ့ကတစ်မျိုးပဲ၊ ညှီစို့စို့ကြီး၊ ကျွန်တော်
အဲဒီအနံ့ရရင် ခေါင်းကိုက်လာရော'

ဆားပုလင်းနှင်းအောင်က တစ်စုံတစ်ရာကို တွေးတောမိသွ
ဟန်ဖြင့်...

'ခပ်သွက်သွက်ကလေး စားစမ်းဟေ့ ထွန်းမောင်'
ဟု ပြောလိုက်၏။





မောင်ထွန်းမောင်က သူ့ဆရာကို နားမလည်သလိုမော့ကြည့်
...

'ရုပ်ရှင်သွားဖို့က လိုပါသေးတယ်ဆရာရဲ့'

နဂိုအစီအစဉ်က ထမင်းစားပြီးလျှင် ရုပ်ရှင်သွားကြရန်ဖြစ်

'ရုပ်ရှင်မကြည့်တော့ဘူးကွ၊ အစီအစဉ်ပြောင်းလိုက်ပြီ'

'ဗျာ... ဘာလုပ်ကြမလဲ'

'ဒေါ်လေးခင်တို့ အိမ်သွားကြမယ်'

ဆားပုလင်းနှင်းအောင်အကြောင်းကို သိနေသောမောင်ထွန်းမောင်

'ဘာ စိတ်ကူးရလာသလဲ ဆရာ'

'ဂမုန်းပင်အကြောင်း ဆက်စပ်စဉ်းစားမိလို့ကွ၊ ပြီးတော့
ဂမုန်းပင်ကို ဒေါ်လေးခင်စိုက်ထားတာကလည်း မှန်လုံခန်း
'

'မှန်လုံခန်း ဟုတ်လား'

'ဟုတ်တယ်၊ ကိုနေလင်းနဲ့မနုနု သေဆုံးခဲ့ကြတာလည်း
ပိတ်ထားတဲ့ စာကြည့်ခန်းနဲ့မော်တော်ကားထဲမှာ မဟုတ်လား၊



www.burmeseclassic.com

www.burmeseclassic.com



တစ်နည်းအားဖြင့်တော့ အဲဒါတွေကလည်း မှန်လုံခန်းတွေပါပဲ'

မောင်ထွန်းမောင်က ထမင်းစားကောင်းနေဆဲဖြစ်သော်လည်း ကပျာကယာလက်စသတ်လိုက်၏။

ဆားပုလင်းနှင်းအောင်တို့ စားပွဲရှိရာသို့ ရေနွေးကရားနှင့် ထန်းလျက်ပန်းကန်အား လင်ပန်းဖြင့်ထည့်ကာ သယ်ဆောင်လာသော မနွယ်က အနားရောက်သောအခါ ငွေထုတ်ရှင်းနေသော ဆားပုလင်းနှင်းအောင်ကို ကြည့်၍···

'ဟင်··· အစ်ကိုတို့ ပြန်တော့မလို့လား၊ ထမင်းစားတာလည်း မြန်လိုက်တာ၊ စားမှားမကောင်းလို့လားဟင်'

ရုတ်တရက်မဟုတ်ဘဲ တကယ်ပင် စိတ်မကောင်းသော မျက်နှာလေးဖြင့် စုံစမ်းမေးမြန်းလေ၏။

ဆားပုလင်းနှင်းအောင်က···

'စားလို့ကောင်းပါတယ်၊ အရေးပေါ်ကိစ္စတစ်ခုပေါ်လာလို့ နောက်မှပဲ အေးအေးဆေးဆေးလာစားတော့မယ်နော်'

ဟုပြောကာ ငွေထုတ်ရှင်းလိုက်၏။



# သေတ္တာမှ လွတ်မြောက်ခဲ့သူ

မှန်လုံခန်းထဲရှိ ပွင့်နေသော ဂမုန်းပင်ကိုကြည့်ကာ ဒေါ်လေး
သဘောကျ၍ နေလေ၏။

ဒေါ်လေးခင်ဘောတွင် ပိတ်ဖြူစင်ကြယ်ဝတ်ဆင်ထားသော
သက် (၆၀)ကျော်အရွယ် လူကြီးတစ်ယောက်ရပ်နေ၏။

ကြီးမားသောပုတီးကြီးတစ်ကုံးကို လည်ပင်းတွင်ချိတ်ဆွဲထား
ယောဂီရောင်ကြီးမားသောအဝတ်လွယ်အိတ်ကြီးတစ်လုံးကို
ည်း ပခုံးပေါ်တွင် လွယ်ထား၏။

ခေါင်းတွင် ပေါင်းထားသော ပိတ်ဖြူပဝါမှနေ၍ ဖြူဖွေး
သာယောင်ဆံထုံးက ထွက်ပေါ်နေရာ ကြည်ညိုချင်သူအတွက်
တော်စင်တစ်ဦး၏ရုပ်သွင်ဟန်ပန် အပြည့်ပေါ်လွင်နေ၏။



www.burmeseclassic.com

www.burmeseclassic.com



‘ဒီလိုဂမုန်းမျိုးဟာ အင်မတန် ပွင့်ခဲတာ၊ ဒေါ်လေးခင်သိ ရောက်မှ ပွင့်တယ်ဆိုတော့ အင်မတန်ကံထူးတာပဲ၊ ငါ့ညီမကြီး ကတော့ စီးပွားဥစ္စာတွေ ဒီရေအလားတိုးတက်ဦးမယ့် အတိတ် နိမိတ်ပဲ’

‘အနံ့ကတော့ တစ်မျိုးပဲနော်’

‘ဂမုန်းအငွင့် အနံ့ကိုး၊ ကဲ… ဦးဦးဖွားဖွားတစ်ပွင့်လောက် ချိုးလိုက်ပြီး ပန်လိုက်စမ်းပါဒေါ်ဒေါ်’

ဘိုးတော်မို့ မပယ်ရှားဝံ့ဟန်တူသည်။

ဒေါ်လေးခင်က ဂမုန်းပန်းတစ်ပွင့်ကို ချိုးကာခေါင်းတွင် ပန်လိုက်၏။

ထိုအချိန်၌ ပထမံဆရာတောက်သည် ဒေါ်လေးခင်၏အပါး မှ ဧသိဧသာထွက်ခွာသွား၏။

သူ့ဟန်က မှန်လုံခန်းအတွင်းရှိ ပန်းပင်များကို လိုက်လံကြည့် ရှုနေသည့်ပုံမျိုးဖြစ်သဖြင့် ဒေါ်လေးခင်မှာ သံသယဝင်စရာမဖြစ် တော့ဘဲ ပန်းပင်များကို ရေလောင်းသည့်အလုပ်အား ဆက်လက် လုပ်ကိုင်နေတော့၏။

တစ်စထက်တစ်စ ဆုတ်ခွာသွားသော ပထမံဆရာတောက်





ည် မှန်လုံခန်းတံခါးမှအနီးသို့ ရောက်သောအခါ သူ့အိတ်ထဲမှ ခြစ်ဗူးလေးတစ်ဗူးကို ထုတ်ကာအနီးရှိ ပန်းအိုးတင်သောစင်ပေါ် တင်လိုက်၏။

ထို့နောက် မီးခြစ်ဗူးအတွင်းမှ အံကလေးကို လက်ဖြင့် ာထိုးကာတွန်းဟခဲ့လေ၏။

ထိုအံကလေးအတွင်း နီရွှေရွှေအဆင်းရှိသော ပျားကလေး းကောင်သည် တစ်ကောင်ပြီးတစ်ကောင် အပြင်သို့ပျံထွက် သည့်နှယ် ပထမံဆရာတောက်သည် မှန်လုံအိမ်အတွင်းမှ မြန်စွာထွက်ကာ အပြင်မှနေ၍ ချက်ချပိတ်လိုက်တော့၏။

* * *

ခြံထဲသို့ဆားပုလင်းနှင်းအောင်နှင့် မောင်ထွန်းမောင်တို့ ဝင် ကြ၏။

ဆားပုလင်းနှင်းအောင်တို့ကို မြင်လိုက်သည်နှင့် ကိုရန်မြင့် မူယာတို့က တိုက်ထဲကထွက်လာ၏။ ဆားပုလင်းနှင်းအောင် ၍မေးလိုက်၏။

‘မမူယာ ဒေါ်ဒေါ်ကောဟင်’

မမူယာက…



www.burmeseclassic.com

www.burmeseclassic.com



'မေမေလား မှန်လုံခန်းထဲမှာလေ၊ ဆရာတောက်ဆိုတဲ့ လူကြီးလည်းပါတယ်၊ သူ့ဂမုန်းပင့်ပွင့်နေတာကို လိုက်ပြနေလေရဲ့'

မမူယာ၏စကားဆုံးသည်နှင့် ဆားပုလင်းနှင်းအောင်က ထိုနေရာမှ ပြေးထွက်လာခဲ့၏။

ဆားပုလင်းနှင်းအောင်ဘေးမှ မောင်ထွန်းမောင်က ထပ်ကြပ်မကွာ ပြေးလိုက်လာ၏။

ကိုရန်မြင့်နှင့်မမူယာကလည်း ဘုမသိဘမသိဖြင့် နောက်က ပြေးလိုက်လာကြလေသည်။

'တို့ အချိန်မီကောင်းပါရဲ့'

ပြေးရင်းလွှားရင်း ဆားပုလင်းနှင်းအောင်က ပြောလိုက်၏။

မှန်လုံအိမ်ဘက်သို့ရောက်သည်နှင့် မှန်လုံအိမ်ဘက်ဆီမှ ခပ်ညည်သွက်ခြေလှမ်းများဖြင့် လျှောက်လာသော ပိတ်ဖြူစင်ကြယ်ရာစ်ယောက်ကို တွေ့ရလေရာ ဤလူပင် ပထမဆရာတောက်ဖြစ်ရမည်ဟု တွေးလိုက်မိ၏။

မှန်လုံခန်းတံခါးပိတ်ထားသည်ကိုလည်း တွေ့ရသဖြင့် ခေါင်းအတွက် စိုးရိမ်ပူပန်၍သွား၏။

သူ့ရှိရာသို့ပြေးလာသော ဆားပုလင်းနှင်းအောင်တို့အုပ်စုကို





မြင်သောအခါ ပထမဆရာတောက်သည် စိုးရိမ်ထိတ်လန့်၍သွားသတော့၏။

ထို့ကြောင့် တစ်ဖက်သို့ လှည့်ကာထွက်ပြေးလေ၏။

တကယ်တော့ သူ့ဘာသာလိပ်ပြာမလုံဖြစ်ကာ ထွက်ပြေးခြင်းဖြစ်၏။

ဆားပုလင်းနှင်းအောင်က လူဆိုးထိန်းမောင်ထွန်းမောင်အား အမိန့်ပြလိုက်၏။

'မောင်ထွန်းမောင်ရေ အဲဒီလူကို မလွှတ်စေနဲ့'

ဆားပုလင်းနှင်းအောင်ကတော့ အလုံပိတ်ထားသော မှန်လုံအိမ်ဆီသို့သာပြေးသွားလေတော့၏။

မောင်ထွန်းမောင်ကတော့ ခြံအနောက်ဘက်သို့ ထွက်ပြေးသွားသော ပထမဆရာတောက်နောက်သို့ ပြေးလိုက်သွား၏။

ခြံနောက်သို့ပြေးသွားသော ဆရာတောက်မှာ ခြံစည်းရိုးအုတ်နံရံက ကာဆီးထားသည်နှင့် တိုးနေတော့သည်။

ချက်ချင်း ဤအုတ်နံရံကို ကျော်ကာဝင်းခြံအပြင်ဘက်သို့ ထွက်ရန်မှာ မလွယ်ကူ။

ထို့ကြောင့် နောက်သို့လှည့်ကာ သူ့နောက်လိုက်လာသော



www.burmeseclassic.com

www.burmeseclassic.com



လူဆိုးထိန်းမောင်ထွန်းမောင်နှင့် ရင်ဆိုင်ရန် ပြင်ဆင်လိုက်၏။

ပထမဆရာတော်က ယောဂီရောင်သူ့လွယ်အိတ်ကြီးထဲမှ သေနတ်တစ်လက်ကို ဆွဲထုတ်လိုက်၏။

သို့သော် ဤသေနတ်ကို ခလုတ်မဖြုတ်နိုင်မီ အနီးကပ်နေပြီဖြစ်သော လူဆိုးထိန်းမောင်ထွန်းမောင်က ပထမ ဆရာတော်ကို ခုန်အုပ်လိုက်၏။

ဤကဲ့သို့သော အသက်လုတိုက်ခိုက်ရသည့်ကိစ္စများ၌ ကျွမ်းကျင်သောလူဆိုးထိန်းမောင်ထွန်းမောင်သည် အံကိုက်ပင် ပထမဆရာတော်၏ သေနတ်ကိုင်လက်တစ်ဖက်ကို ချုပ်ကိုင်မိကာ နှစ်ယောက်သားမြေပြင်ပေါ် လုံးထွေးကျသွားလေတော့၏။

မှန်လုံခန်းတံခါးကို တွန်းဖွင့်ကာ ပြေးဝင်သွားသော ဆားပုလင်းနှင်းအောင်သည် ဒေါ်လေးခင်အနားသို့ ရောက်သည်နှင့် အနီးဆုံးပန်းအိုးတစ်အိုးကို ကောက်ကိုင်ကာ ဒေါ်လေးခင်ဘေးမှ မှန်လုံခန်းကိုပေါက်ခွဲလိုက်၏။

မှန်လုံခန်း၏ ထိုနေရာတစ်ဝိုက်မှာ အစိတ်စိတ်အမွှာမွှာ ကွဲကြေသွားလေ၏။ ပြီးသည်နှင့် ကိုယ်ပေါ်မှ ဂျာကင်အင်္ကျီကို ချွတ်ကာ ဒေါ်လေးခင်ခေါင်းပေါ်တွင် ပျံ့ဝဲနေသည့် ပျားများကို





ဝေ့ယမ်းပုတ်ထုတ်လိုက်၏။

ဒေါ်လေးခင်က နားမလည်နိုင်ခြင်း၊ အံ့သြခြင်းများဖြင့် ငေးကြည့်နေ၏။ ဆားပုလင်းနှင်းအောင်၏တိုက်ခိုက်မှုကြောင့် ပျားအချို့သေကာ အချို့က အနီးရှိကွဲနေသော မှန်မှတစ်ဆင့် အပြင်သို့ပျံသန်းထွက်ပြေးသွားတော့၏။

ထိုအချိန်မှာပင် ခြံနောက်ဘက်ဆီမှ ထွက်ပေါ်လာသော 'ဒိုင်းခနဲ' သေနတ်သံတစ်ချက်ကို ကြားလိုက်ရလေ၏။

'ဘာတွေဖြစ်နေတာလဲ မောင်နှင်းအောင်၊ ဒေါ်ဒေါ်တော့ ဘာမှနားမလည်ဘူး'

ဒေါ်လေးခင်က ပြောလိုက်၏။

'ဒေါ်ဒေါ်သားနဲ့ချွေးမကို လုပ်ကြံသတ်ဖြတ်တဲ့နည်းနဲ့ ဒေါ်ဒေါ်ကို လုပ်ကြံဖို့ကြိုးစားတာပဲ ဒေါ်ဒေါ်'

ဆားပုလင်းနှင်းအောင်က ကြမ်းပြင်ပေါ်တွင် လဲကျနေသော ပျားတစ်ကောင်ကိုကောက်ယူပြကာ...

'ဟောဒီ ပျားတွေက တုပ်ရင် လူသေနိုင်လောက်အောင် အဆိပ်ပြင်းတဲ့ ဘော်နီယိုကျွန်းက သေမင်းပျံဆိုတဲ့ ပျားတွေပဲ ဒေါ်ဒေါ်'



www.burmeseclassic.com

www.burmeseclassic.com



'ဘုရားရေ ဒီကြောက်စရာပျားတွေက ဘယ်နှယ့်လုပ် ဒီး
ရောက်နေတာလဲ'

'လူတစ်ယောက်ယောက်က တမင်ထည့်ထားခဲ့လို့ ရောက်
နေတာပေါ့ ဒေါ်ဒေါ်၊ အဲဒီလူက ပထမဆရာတောက်ဆိုတဲ့လူ'

'အို… ဒီလူက လူဆိုးလား'

'လူကောင်းမဟုတ်တာတော့ သေချာတယ် ဒေါ်ဒေါ်၊ သူ
ဒီမှန်လုံခန်းထဲမှာ ဒေါ်ဒေါ်တစ်ယောက်တည်းရှိနေတုန်း သူ
ပါလာတဲ့ပျားတွေကို လွှတ်ပြီးအပြင်က မှန်လုံအိမ်တံခါး
ပိတ်သွားတာပဲ၊ ဒေါ်ဒေါ်အနေနဲ့ အထဲကလည်း တံခါးကိုမဖွင့်နိုင်
အပြင်ကလည်း ကြားအောင်မအော်နိုင်နဲ့ ဒုက္ခရောက်ရင် ကယ်
လူမရှိအောင်ပေါ့၊ ဒေါ်ဒေါ့်ခေါင်းက ဂမုန်းပန်းက အဲဒီပျားတွေ
နဲ့ခိတ်ကို ရန်မူလာချင်အောင် နှိုးဆွနိုင်တဲ့ အနံ့တစ်မျိုးရှိတယ်
အဲဒီအနံ့ဟာ ကိုနေလင်း၊ နုနုရရှိခဲ့တဲ့ စာကလေးတွေပေါ်မှာ
ထားတဲ့အမွှေးနံ့နဲ့ တစ်ထေရာတည်းတူနေတာပဲကိုး၊ ဒီမှန်လုံ
ထဲက ပျားတွေက တခြားကိုမသွားဘဲ အဲဒီအနံ့က ထွက်နေ
ပန်းခန့်ထားတဲ့ ဒေါ်ဒေါ့်ဆီဝဲပျံသန်းလာပြီး တိုက်ခိုက်မှာပေါ့'

မွေးယာက ရင်ဘတ်ကို လက်နှင့်ဖိကာ…





'တော်တော်ကြောက်စရာကောင်းပြီး ရက်ရက်စက်စက် ကြံ
ခည်တဲ့လူပဲနော်၊ ကိုနှင်းအောင်သာ အချိန်မီရောက်မလာရင်
အမေ့အတွက် မတွေးတော့ဝံ့စရာပဲ'

အခုမှ ဒေါ်လေးခင်မှာ တွေးတောကြောက်ရွံ့သွားဟန်ရှိ၏။

'ဒီပျားတွေက ပြန်လာဦးမှာလားဟင်'

'ကျွန်တော်ရိုက်ထုတ်လိုက်လို့ ပျံထွက်ပြေးသွားပါပြီ၊ ဒါပေ
မယ့် ဒေါ်ဒေါ့်ခေါင်းပေါ်ကပန်းကိုတော့ ဖြုတ်ထားရင်ပိုကောင်း
မယ်'

သည်တော့မှ ဒေါ်လေးခင်က ခေါင်းပေါ်မှပန်းကို အလန့်
တကြားဖြုတ်လိုက်၏။

'ဟော့ဒီဂမုန်းပင်နဲ့အတူ အဲဒီပန်းကိုပါ မြေတူးပြီးမြှုပ်ပစ်
လိုက်ရင် ကောင်းမယ်'

'ကျွန်တော် မာလီကိုခိုင်းလိုက်ပါ့မယ် ကိုနှင်းအောင်'

ကိုရန်မြင့်က ပြောလိုက်၏။

ဒေါ်လေးခင်က…

'ဒီဂမုန်းဟာ ဂန္ဓာရီဂမုန်းဆိုတာ မဟုတ်ဘူးလားဟင်'

'မဟုတ်ဘူးခင်ဗျ၊ ဒီနာမည်ကို ဘယ်သူမှ မကြားဖူးဘူး၊



www.burmeseclassic.com

www.burmeseclassic.com



သူက ယုတ္တိရှိအောင် ကေလာသတောင်က အထက်ပုဂ္ဂိုလ်ရှေ
ဝှက်ထားလို့ မမြင်ဖူးကြဘူး၊ ဘာညာနဲ့ဖြီးဖြန်းပြီးနေတာ တဘ
တော့ ဒီဂမုန်းဟာလည်း ပျားတွေပေါက်ဖွားတဲ့ ဘော်နီယိုဘ
က အပင်ပဲဖြစ်ရမယ်'

ထိုစဉ်…

ဆားပုလင်းနှင်းအောင်တို့ရှိရာို့ အေးအေးဆေးဆေးလျှော
လာသော မောင်ထွန်းမောင်ကို တွေ့လိုက်ရ၏။

မောင်ထွန်းမောင်က ပြုံးကာ…

'ဒီဘက်မှာ အဆင်ပြေရဲ့လား၊ ဟိုဘက်မှာတော့ အေးဆေ

ဟုပြောလိုက်၏။

ကိုရန်မြင့်က…

'ခြံနောက်မှာ ခုနက သေနတ်သံတစ်ချက်ကြားလိုက်ရ
ကျွန်တော်တို့ တွေးပူနေတာ'

'အိုး… မပူပေါင်ဗျာ၊ ထွန်းမောင်ဟာ တော်တော်နဲ့ မ
နိုင်သေးဘူး၊ မြေအောက်လောကသားတွေကို ဒုက္ခပေးရအေ
ဆက်အသက်ရှင်နေဦးမှာပါ'

ဟု မောင်ထွန်းမောင်က ခပ်နောက်နောက်ပြန်ပြောလိုက်





ဆားပုလင်းနှင်းအောင်က…

'ပထမံဆရာတောက်ရော'

ဟုမေးလိုက်ရာ…

'အဲဒီဘိုးတော်တော့ အသေထွက်သွားရှာပြီဆရာ၊ သူက လွယ်အိတ်ထဲက သေနတ်ကိုထုတ်ပြီး ကျွန်တော့်ကို ပစ်ဖို့လုပ်တယ်၊ ကျွန်တော်က ခုန်အုပ်ပြီး သေနတ်ကိုလုတယ်၊ နောက်ဆုံး သူ့သေနတ်က ကျည်ဆည်ထွက်ပြီး သူ့ကိုပြန်မှန်သွားတာပဲ၊ သူကံကောင်းပါတယ်၊ ကျည်ဆံကဘယ်ဘက်ရင်အုံဖောက်ဝင်သွားတာဆိုတော့ ကြာရှည်ဒုက္ခခံစရာမလိုတော့ဘူး'

'အေးကွာ၊ ညှော်ခန်းထဲက ဖုန်းနဲ့သက်ဆိုင်ရာကို အကြောင်းကြား၊ အလောင်းကိုဆေးရုံသယ်ဖို့လုပ်၊ နောက်တစ်ချက်က ပထမံဆရာတောက်ဆိုတာ ဘယ်သူလဲ၊ ဒီနာမည်ဟာ အယောင်ဆောင်နာမည်ဆိုတာ ထင်ရှားတယ်၊ ပထမံဆရာတောက်ဆိုတာ ဘယ်သူလဲသိရအောင် အဖြေပေါ်ဖို့ နီးသွားပါပြီ'

၆၈



www.burmeseclassic.com

www.burmeseclassic.com

# ဖိုးမောင်တဲ့လား

ဒေါ်လေးခင်သည် ဖျားတုပ်မခံလိုက်ရသော်လည်း ကြုံတွေ့လိုက်ရသော ချောက်ချားဖွယ်ရာအဖြစ်အပျက်ကြောင့် စိတ်ရောဂါဝေဒနာ ဖျားနေသဖြင့် ဆရာဝန်နှင့်ဒေါ်ကာ ဆေးကုနေရ၏။

မြို့ထွေးမိတိုင်း အသက်ဘေးမှသီသီကလေး လွတ်ခဲ့သည်ဆို ထွေးမိတာကျောချမ်းလျက်ရှိ၏။

ဆရာပုလင်းနှင်းအောင်သာ အချိန်မီရောက်မလာလျှင် မိမိသည်လည်းနှင့်ထွေးမိ၏ နောက်သို့ သူတို့သေဆုံးနည်းအတိုင်း လိုက်ပါသွားရပေတော့မည်။

ဤသို့အတွက် ဆရာပုလင်းနှင်းအောင်ကို မမှုယာကရှေ့တို့ရန်မြင့်တဝါ ချီးကျူးစကားပြော၍နေ၏။





ကိုရန်မြင့်က…

'ဒီလိုလုပ်ကြံနိုင်တယ်ဆိုတာ ခင်ဗျား ဘယ်လိုတွေးမိသလဲ' ဟု မေးလိုက်၏။

ဆရာပုလင်းနှင်းအောင်က ရေခဲတောင်တံဆိပ်စီးကရက်တို တစ်ရှိုက်၊ နှစ်ရှိုက် ဖွာထုတ်လိုက်ပြီး…

'ချက်ချင်းတော့ ဒီလို တစ်ချက်တည်းအဖြေထွက်အောင် ဘယ်လို စဉ်းစားနိုင်မလဲဗျာ၊ ကျွန်တော်က အကြားအမြင်ရတဲ့သူ မဟုတ်တာ၊ သာမန်လူပဲဟာ၊ တခြားသူတွေထက် နည်းနည်း ထူးသာတယ်လို့ခေါ်နိုင်တဲ့အချက်က ကျွန်တော့်မှာ ရရှိလာတဲ့ အချက်အလက်တွေပေါ် မူတည်ပြီး တစ်ခုခုအဖြေထွက်လာအောင် စဉ်းစားတာတစ်ခုပါပဲ၊ ဒါကလည်း ကျွန်တော်ရဲ့အသက်မွေးဝမ်းကျောင်းကိစ္စဖြစ်နေတော့ ထူးခြားတယ်လို့ မဆိုနိုင်ပါဘူး'

ကိုရန်မြင့်က…

'ကိုနှင်းအောင်ဟာ ကိုယ့်ကိုယ်ကို နှိမ့်ချချင်လို့ပြောနေတာ၊ အချက်အလက်တွေဘယ်လောက်ထင်ရှားနေနေ၊ ကျွန်တော့်အလုပ်ကနေလို့ မကျွမ်းချင်လည်း မနေရ၊ ကျွမ်းကျင်နေတာပါ၊ မှန်လုံးရယ်၊ ဂမုန်းပန်းအနံ့ရယ်ဆိုတာ ဆက်စပ်တွေးလိုက်မိရင်



www.burmeseclassic.com

www.burmeseclassic.com



အရှေ့ရာယ်ဆိုတဲ့ အဖြေထွက်လာနိုင်တာပဲ၊ နဂိုကတည်းကလူ ခဲ့တဲ့သူက ပထမနည်းကိုအသုံးမပြုဘဲ နည်းသစ်တစ်ခုကို အ ပြုလိမ့်မယ်လို့ ကျွန်တော်ကြိုတင်တွေးဆထားလေတော့၊ ဘယ နည်းကို အသုံးပြုနိုင်မလဲလို့ တွေးတောနေမိတာကိုးဗျ၊ တစ် တော့ရှိတယ်၊ ဒီလိုပဲ အဆိပ်ပျားတွေနဲ့ လုပ်ကြံသတ်ဖြတ်မ ရင် လူသတ်သမားအသုံးမပြုရင် မဖြစ်တဲ့အရာနှစ်ခုရှိ အဲဒါကတော့ အလုံပိတ်ထားတဲ့အခန်းနဲ့ အမွှေးရနံ့ပဲ'

ဆားပုလင်းနှင်းအောင်ပြောသမျှကို အခန်းထဲတွင် ရှိ သည့် ကိုရန်မြင့်၊ မမူယာနှင့် မောင်ထွန်းမောင်တို့သုံးယော စိတ်ဝင်တစားနားထောင်နေကြ၏။

'နောက်မသင်္ကာစရာက မဟာဂန္ဓာရီဆိုတဲ့ ဂမုန်းပဲ၊ ဒီ က ကြားဖူးမြင်ဖူးသူမရှိသလောက်ပဲ၊ ဘယ်ရှိနိုင်မလဲဗျ၊ ဒီ ဟာ ဒီမှာရှိတဲ့ဂမုန်းမှ မဟုတ်ပဲ၊ ဘော်နီယိုကျွန်းက ဗျား အတူသယ်ဆောင်လာတဲ့ ဂမုန်းပဲဟာ၊ ပြီးတော့ပထမဆရာဝ ဆိုတဲ့သူလည်း မသင်္ကာစရာ၊ အထူးသဖြင့် နုနုသေဆုံး ကြိုတင်ပြောနိုင်တယ်ဆိုကတည်းက ဒီလူဟာ အကြားအမြ ပုဂ္ဂိုလ်ထူးတစ်ယောက်ဖြစ်ရင်လည်း ဖြစ်ရမယ်၊ ဒါမှမ



လူသတ်မှုနဲ့ တစ်နည်းနည်းနဲ့ ဆက်စပ်နေတဲ့သူ ဖြစ်ရမယ်လို့ ည်း ကျိန်းသေပြောနိုင်မှာပေါ့၊ ဒုတိယအမျိုးအစားထဲက ဖို့ကများတယ်၊ ဘာဖြစ်လို့လဲဆိုတော့ ခုခေတ်မှာအကြား တာကယ်ရနိုင်တယ်ဆိုတဲ့ ပုဂ္ဂိုလ်ထူးတွေက မရှိသလောက် လို့ပဲ'

ကိုရန်မြင့်က သူသိချင်နေသောအချက်ကို မေးမြန်းလိုက်၏။

'အဲဒီလူကြီးက ဘယ်သူဆိုတာ စုံစမ်းလို့သိပြီလား ကိုနှင်း း'

'သိပါပြီ၊ ဒီလူ့ရဲ့နာမည်ရင်းက ဖိုးထောင်တဲ့၊ ရာဇဝင်လူဆိုး ယောက်ပဲ၊ သူ့အမှုတွေကို ပြန်ကြည့်တော့ ကျွန်းဒဏ်ကျနေ ဖြစ်နေတယ်၊ ကျွန်းကနေ ထွက်ပြေးလာတာပဲ ဖြစ်ရမယ်၊ ဘော်နီယိုကျွန်းကိုရောက်သွားတာနဲ့တူတယ်'

ဆားပုလင်းနှင်းအောင်က ရေခဲတောင်တံဆိပ်စီးကရက် ဆိပ်ကို ထုတ်လိုက်ပြီး…

'ဒေါ်ဒေါ်ရော သက်သာလား မသိဘူး၊ သွားကြည့်ကြရ င်လေ'

ဆားပုလင်းနှင်းအောင်တို့လည်း ဒေါ်လေးခင်၏ကုတင်နား ောက်လာကြ၏။



www.burmeseclassic.com

www.burmeseclassic.com



'မေမေ သက်သာပြီလားဟင်'

ဒေါ်လေးခင်က ခေါင်းတစ်ချက်ညိမ့်လိုက်ပြီး ဆားပုလ[င်း]
နှင်းအောင်ကို တစ်ချက်ကြည့်လိုက်၏။

'မောင်နှင်းအောင် ပထမဆရာတောက်ရဲ့ နာမည်ရင်းရ[ော]
ပြီလားဟင်'

'ဟုတ်ကဲ့ပါ ဒေါ်ဒေါ်၊ ဖိုးမောင်တဲ့'

ဆားပုလင်းနှင်းအောင်၏ စကားသံဆုံးသည်နှင့် ဒေါ်လေ[း]
မျက်လုံးပြူးသွား၏။

'ဖိုးထောင် ဟုတ်လား'

ဟု ရေရွတ်လေ၏။

ဓဝ



ဒေါ်ဝင်းမာတ်ပုံ အပြေပေါ်

'မရှက်တော့ပါဘူးကွယ်၊ သမီးရှေ့မှာပဲ ဒေါ်ဒေါ်ပြောပါ
တော့မယ်၊ ဒေါ်ဒေါ့ယောကျ်ားကိုမောင်စိုးကို လူကောင်းလို့ မပြော
ပါဘူး၊ သူလော်လည်တာလည်းပါတာပေါ့၊ အဲဒီလိုပဲ မသိမလိမ္မာ
တာလည်းပါတာပေါ့၊ မေမေမရှိပေမယ့် ဒေါ်ဒေါ်က သူ့ကို
ညီမအရင်းလို စောင့်ရှောက်ထားပေမယ့် သူက စည်းမစောင့်ခဲ့
တာ၊ ဒေါ်ဒေါ်သိရတော့ တော်တော်ခရီးလွန်နေပြီ၊ သူ့မှာတောင်
ကိုယ်ဝေလးလက်ဝန်ရှိနေပြီ မောင်နှင်းအောင်'

ဒေါ်လေးခင်ပြောသမျှ လူငယ်သုံးဦးက ငြိမ်သက်စွာနား
ထောင်နေကြ၏။



www.burmeseclassic.com

www.burmeseclassic.com



ခုတင်ပေါ်တွင် ထိုင်ကာပြောနေသော ဒေါ်လေးခင်၏စိတ်မှာ တကယ်ပင်အတိတ်ကာလဆီသို့ ခေတ္တပြန်လည်ရောက်ရှိသွားသ လို သူ့စကားတွင်ပင် နစ်မျောနေဟန်ဖြင့်…

'တိုတိုပြောရရင်တော့ကွယ် အဲဒီတုန်းက ဒေါ်ဒေါ်ကိုယ်တိုင် ကလည်း အသက်ငယ်သေးတော့ သဝန်တိုတယ်၊ မုန့်သာဝေစား မယ်၊ ယောကျ်ားတော့ ဝေမပေးနိုင်ဘူးဆိုတဲ့ စိတ်ရှိတယ်၊ ဒါနဲ့ကျေ နပ်လောက်အောင် ပိုက်ဆံပေး၊ အကျိုးအကြောင်းပြော ပြီး မဝင်းကို အိမ်ကနှင်ထုတ်လိုက်တယ်'

မရှုယာထံမှ သက်ပြင်းချသံ တိုးတိုးထွက်ပေါ်လာ၏။

ဒေါ်လေးခင်က…

'မဝင်းလည်း ကိုဖိုးထောင်ဆိုတဲ့လူနဲ့ အိမ်ထောင်ကျသွား တယ်လို့ ကြားရတယ်၊ အဲဒီလူက ရာဇဝင်လူဆိုးတစ်ယောက် ဆိုတော့ ဒေါ်ဒေါ်တို့ စိတ်တောင်ပူနေသေးတယ်၊ ကိုယ့်ကိုအရှုံးရှာယ် လာပေးမလားလို့ပေါ့၊ နောက်တော့ လူသတ်မှုနဲ့တစ်ကျွန်းကျသွား တယ်လို့ ကြားလိုက်တယ်၊ ဒီတော့လည်း စိတ်အေးသွားရတာပေါ့ ကွယ်၊ သူတို့အကြောင်းလည်း မေ့မေ့ပျောက်ပျောက်နေခဲ့တာ ခုချိန်ထိပဲ၊ ခုမှပဲ ကိုဖိုးထောင်ဆိုတဲ့ နာမည်ကိုကြားရတော့တယ်





ညှိ… သူက ပထမ်ဆရာတောက်နာမည် ဖြစ်နေတာကိုး၊ ကို အရင်ကလည်း ဒေါ်ဒေါ်မမြင်ဖူးခဲ့တော့ ဘယ်အထဲခေါ်နိုင် လဲ၊ ဒါ့ထက် ဒီဖိုးထောင်ဆိုတာ မဝင်းယောကျ်ား သေချာပါ ယ်နော်'

'ဒေါ်ဒေါ်ပြောသမျှ ဆိုရင်တော့ လုံးဝနီးပါးဖြစ်နိုင်ပါတယ်၊ င်းက အဲဒီတုန်းက ကိစ္စတွေကို အပြီးထားပြီး၊ ခု ပြန်ကလဲ့စား ဖို့ ကြိုးစားနေတာနဲ့ တူပါတယ်'

'နေဦးကွဲ့၊ မဝင်းဓာတ်ပုံတောင် ဒေါ်ဒေါ်ဆီမှာရှိသေးတယ်၊ း်ရေ… ဟောဟိုအံဆွဲထဲက အယ်လ်ဘမ်အဟောင်းကို ယူခဲ့ ပါကွယ်'

ဒေါ်လေးခင်၏ညွှန်ကြားချက်အတိုင်း အနီးရှိစားပွဲအံဆွဲထဲမှ ယ်လ်ဘမ်အဟောင်းတစ်ချပ်ကို ထုတ်ပေး၏။

ဒေါ်လေးခင်က ထိုအယ်လ်ဘမ်တိုလှန်လှောကာ တစ်နေရာမှ ာ်ပုံတစ်ပုံကို ဖြုတ်ယူကာပေး၏။

ဒေါ်လေးခင် အသက် (၂၀)ကျော်ကာလ။

သူနှင့်တွဲရိုက်ထားသော မိန်းကလေးကလည်း သက်တူရွယ် မတိမ်းမယိမ်း။



www.burmeseclassic.com

www.burmeseclassic.com



'ဒေါ်ဒေါ်ဘေးက ရပ်နေတာ မဝင်းပဲကွဲ့'

ဓာတ်ပုံကို စူးစိုက်ကြည့်နေရာမှ ဆားပုလင်းနှင်းအောင်နှင့် မောင်ထွန်းမောင်တို့က တစ်ယောက်မျက်နှာတစ်ယောက်ကြည့် လိုက်လေ၏။





## အလိုပြည့်... ထမင်းဆိုင်

အပြန်တွင် ဆားပုလင်းနှင်းအောင်က မောင်ထွန်းမောင်အား မေးလိုက်၏။

'ဘယ်လိုလဲ ထွန်းမောင်၊ ဓာတ်ပုံကိုတွေ့ရတာ ဘယ်လိုခံစားရသလဲ'

မောင်ထွန်းမောင်က ပါးစပ်တွင်ခဲထားသော ဆေးပြင်းလိပ်ကြီးကိုဖြုတ်ကာ...

'ကြည့်ရတာ ကျွန်တော်တို့ 'အလိုပြည့်' ထမင်းဆိုင်မှာ တွေ့ရတဲ့မနွယ်ဆိုတဲ့ မိန်းကလေးနဲ့တော်တော်တူတယ်၊ ဒါပေမယ့် လည်း မနွယ်လည်းမဖြစ်နိုင်ဘူး၊ ဓာတ်ပုံထဲက မဝင်းဟာ အခု ရှိရင် အသက် (၅၀)ကျော်အရွယ်ဖြစ်နေမှာကိုး'



www.burmeseclassic.com

www.burmeseclassic.com



ဆားပုလင်းနှင်းအောင်က ပြုံးကာ…

'အဲဒီဓာတ်ပုံထဲက မဝင်းဟာ မနွယ်နဲ့တူတယ်ဆိုပေမယ့် သေသေချာချာကြည့်ရင် ဓာတ်ပုံထဲက မဝင်းရဲ့ဘယ်ဘက်ပါးပြင်ပေါ်မှာ စပယ်တင်မှဲ့လေးတစ်လုံးရှိနေတာ တွေ့တယ်၊ မနွယ်ကို အပြင်မှာတွေ့ဖူးသားပဲ၊ ဒီမှဲ့ကလေးမှမရှိဘဲ၊ တကယ်တော့ မနွယ်ဟာ မဝင်းမဟုတ်ဘူးကွ၊ မဝင်းရဲ့သမီး၊ ဒါကြောင့် ရုပ်ချင်းလာတူနေတာပေါ့'

လူဆိုးထိန်းမောင်ထွန်းမောင်က အံ့ဩစွာဖြင့်…

'ဒါဖြင့် မဝင်းဆိုတာက…'

'မဝင်းဆိုတာက အဲဒီအလိုပြည့်ထမင်းဆိုင်က ဆိုင်ရှင်အဒေါ်ကြီးကွ၊ ပိုက်ဆံသိမ်းတဲ့စားပွဲမှာ ထိုင်နေတဲ့ ဝဝကြီးပေါ့၊ သူက ဝလို့ ပုံပန်းပျက်ပြီး ငယ်ရုပ်ဖမ်းရခက်နေတာ၊ ဒါပေမယ့် ဘယ်ဘက်ပါးပြင်ပေါ်က စပယ်တင်မှဲ့ကြီးကတော့ ဖျောက်ဖျက်လို့မရပါဘူး'

မောင်ထွန်းမောင်က လက်ဖျောက်တစ်ချက်တီးလိုက်ကာ…

'ဟုတ်ပြီ၊ ဒီမိန်းမကြီးရဲ့နာမည်ကလည်း ဒေါ်ဝင်းပဲမဟုတ်လားဆရာ၊ သူတို့သားအမိမှန်း လူသိခံချင်ပုံမရဘူး၊ ဒါကြောင့်





သူ့ဆိုင်မှာ မနွယ်က စားပွဲထိုးဝင်လုပ်ချင်ယောင်ဆောင်နေတာကိုး၊ အခု ဆရာ ဘယ်ကိုသွားမလဲ'

'ဘယ်သွားရမလဲ၊ အလိုပြည့်ထမင်းဆိုင်ဝဲပေါ့ကွ'

၈၈



www.burmeseclassic.com

www.burmeseclassic.com

## ရှောင်ထွက်သွားသူ မနွယ်

ဆိုင်မှာ ထမင်းစားချိန်မဟုတ်သဖြင့် လူအတော်ပင် ရှင်းလင်းနေ၏။

ဆားပုလင်းနှင်းအောင်နှင့်မောင်ထွန်းမောင်တို့က ဆိုင်ထဲသို့ မျက်စိကစားကာကြည့်လိုက်သော်လည်း မနွယ်ကိုမတွေ့ရ၊ တခြားစားပွဲထိုးမိန်းကလေးများသာ တွေ့ရ၏။

ဆိုင်ရှင်ဒေါ်ဝင်းကတော့ ဆားပုလင်းနှင်းအောင်ကို တွေ့သည်နှင့်…

'လာဟေ့… မောင်နှင်းအောင်၊ မင်းတို့ထမင်းစားလာတာ နောက်ကျလှချည်လား'





'ကျွန်တော်တို့ ထမင်းစားပြီးပါပြီ ဒေါ်ဒေါ်၊ သက်သက်ကို လှည့်လာတာပါ၊ ဒါနဲ့မနွယ်ကော မတွေ့ပါလားဒေါ်ဒေါ်'

'ဘာကိစ္စများရှိလို့လဲ မောင်နှင်းအောင်၊ မနွယ်တစ်ယောက်တော့ပြန်သွားပြီကွဲ့၊ တစ်ပတ်လောက်တောင်ရှိပြီ'

ဆားပုလင်းနှင်းအောင်က နောက်ချသွားပြန်ပြီဟု စိတ်ထဲမှ တွေးလိုက်မိ၏။

ဦးဖိုးထောင်ကို အသေဖမ်းမိသွားသည့်အတွက် သဲလွန်စတည်စိုးကာ ခြေရာဖျောက်သွားခြင်း ဖြစ်၏။ ဒေါ်ဝင်းက…

'ဒေါ်ဒေါ်ကိုယ်တိုင်ကလည်း ဆိုင်ပိတ်ပြီး တောပြန်ဖို့ စိတ်ကူးနေတယ်ကွဲ့၊ ဆိုင်ကလည်း အရင်ကလို ရောင်းမကောင်းဘူးလေ'

'မနွယ်ပြန်သွားတဲ့ တောက ဘယ်တောလဲ ဒေါ်ဒေါ်'

'မြစ်ဝကျွန်းပေါ်တစ်နေရာပဲကွဲ့၊ ဒေါ်ဒေါ်ကလည်း အသက်ကြီးလာတော့ မေ့တတ်နေတယ်၊ ကောင်းကောင်းမမှတ်မိတော့ဘူး'

ဒေါ်ဝင်း လိမ်ပြောနေကြောင်း ဆားပုလင်းနှင်းအောင်နှင့် မောင်ထွန်းမောင်တို့ သိကြ၏။



www.burmeseclassic.com

www.burmeseclassic.com



သို့သော် ဒေါ်ဝင်းထံမှ သည်ထက်ပို၍သိနိုင်ရန် မျှော်
ချက်မရှိတော့သဖြင့် ပြန်လာခဲ့ကြ၏။

'ဒီအဒေါ်ကြီးကို အခုနေ ဖမ်းလိုက်ရင် မကောင်းဘူးလား
ဟင်'

'ငါ့အထင်တော့ ဒီဒေါ်ဝင်းဟာ ရာဇဝတ်မှုတွေမှာ အဓိ
နေရာက ပါဝင်ဟန်မတူဘူး၊ တကယ့်အဓိကတရားခံက
ခြေရာဖျောက်သွားတဲ့ မန္တယ်ဟာ ရွှေနန်းသီဂီအမည်ခံ လူ
နေတာပဲ ဖြစ်ရမယ်၊ သူ့ပထွေးဦးဖိုးမောင်ဟာလည်း မန္တ
ကြိုးဆွဲတာကို ခံနေရတဲ့သူလည်း ဖြစ်ရမယ်'

သူကြုံဖူးခဲ့သောရွှေနန်းသီဂီနှင့် မန္တယ်ကို ဆားပုလင်း
အောင် က သူ့စိတ်ကူးထဲတွင် ပုံဖော်ကြည့်နေ၏။

'မင်း လူအချို့ကို ဒီဆိုင်မှာစောင့်ကြည့်ဖို့ တာဝန်ပေး
လိုက်၊ လူဝင်လူထွက်ကိုလည်း မှတ်ပြီးတော့ အသွားကြီး
ခြေရာဖျောက်မသွားစေနဲ့'

'စိတ်ချပါ ဆရာ'

ဟု မောင်ထွန်းမောင်က အားတက်သရော ပြောလိုက်
၏။



## လမ်းပေါ်မှ သေနတ်သံများ

'ရွှေနဂါး' စားတော်ဆက်သည် တိတ်ဆိတ်အေးချမ်းသော
ခြံဝင်းကြီးတစ်ခုအတွင်း၌ရှိကာ အေးအေးဆေးဆေး စားသောက်
လိုသူများ စိတ်ကြိုက်တွေ့စရာ နေစရာဖြစ်သော်လည်း ဈေးနှုန်း
ကြီးမားသဖြင့် အထက်တန်းစားမိသားစုများသာ လာရောက်စား
သောက်လေ့ရှိသောဆိုင် ဖြစ်၏။

မြို့လယ်ခေါင်နှင့် အတန်ငယ်ဝေးကွာသဖြင့် လာရောက်
စားသောက်ဖို့ရန်မှာ ကိုယ်ပိုင်ကားရှိသူများအတွက် အဆင်ပြေ
သလိုရှိ၏။



www.burmeseclassic.com

www.burmeseclassic.com



မှောင့်ရိပ်ပျိုးစအချိန်တွင် ရွှေနဂါးစားသောက်ဆိုင်၌ စားသောက်နေသူတို့ဖြင့် စည်ကားလျက်ရှိ၏။ ထောင့်စားပွဲတစ်ခုတွင် အထက်တန်းကျသော ရုပ်ရည်ရှိကာ တန်ဖိုးကြီးမြင့်လှသော အဝတ်တန်ဆာများကို သေသပ်ကျနစွာဝတ်ဆင်ထားသည့် လူလတ်ပိုင်းအရွယ် လူရွယ်တစ်ယောက်နှင့် မိန်းမပျိုတစ်ဦးတို့ အေးအေးဆေးဆေးထိုင်ကာ ညစာ စားသောက်နေကြ၏။

ထိုသူနှစ်ယောက်မှာ မြို့အုပ်ကလေးကိုရန်မြင့်နှင့် မမူယာတို့သာဖြစ်၏။

ကိုရန်မြင့်နှင့်မမူယာတို့မှာ မကြာသေးမီကာလက လက်ထပ်ရန်စီစဉ်ထားသော်လည်း မမူယာအစ်ကို ကိုနေလင်းနှင့်ယောက်မ မနန်းတို့ ရှေ့ဆင့်နောက်ဆင့် သေဆုံးကုန်ခြင်း၊ ဒေါ်လေးခင်ကို လုပ်ကြံရန် ကြံစည်ခြင်းစသော အရေးအခင်းများ ဆက်လက်ဖြစ်ပေါ်နေသဖြင့် လက်ထပ်ဖို့ကိစ္စကို ရွှေ့ဆိုင်းနေရခြင်းဖြစ်၏။

'ဒီကိစ္စတွေ မကြာခင်ရှင်းရှင်းလင်းလင်းပြီးသွားလိမ့်မယ်လို့ မျှော်လင့်ရတာပဲကိုရန်မြင့်'

'ပြီးသွားပါစေလို့ ကိုယ်ဆုတောင်းပါတယ်မူယာ၊ ဒါမှကိုယ်နဲ့မူယာလည်း မြန်မြန်နီးရမှာ မဟုတ်လား၊ ကိုယ့်မိတ်ဆွေ





င်းအောင်ကိုယ်တိုင် ဒီကိစ္စကို ကိုင်တွယ်နေတယ်ဆိုတော့ ရိမ်စရာ မရှိပါဘူး'

ဦးဖိုးထောင်ကိုမိတယ်ဆိုပေမယ့် သူ့နောက်က ကြိုးကိုင်တဲ့ ရွှေနန်းသီရိဆိုတာကို မမိသေးဘူးဆိုတော့ စိတ်ချလက်ချ လို့မဖြစ်ဘူး။

'သူက အတိတ်ကရန်ငြိုးကို အခုမှအကောင်အထည်ဖော်ဖို့ စားနေတာ အဓိပ္ပါယ်တစ်ခုခုတော့ ရှိလိမ့်မယ်ထင်တယ်၊ င်းအောင်က ရွှေနန်းသီရိဆိုတာ ငယ်ငယ်ချောချောမိန်းကလေး ယောက်ပဲတဲ့၊ သူက သူသိတာတွေကိုတော့ အကုန်လုံးပြော ဟန်မတူဘူး၊ တစ်စုံတစ်ခုကို လျှို့ဝှက်ထားလိုဟန်ရှိတယ်၊ ဝင်းရဲ့သမီးဖြစ်တယ်လို့ ပြောတာပဲ'

'ဒါကတော့ သူ့အလုပ်အကိုင်နဲ့ပတ်သက်နေတာကိုး ကိုရန်မြင့် မူယာရင်ထဲမှာတော့ တစ်မျိုးကြီးခံစားနေရတယ်၊ တွေးရတာ မချမ်းသာဘူး'

'ဘာကိုလဲဟင် မူယာ'

'ရွှေနန်းသီရိကိုပေါ့၊ ဘာပဲပြောပြော ရွှေနန်းသီရိဆိုတာ မေ ပြောခဲ့သလိုဆိုရင် ဒီရွှေနန်းသီရိဆိုတာ မူယာရဲ့အစ်မပဲ ဟုတ်လား'



www.burmeseclassic.com

www.burmeseclassic.com



'ဟုတ်ပါရဲ့၊ ကိုယ်လည်း ခုမှတွေးမိတယ်၊ သူနဲ့မူယာ
ဖအေတူမအေကွဲ ညီမအရင်းတွေပဲဟာ'

'အဲဒါကြောင့် စိတ်မကောင်းဘူးပြောတာပေါ့၊ သူ
ကြောင့် ခုလို ရာဇဝတ်မှုမကင်းတဲ့အလုပ်တွေ လုပ်နေတာ
မသိဘူး၊ မူယာကတော့ မမြင်ဖူးပေမယ့် သွေးကစကားပြောတာ
သူ့ကို နစ်နစ်နာနာ မထိခိုက်စေချင်ဘူး'

ကိုရန်မြင့်က မမူယာ၏စိတ်ကို ကျိတ်ကာချီးမွမ်းလိုက်
တကယ်တော့ ရွှေနန်းသိဂီသည် မူယာအစ်ကိုနှင့်ယောကျ်ား
ကို သတ်ရုံသာမက အမေနှင့်မူယာကိုယ်တိုင်ကိုပင် အခွင့်သာ
က လုပ်ကြံသတ်ဖြတ်ရန် ရည်ရွယ်ချက်ရှိသူမှန်း သိထားပါလျ
မူယာက ထိုကဲ့သို့သော ရန်သူကို မေတ္တာမပျက်ထားနိုင်သည်
တွက် အံ့သြချီးမွမ်းမိခြင်းဖြစ်လေ၏။

'သူကလည်း အစ်ကိုနေလင်းကိုသတ်ဖို့ မသင့်ဘူး၊ အစ်
နေလင်းဆိုတာလည်း သူ့အစ်ကိုပဲ မဟုတ်လား၊ အဖေက ရွှေ
တာချင်း အတူတူပါ၊ အင်း… လောကမှာ လောဘ၊ ဒေါ
မောဟတွေ ရန်ငြိုးတွေ၊ အမုန်းတွေက တော်တော်ကြောက်
ကောင်းတယ်နော် ကိုရန်မြင့်၊ မောင်နှမချင်းပေမယ့် ညှာ

…အောင်းမှန်းမသိလောက်အောင် မိုက်ကန်းတွေဝေခဲ့တယ်'

ကိုရန်မြင့်က လေးလေးတွဲတွဲပြောနေသော **မူယာကို**ပြုံး
…ကြည့်ကာ…

'မူယာလေသံကလည်း သံဝေဂသံပါလိုက်တာ၊ **လောဘ**
…ငြိုးငွေ့ပြီး မနက်ဖြန့်၊ သန်ဘက်ခါ တောထွက်တော့မယ့်အ
…င်းပဲ၊ ဦးပုညကတော့ သူ့လေးချိုးတစ်ပုဒ်ထဲမှာ တောထွက်ခါ
… မောင်ကြီးကို တချွေကိုယ်မယ်၊ မင်းလိုက်ခဲ့ဦးလို့ ဆိုတယ်၊
…သာကရော'

'နောက်ရွှတ်ရွှတ်စကားတွေ ပြောမနေစမ်းပါနဲ့ကိုရန်မြင့်က
…ယ်၊ ကဲ… မှောင်လာပြီ၊ ပြန်ကြရအောင်၊ အိမ်မှာမေမေတစ်
…သာက်တည်းထားခဲ့ရတာ စိတ်မချဘူး'

သူတို့နှစ်ယောက်ပြန်ရောက်သောအခါ အပြင်ဘက်တွင်
…မှောင်ကအတော်ပင် စိုးမိုးစပြုနေလေပြီ။

…ကားကို ကိုရန်မြင့်က အေးအေးဆေးဆေးပင် မောင်းလာ
…၏။

သူက ခွင့်ရက်ရှည်ရှည်ယူ၍မရ။
ထို့ကြောင့် အလုပ်ရှိရာမြို့ကလေးသို့ ပြန်ရဦးမလို ဖြစ်နေ၏။





www.burmeseclassic.com

www.burmeseclassic.com



သို့သော် မူယာနှင့်သူ့အမေကို ထူပြောလှသော အန္တရာ
ကြားတွင် ဤအတိုင်းထားပစ်ခဲ့ရန်မှာလည်း မဖြစ်နိုင်ပြန်
လက်ထပ်၍ခေါ်သွားမည်ဆိုပါက ဒေါ်လေးခင်ကိုလည်
ခေါ်သွားရပေမည်။ သူတို့နေထိုင်ရာဒေသကို စွန့်လွှတ်ကာ
ခေါ်ရာလိုက်ပါ နိုင်မည်လား။

ကိုရန်မြင့်ကားမောင်းရင်း အတွေးပုံ့လွင့်နေစဉ်မှာပင်
ကားအောမှ ပန်းတက်သွားသော ဂျစ်ကားတစ်စီးက ရှေ့လမ်း
ကြီးကာပိတ်ရပ်လိုက်၏။

ပြီးတော့ဂျစ်ကားပေါ်မှ ဦးထုပ်ကိုမျက်နှာပေါ်အထိ အုပ်
အောင်ဆောင်းထားသော လူသုံးယောက်ဆင်းလာ၏။

သူ့ကားကို ချက်ချင်းပြန်ကွေ့မောင်းရန် မဖြစ်နိုင်။

အန္တရာယ်၏အနံ့ကို ကိုရန်မြင့်ရရှိလိုက်၏။

ကားဆီသို့လျှောက်လာသော လူသုံးယောက်က သူတို့
များကို မြှောက်ကာ ဆန့်တန်းလိုက်၏။

ထိုလက်များတွင် သေနတ်ကိုယ်စီကိုင်ဆောင်ထား
အမှောင်ထဲတွင်ပင် သူ့ခန့်မှန်းလိုက်မိ၏။

'ဝပ်လိုက် မူယာ'





ဘာတွေဖြစ်နေမှန်း မသိသဖြင့် ကြောင်ငေးနေသော မူယာ့
ခေါင်းကို သူ့လက်တစ်ဖက်ဖြင့် ဆွဲကာနှိမ့်ချကာ ကျန်လက်တစ်
ဖက်ဖြင့် သူ့ကုတ်အင်္ကျီအိတ်ထဲက သေနတ်ကိုဆွဲထုတ်လိုက်၏။

တစ်ဖက်က လူသုံးယောက်က လျှောက်လာရင်း သူတို့ကား
ဆီသို့ ချိန်ရွယ်ကာပစ်ခတ်လာ၏။

သူတို့လက်များတွင် ကိုင်ထားသောသေနတ်များဆီမှ ထွက်
ပေါ်လာသည့် လိမ္မော်ရောင်မီးပွင့်ကလေးတွေကိုမြင်ရင်း တဒိုင်း
ဒိုင်းမြည်ဟိန်းပေါက်ကွဲသွားသော သေနတ်သံတွေနှင့်အတူ ကျည်
ဆန်တွေက ကိုရန်မြင့်တို့ကားမှန်တံခါးများကို ထိမှန်ကာ ကွဲရှ
လွင့်စင်ကုန်၏။

ကိုရန်မြင့်က အသာခေါင်းထောင်ကြည့်ကာ သူ့လက်ထဲက
သေနတ်ဖြင့် ပြန်လည်ပစ်ခတ်လိုက်၏။

လမ်းပေါ်တွင် ထင်းထင်းကြီးရပ်နေသော လူသုံးယောက်
မှာ သူ့အတွက် အကာအကွယ်မဲ့ပစ်မှတ်ကောင်းများဖြစ်နေလေ၏။

နှစ်ယောက်ကို သေနတ်ထိမှန်ကာ အားခနဲအော်သံတွေ
ကြားရ၏။

တစ်ယောက်က ခွေလဲကျသွား၏။



www.burmeseclassic.com

www.burmeseclassic.com



တစ်ဖက်က လှည့်ယောက်မှာ ကိုရန်မြင့်တို့တွင် သေနတ်ပါလာနိုင်သည်ဟု မှန်းဆထားပုံမတူ။

ထို့ကြောင့် ယခုကဲ့သို့ လျှပ်တစ်ပြက် ပြန်လည်တိုက်ခိုက်သောအခါ အထိနာသွားကာ အလန့်တကြား ဆုတ်ပြေးသွားကြ၏။ ကားလမ်းပေါ်တွင် လဲကျနေသူကို ဆွဲတင်ကာကား ထိုနေရာမှ တရကြမ်း မောင်းနှင်ထွက်ပြေးသွားလေ၏။

'မှူယာ ဘယ်ထိသွားသေးလဲ'

သေနတ်များဖြင့် ပစ်ခတ်ကြသည်ကို မကြုံဖူးသော မမှူယာသည် ကြောက်ရွံ့တုန်လှုပ်နေ၏။

ချက်ချင်းစကားမပြောသေးဘဲ ခေါင်းသာခါပြ၏။

သို့သော် ကိုရန်မြင့်ပါးပြင်ပေါ်မှ သွေးများစွန်းပေနေသည်ကို မြင်ရသောအခါ၌ စိုးရိမ်သောလေသံဖြင့်…

'ကိုရန်မြင့် သွေးတွေ၊ ရှင့်ပါးကို သေနတ်မှန်သွားသလားဟင်'

ကိုရန်မြင့်က ပြုံးကာ ပါးပြင်ပေါ်မှ ဒစ်ရာကိုစမ်းသပ်လိုက်ရင်း…

'သေနတ်မှန်တာ မဟုတ်ဘူး မှူယာရဲ့၊ မှန်ကွဲစဉ်တာကရှပြီး သွေးထွက်နေတာပါ'





သည်တော့မှ မှူယာစိတ်အေးသွား၏။

'ဘယ်ကလူတွေလဲဟင်'

'ဘယ်သိမလဲ မှူယာရယ်၊ တစ်ခုတော့ရှိတယ်၊ မှူယာကိုသစေချင်နေတဲ့ ရွှေနှန်းသီဂီရဲ့အဖွဲ့ကဖြစ်ဖို့ကတော့ သေချာတယ်၊ နောက်တစ်ခုသေချာတာက အနုနည်းကိုအသုံးပြုဖို့ စိတ်ရှည်တော့လို့နဲ့ထင်တယ်၊ ဒါကြောင့် ထိပ်တိုက်ရင်ဆိုင်တွေ့ရတဲ့ အခုလို အကြမ်းနည်းကို အသုံးပြုလာတာပဲ၊ သူ့ပထွေးထောင် သေဆုံးသွားရတာ မကျေမနပ်ဖြစ်ပြီး ပေါက်ကွဲသွားဟန်လည်း တူတယ်၊ နောက်ဆို ကိုယ်တို့ ဒီထက် သတိရှိမှဖြစ်တော့မယ် မှူယာ'

ကိုရန်မြင့် သတိပေးစကားက မမှူယာအား ကျောရိုးထဲမှ အေးစက်လာအောင် ကြောက်ရွံ့သွားစေတော့၏။



www.burmeseclassic.com

www.burmeseclassic.com

## လက်ကောက်နဲ့ငွေစက္ကူ အရောင်းအဝယ်

ရန်ကုန်မြစ် ကမ်းနားလမ်းသည် နေ့ဘက်တွင် ရောင်းဝ
ဖောက်ကားသူများ ဆိုက်ကပ်ခြင်း၊ ထွက်ခွာခြင်းပြုနေသော
သမ္ဗန်များဖြင့် ရှုပ်ထွေးစည်ကားနေတတ်သော အရပ်ဖြစ်သေ
လည်း ညအခါတွင်မူ လူသူ လုံးဝခြောက်သွေ့တိတ်ဆိတ်
ဒုစရိုက်ကျူးလွန်သူများ၊ အိမ်ခြေရာမဲ့များ ခိုအောင်းကျက်စား
နေရာဒေသတစ်ခု ဖြစ်နေ၏။

ဆိပ်ခံဇောတ်တားများ၊ ဂိုဒေါင်ကြီး ဂိုဒေါင်ကြားများ
သူတို့၏အိမ်စက်နားနေရာ အဆောင်ခန်းများ ဖြစ်၍နေ၏။





ယနေ့လည်း မှုန်ပျပျရှိသော ကမ်းနားလမ်းမှ အလင်းရောင်ကို အခွင့်ကောင်းယူကာ ဒုစရိုက်သမားတစ်စုသည် တရားမဝင်ကိစ္စတစ်ခုကို ဆောင်ရွက်ရန် ကြိုးစားလျက်ရှိ၏။

ဂိုဒေါင်တွင်ရပ်လျက်တွင် ရပ်နေသော လူသုံးယောက်အနက် အလယ်ကောင်မှလူမှာ အနောက်တိုင်းဝတ်စုံအဖြူကို ဝတ်ဆင်ကာခေါင်းတွင်လည်း ကက်ဦးထုပ်အဖြူတစ်လုံးကို ဆောင်းထားသဖြင့် မြင်ရသောဒုစရိုက်သမားတိုင်းက နာမည်ကြီးဘီလူးယက္ခဆိုသူမှန်းသိ၍ နေကြလေ၏။

ဘီလူးယက္ခတို့ ယနေ့ည ကမ်းနားလမ်းဂိုဒေါင်ကြီးဆီသို့ ရောက်နေရခြင်းမှာ ရွှေနန်းသိင်္ဂီ၏ ညွှန်ကြားချက်အရ သူတို့ဆီတွင်ရှိနေသော ပန်ဖွာဘုရင်မလက်ကောက်ကို အရောင်းအဝယ်ပြုရန်ဟူသော ရည်ရွယ်ချက်နှင့် ဖြစ်၏။

မကြာမြင့်မီပင် ရှေ့မီးလုံးကြီးကိုမှိတ်ကာ မောင်းနှင်လာသည့် ဂျစ်ကားတစ်စီးသည် ကမ်းနားလမ်းထဲသို့ ချိုးကွေ့မောင်းဝင်လာကာ ဘီလူးယက္ခတို့စောင့်ဆိုင်းနေသော ဂိုဒေါင်အနီး အမှောင်ရိပ်တွင် ရပ်လိုက်၏။

ထိုကားပေါ်မှ လူသုံးယောက်ဆင်းလာလေသည်။ ထိုသူတို့



www.burmeseclassic.com

www.burmeseclassic.com



မှာ ဘီလူးယက္ခထံမှ လက်ကောက်ကိုဝယ်ယူမည့်သူများသာ ဖြစ်၏။

မြင့်မားသောအရပ်၊ ထွားကျိုးသောကိုယ်လုံးဖြင့် လူကြီးတစ်ယောက်က ထိုအုပ်စုကို ခေါင်းဆောင်လာ၏။

ထိုလူ၏ခန္ဓာကိုယ်ပေါ်တွင် ရှည်လျားသောလောင်းကုတ် (ခေါ်) ကုတ်အင်္ကျီအရှည်ကြီးတစ်ထည်ကို ဝတ်ဆင်ထားသဖြင့် ပို၍ကြီးထွားနေ၏။

ထိုလူသုံးယောက်က ဘီလူးယက္ခတို့ရပ်နေသောနေရာနှင့် ခြေလှမ်းငါးလှမ်းကွာသောနေရာသို့ရောက်သောအခါ ရပ်တန့်လိုက်ကြ၏။

ဘီလူးယက္ခက ထိုလူထွားကြီးကို လှမ်းကြည့်ကာ…

'ဘယ်လိုလဲ သောင်းထိုက်၊ လာတာနောက်ကျလှချည်လား'

'ချိန်းထားတာထက် ၁၅ မိနစ်ပဲ စွန်းပါသေးတယ်'

'တစ်ခါတလေကျတော့ တစ်မိနစ်ဆိုတဲ့အချိန်ကလေးကပဲ သေရေးရှင်ရေးကိစ္စတွေကို ဆုံးဖြတ်သွားတာပဲမဟုတ်လား ခင်ဗျားလုပ်ပုံက ကျုပ်တို့ကိုပုလိပ်စောင့်ခိုင်းထားတာနဲ့တူတယ်'

'ဒီမယ် ဘီလူး၊ ကျုပ်တို့နောက်ကို ပုလိပ်လိုက်နေလို့





ခြေရာဖျောက်နေတယ်၊ ဒါကြောင့် ဒီလောက်ကြာသွားတာ၊ ကဲပါလေ အပိုတွေပြောမနေနဲ့၊ ခင်ဗျားတို့ရောင်းဖို့ ပစ္စည်းပါတယ် မဟုတ်လား'

'ပါတာပေါ့ဗျာ၊ ခင်ဗျားတို့ငွေရော'

သောင်းထိုက်ဆိုသူက သူ့လက်တစ်ဖက်က ဆွဲထားသော အိတ်ကြီးကို မြှောက်ပြလိုက်၏။

'ခင်ဗျားပြောတဲ့အတိုင်း ရာတန်တွေချည်းပဲ'

'ဟောဒီမှာ လက်ကောက်'

ကျောက်စီလက်ကောက်တစ်ဖက်ကို ကုတ်အင်္ကျီထဲမှ ထုတ်ကာမြှောက်ပြလိုက်၏။ သောင်းထိုက်က…

'ခင်ဗျားလက်ကောက်က အတုမဟုတ်ပါဘူးနော်'

'ခင်ဗျားရဲ့ငွေကကော စစ်ရဲ့လား'

'စစ်မစစ်တော့ ခင်ဗျားကိုယ်တိုင်ပဲ စစ်ကြည့်ပေတော့'

သောင်းထိုက်က ဘီလူးယက္ခကိုစစ်ဆေးကြည့်ခိုင်းရန် ရည်ရွယ်ချက်ဖြင့် အိတ်ထဲမှ ငွေစက္ကူတစ်ထုပ်ကိုနှိုက်ယူလိုက်၏။

သို့သော် တကယ်တမ်း လက်တွေကိုပြန်ထုတ်လိုက်သောအခါ ငွေစက္ကူအစား မည်းနက်သောပစ္စတိုသေနတ်သာပါလာ၏။



www.burmeseclassic.com

www.burmeseclassic.com



ထိုပစ္စတို့နှင့် ယက္ခတို့သုံးယောက် မလှုပ်မရှားနိုင်စဉ်မှာပင် ချိန်ရွယ်လိုက်၏။

တစ်ပြိုင်နက်တည်းမှာပင် သူ့ဘေးမှလူနှစ်ယောက်ကလည်း သူတို့သေနတ်များကိုထုတ်ကာ ချိန်ရွယ်လိုက်၏။

'ကဲ… ယက္ခ လက်မြှောက်လိုက်ပါ၊ လှုပ်မယ်လို့တော့ မကြိုးစားပါနဲ့'

သို့သော် ဘီလူးယက္ခက ကြောက်ရွံ့ခြင်းမရှိဘဲ 'တဟားဟား' ရယ်လိုက်ပြီး…

'သြော်… မှန်တိုင်းစိုးဒင်… မှန်တိုင်းစိုးဒင်… ကိုယ့်ကိုယ်ကိုတော်တော်အထင်ကြီးတဲ့ လူကိုး'

ယက္ခစကားကြောင့် 'သောင်းထိုက်'ဆိုသောသူ အတော်ပင်တုန်လှုပ်သွား၏။

'သြော်… ငါဟာ စိုးဒင်ဆိုတာ မင်းတို့သိနေတာကိုး'

ယက္ခကရယ်လိုက်ပြီး…

'ကျုပ်တို့က အကဲခတ်တော်လွန်းလို့မဟုတ်ပါဘူးဗျာ ခင်ဗျားကိုယ်တိုင်က ရုပ်ဖျက်တာညံ့လွန်းလို့ပါ၊ အင်းလေ… ခင်ဗျားရဲ့ကြီးမားတဲ့ကိုယ်လုံးကြီးက ဖျောက်ဖျက်ဖို့ လွယ်တာမှ





ဟုတ်တာ၊ ကျုပ်တို့ဆီက လက်ကောက်ကိုရယ်ဖို့ သောင်းထိုက်ပြီးစတင်ဆက်သွယ်ကတည်းက ကျုပ်တို့ သံသယရှိခဲ့တာ၊ ရိုက်လောကမှာ 'သောင်းထိုက်'ဆိုတာက အရင်က ရှိမှမရှိခဲ့တာ'

မှန်တိုင်းစိုးဒင်က…

'အင်းလေ… မင်းဘာတွေပဲသိသိ အဲဒီအသိက အသုံးမဝင်တော့ဘူး၊ မင်းအသုံးချချင်တယ်ဆိုရင် ငရဲပြည်မှာသာ အသုံးချတော့'

သို့သော် စိုးဒင်အနီးမှ အမှောင်ထဲမှ 'ရှမ်းခနဲ'အသံတစ်ချက်ကြားကာ သေနတ်ကိုင်ထားသော လက်ကောက်ဝတ်မှာ မှူခနဲဖြစ်သွား၏။

လက်ကောက်ဝတ်ကို မြွေတစ်ကောင်ရစ်ပတ်လိုက်သကဲ့သို့ ားရ၏။

သို့သော် တကယ်တမ်း လာရောက်ရစ်ပတ်သည်မှာ မြွေကောင်မဟုတ်ဘဲ ကျာပွတ်နက်တစ်ချောင်းဖြစ်ကာ ဆောင့်ဆွဲခံရသဖြင့်လည်းကောင်း၊ လန့်ဖျပ်နာကျင်သွား၍လည်းကောင်း၊ င်လက်ထဲမှာ သေနတ်လွတ်ကျသွားလေ၏။



www.burmeseclassic.com

www.burmeseclassic.com



သည်တော့မှ စိုးဒင်ဘေးတွင်ရှိသော ပစ္စည်းထည့်သည့်ကွန်တင်နာပေါ် ကြီးမားသည့်သေတ္တာကြီးတစ်လုံးပေါ်မှ အဝင်အစားနက်များဝတ်ဆင်ထားသည့် 'ရွှေနန်းသီဂီ'က ပေါ့ပါးစွာခုန်ချလာ၏။

'မုန်တိုင်းစိုးဒင် ရှင့်ဉာဏ်တစ်ထွာတစ်မိုက်နဲ့ ရွှေနန်းသီဂီတို့ကို ကြံစည်တာကတော့ တော်တော်မိုက်မဲရာကျပါပေတယ်။ အမှန်တော့ ဒီကိုရှင့်ဆရာဦးအုန်းက လွှတ်လိုက်တာဟာ ရှင့်ကိုသေမင်းတမန်ဆီ လွှတ်လိုက်တာနဲ့ အတူတူပါပဲ'

မုန်တိုင်းစိုးဒင်က သူ့ကိုယ်သူ ကျိန်ဆဲလိုက်၏။

တကယ်တော့ သည်ရောက်ကတည်းက ရွှေနန်းသီဂီပျောက်နေသည်ကို သတိထားမိဖို့ကောင်း၏။

ရွှေနန်းသီဂီက လူတစ်ရပ်ကျော်မြင့်သော သေတ္တာကြီးပေါ်ရောက်နေသည့်အပြင် တစ်ကိုယ်လုံးအဝတ်နက်တွေ ဝတ်ဆင်ထားသဖြင့် ဂရုမပြုမိခြင်းဖြစ်၏။

သို့သော် စိုးဒင်တို့ဘက်က လုံးဝဆုံးရှုံးပြီဟု မယူဆနိုင်သေး

သူ့လက်ထဲက သေနတ်လွှတ်ကျသွားသော်လည်း သူ့လူယောက်ကတော့ သူတို့လက်ထဲက သေနတ်တွေနှင့်ရွှေနန်းသီဂီတို့ကို ချိန်ထားဆဲဖြစ်၏။





ရွှေနန်းသီဂီနှင့်ယက္ခတို့မှာ ယခုထက်တိုင်အေးအေးဆေးဆေးတည်ငြိမ်နေလှသည်ကို မြင်သဖြင့် မုန်တိုင်းစိုးဒင် သံသယဝင်သွား၏။

ဘေးပတ်ဝန်းကျင်တွင် စိုးဒင်တို့မမြင်အောင် ရွှေနန်းသီဂီ၏လူတွေက ပုန်းအောင်းကာ သေနတ်နှင့်ချိန်ထားလေမလားဟုတွေးကာ ပူပန်နေ၏။ သို့သော် ဘေးပတ်ဝန်းကျင်ကို အကဲခတ်သော်လည်း ထိုသို့ မသင်္ကာစရာမတွေ့ရချေ။

ထို့ကြောင့် အားတက်သွားကာ…

'ဒီလောက်လည်း အပြောမကြီးပါနဲ့ ရွှေနန်းသီဂီ၊ အခုအသာဖြစ်နေရတာ ကျုပ်တို့ပါ၊ ခင်ဗျားတို့ဘယ်လောက်လျင်လျင် သေနတ်ကျည်ဆန်ကတော့ မြန်မှာမဟုတ်ဘူး၊ ဟော့ကောင်တွေ ပစ်လိုက်ကြစမ်း'

စိုးဒင်အမိန့်ပေးစကားဆုံးသည်နှင့် သူ့ဘေးတွင်ရပ်နေသော လူအပည့်တစ်ယောက်က သေနတ်ကို 'မုန်တိုင်းစိုးဒင်'၏ နားထင်ကို ချိန်ကာ ပစ်ခတ်လိုက်လေ၏။

ကျန်သေနတ်သမားတစ်ယောက်က မထင်မှတ်သော အဖြစ်ကြောင့် ကြောင်ငေးနေစဉ် ဘီလူးယက္ခမှထွက်လာသော မြွှာင်က ရင်ဝကို စူးဝင်လဲကျသွားလေတော့၏။



www.burmeseclassic.com

www.burmeseclassic.com



တကယ်တော့ မုန့်တိုင်းစိုးဒင်ဆောင်းတွင် ပါလာသော သေနတ်ကိုင်တစ်ဦးမှာ ရွှေနန်းသီဂီတို့ စည်းရုံးသိမ်းသွင်းထားသူသာ ဖြစ်၏။

အခုတော့ မုန့်တိုင်း ရပ်စဲသွားလေပြီ။

အခြေအနေ မဟာန်မှန်း အကဲခတ်မိသော ဂျစ်ကားပေါ်မှ အကောင်ကလည်း ကားကိုမောင်းကာ ထွက်ပြေးလေတော့၏။

ဘီလူးယက္ခကကျနေသော မုန့်တိုင်း၏အိတ်ကြီးကိုကောက်ယူကာ ဆွဲဖွင့်လိုက်၏။ အထဲတွင် တွေ့ရသည်က စက္ကူစများသာ ဖြစ်လေရာ ထိုအိတ်ကြီးထဲသို့ ထွီခနဲတံတွေးထွေးကာ ထည့်လိုက်လေ၏။

ဝဝ

# ခကာရှောင်နေပါ

သတင်းစာကို စားပွဲပေါ်ပစ်ချလိုက်ပြီး ကိုရန့်မြင့်က ဆားလင်းနှင်းအောင်အား မေးလိုက်လေ၏။

အမည်မသိအလောင်းနှစ်လောင်းကို ရန်ကုန်ဆိပ်ကမ်းတွင် တွေ့ရကြောင်းနှင့် လူဆိုးဂိုဏ်းချင်းသဘောထားကွဲလွဲရာမှ ပစ်ခတ်တိုက်ခိုက်ကာ သေဆုံးခြင်းဖြစ်ကြောင်း၊ ပုလိပ်ဘက်လိုက်လံ စုံစမ်းနေကြောင်း သတင်းစာထဲက ဖော်ပြထား၏။

'ဘယ်သူတွေဆိုတာ ဖော်ထုတ်လို့ရပြီလား ကိုနှင်းအောင်'

'ရပြီဗျ၊ နှစ်ယောက်စလုံးက ရာဇဝင်လူဆိုးတွေဆိုတာ မှတ်တမ်းမှာရှိပြီးသား၊ တစ်ယောက်ကနာမည်ကြီး မုန့်တိုင်းစိုးဒင်

www.burmeseclassic.com



တဲ့၊ တစ်ယောက်ကတော့ သူ့တာပည့်မောင်ဒွန်းတဲ့၊ လုယက်မှု
ဆောင်ကထွက်လာတာ မကြာသေးဘူး'

'ဘယ်အဖွဲ့လက်ချက်ဆိုတာကော သိပြီလား'

ဆားပုလင်းနှင်းအောင်က ခေါင်းကို ညိတ်လိုက်ကာ…

'သေတဲ့လူနှစ်ယောက်ရဲ့နဖူးမှာ သွေးနဲ့နှိပ်ထားတဲ့ဘီလူး
ခေါင်းပုံတွေ့ရတယ်၊ ဒီတော့ ဘီလူးယက္ခလက်ချက်ဆိုတာ ထင်
ရှားတာပေါ့၊ ဘီလူးယက္ခဆိုတာ တခြားမဟုတ်ဘူးဗျ၊ ရွှေနန်းသိင်္ဂီ
ရဲ့ညာလက်ရုံးပဲ''

ကိုရန်မြင့်က ဆားပုလင်းနှင်းအောင်၏ စကားကိုကြား
သောအခါ သက်ပြင်းချလိုက်ရင်း…

'ကိုနှင်းအောင် ဒီကိုလာတာ အကြောင်းရှိလား'

'ရှိတယ် ကိုရန်မြင့်၊ ခင်ဗျားတို့ ရှောင်တိမ်းနေမယ်ဆို
ရှောင်တိမ်းနေသင့်ပြီလို့ ပြောမလို့၊ ကြာကြာမဟုတ်ပါဘူးဗျာ
မကြာခင်ကျွန်တော်တို့ရွှေနန်းသိင်္ဂီတို့အဖွဲ့ကို ဖြိုခွင်းနိုင်မှာ
ဒီတော့ ပြန်ထွက်လာကြတာပေါ့'

'ကောင်းတယ်၊ ပြင်ဦးလွင်မှာ ကျွန်တော့်အစ်ကိုဝမ်းကွဲ
တစ်ယောက်ရဲ့ တိုက်ရှိတော့ အဲဒီမှာသွားနေမလားလို့၊ ချက်ချင်း





တော့ သူတို့ခြေရာခံပြီးလိုက်လာနိုင်မှာ မဟုတ်ပါဘူး၊ ရာသီဥတု
မှာ အေးလွန်းတော့ အဘွားကြီးနဲ့တော့ သင့်တော်မှာမဟုတ်ဘူး၊
အဘွားကြီးကတော့ ဝိပဿနာရိပ်သာတစ်ခုခုမှာ စခန်းဝင်နေမယ်
လို့ပြောတာပဲ'

'ကောင်းပါတယ် ကိုရန်မြင့်၊ ကျွန်တော်သိရသလောက်ဆို
ရင် 'ရွှေနန်းသိင်္ဂီ'တို့အဖွဲ့ဟာ နောက်ပိုင်းမှာ အနုနည်းသုံးဖို့စိတ်
ကူးသည်တော့ဘဲ အကြမ်းဖက်လာလိမ့်မယ်လို့ ထင်တယ်၊ မုန့်တိုင်း
ကောင်နဲ့ဆုံလာတာကိုကြည့်ရင် ဒီဘက်မှာ လက်ရဲဇက်ရဲရှိလာတာ
ထင်ရှားတယ်၊ နောက်တစ်ချက်က…'

စကားကို ဆားပုလင်းနှင်းအောင်က ခဏရပ်လိုက်ပြီးမှ…

'ဒေါ်ဝင်းဆိုတဲ့အဘွားကြီးကို ဌာနအုပ်နားကွင်းကျော်ခင်က
ချုပ်လိုက်တယ်၊ အဲဒါဟာ ပျားအုံကိုတုတ်နဲ့သွားထိုးသလို
ဖြစ်သွားနိုင်တယ်၊ သူကလည်း သေဆုံးသွားတဲ့ဦးဖိုးထောင်ကို
ကြည့်ပြီး ဒီဒေါ်ဝင်းဆိုတဲ့ မိန်းမကြီးကို ခြေရာခံမိသွားတယ်၊
မောင်ထွန်းမောင်ကလည်း ပုလိပ်အချို့ကို အဲဒီအဘွားကြီးကို
စောင့်ကြည့်ဖို့အစောင့်ချထားခဲ့တာကိုး'

မမူယာက သက်ပြင်းချလိုက်ကာ…



www.burmeseclassic.com

www.burmeseclassic.com



'သူ့အမေကိုဖမ်းရမလားဆိုပြီး ရွှေနှန်းသီဂီက ချက်ချ
လက်တုန့်ပြန်လာနိုင်တယ်နော်'

'ဒါကြောင့်ပြောတာပေါ့၊ ခင်ဗျားတို့ကိုခဏရှောင်နေ
ဒီပြဿနာတွေက ပြေလည်ခါနီးပါပြီ၊ ခင်ဗျားတို့ရှိနေ
ကျွန်တော်တို့စိတ်ထင်တိုင်းဆောင်ရွက်ဖို့ ခဲယဉ်းတယ်၊ ခင်ဗျာ
အတွက် ငဲ့ညှာပြီး ထည့်စဉ်းစားနေရတယ်လေ'

'ကောင်းပြီလေ၊ ကျွန်တော်တို့ တစ်ရက်၊ နှစ်ရက်အတွ
ရန်ကုန်ကခွာမယ်လေ'

'ကျွန်တော့်ကိုတော့ ခင်ဗျားတို့သွားမယ့်နေရာကို လိ
အတိအကျပေးခဲ့ဦး၊ ဒါမှလည်း လိုအပ်ရင်ဆက်သွယ်နိုင်မှာ'

၈၈



## အာလဲအာလှယ်

ကိုရန်မြင့်နှင့် မမူယာတို့ ရန်ကုန်မှ ထွက်ခွာသွားသည့်အတွက် ဆားပုလင်းနှင်းအောင်မှာ အတော်ပင် အသက်ရှူချောင်သွား၏။

ဆောင်ရွက်စရာကိစ္စရှိလျှင် သူတို့ကိုမငဲ့ညှာဘဲ ဆောင်ရွက်နိုင်တော့မည်မဟုတ်လား။

ဌာနအုပ်နားကွင်းကျော်ခင်က ဒေါ်ဝင်းကို ဖမ်းဆီးလိုက်ခြင်းအတွက် ဆားပုလင်းနှင်းအောင်အစီအစဉ်တွေ ပျက်စီးသွား၏။

မောင်ထွန်းမောင် လူတစ်ချို့ကို ဒေါ်ဝင်းဆိုင်အား စောင့်ကြည့်ရန် တာဝန်ပေးထားခြင်းမှာ သဲထဲရေသွန်ဖြစ်သွား၏။



www.burmeseclassic.com

www.burmeseclassic.com



ပုလိပ်ဘက်က သူတို့ကိုမသင်္ကာဖြစ်နေပြီဟု ကောင်းကော ကြီးသိရှိသွားကာ အခုတော့ ရွှေနန်းသိင်္ဂီတို့ခြေရာဖျောက်နေပြ ၏။ ဆားပုလင်းနှင်းအောင် အပြင်ထွက်ရန် ပြင်ဆင်နေစ မောင်ထွန်းမောင် ရောက်လာ၏။

မောင်ထွန်းမောင်၏ အမူအယာမှာ ပျာယီးပျာယာဖြစ်ေ မျက်နှာလည်း ပျက်လျက်ရှိ၏။

'မောင်ထွန်းမောင်ရေ… မင်းကြည့်ရတာတော့ မိုးမီးလော တာကြုံလာပုံပဲ'

လူဆိုးထိန်းမောင်ထွန်းမောင်က စိတ်ပျက်လက်ပျက် အ အယာဖြင့် ကုလားထိုင်ပေါ် ခြေပစ်လက်ပစ်ထိုင်ချလိုက်ကာ—

'မိုးမီးလောင်တာ မဟုတ်ဘူး ဆရာရေ၊ ခေါင်းမီးလော တာ၊ မိုးမီးလောင်တာ ကျွန်တော်နဲ့ဘာမှမဆိုင်တော့ အနေသာ အခုဟာက ခေါင်းမီးလောင်တာဆရာရေ၊ ခေါင်းမီးလောင်တ ကျွန်တော်ဒီနေ့မနက်စာ စားဖို့ အိမ်ပြန်သွားတော့ အမေမရှိတေ ဘူး'

မောင်ထွန်းမောင်၏ စကားက မပြည့်စုံ။

သို့သော် မောင်ထွန်းမောင် ဘာကိုဆိုလိုမှန်း ဆားပုလ





နှင်းအောင်က ကောင်းကောင်းသဘောပေါက်သွား၏။

သို့သော် သူသဘောပေါက်သလို မဖြစ်ပါစေနဲ့လို့ ရင်ထဲက ဆုံမရဲဆုတောင်းရင်း…

'မင်းဆိုလိုချင်တဲ့အဓိပ္ပါယ်က…'

'ဟုတ်တယ်ဆရာ၊ ကျွန်တော်အမေ့ကို အကျပ်ကိုင်ဖို့ သူတို့ ဖမ်းသွားကြပြီ'

ဆားပုလင်းနှင်းအောင်ကိုယ်တိုင်ပင် လေးလံစွာသက်ပြင်း ချမိ၏။

ကြားရသောစကားကို မယုံနိုင်။

လောလောဆယ်တွင် တွယ်တာစရာ ဒီအမေတစ်ယောက် သာရှိသော မောင်ထွန်းမောင်အဖို့ ကြုံရသောအဖြစ်မှာ မပိုလွန်း သောဥပမာစကားဟုသာ ထင်မိလေတော့၏။

'ဆရာကိုကျော်ခင်က ကျွန်တော်တို့ကြိုးရှည်ရှည်နဲ့လှန်ထား တာကို မသိဘဲ၊ ဟိုအဘွားကြီးဒေါ်ဝင်းကို ဖမ်းချုပ်လိုက်တော့ သိပ်ဆိုးရွားသွားပဲ ဆရာ၊ အားလုံးလည်း ခြေရာပျောက်သွားတယ်၊ ပြီးတော့ လက်တုံ့ပြန်တဲ့အနေနဲ့ ကျွန်တော့်အမေကို ဖမ်းသွားတော့ တာပဲ'



www.burmeseclassic.com

www.burmeseclassic.com



'ဘာသဲလွန်စ ကျန်ခဲ့သလဲ'

သည်တော့မှ သတိရလာဟန်ဖြင့် မောင်ထွန်းမောင်က အိတ်ထဲကစာတစ်စောင်ကို ထုတ်ကာပေးလိုက်သည်။

ဖြန့်ကြည့်လိုက်တော့ လက်နှိပ်စက်ရိုက်ထားသောစာမှာ-

*မောင်ထွန်းမောင်...*

*မင်းအမေကို မသေစေချင်ရင် ငါ့အမေ(ဒေါ်ဝင်း) နှင့် လာလဲပါ။*

*ယနေ့ည(၁၂)နာရီ အင်းစိန်မြို့ပြင်ကုလားသုရွှေ တိုက်ပျက်အနီး ဆားပုလင်းနှင်းအောင်ကိုခေါ်၍ နှစ်ယောက်တည်း လာပါ။*

*ရွှေနန်းသိင်္ဂီ*

မောင်ထွန်းမောင်က စာဖတ်ကာ တွေဝေစဉ်းစားနေသော ဆားပုလင်းနှင်းအောင်ကိုကြည့်၍...

'ဘယ်လိုလုပ်ကြမလဲ ဆရာ'

'ဘယ်လိုလုပ်ရမလဲ၊ သူတို့စာထဲကပါတဲ့အတိုင်း လုပ်ရှာ





ပေါ့၊ မင်းအမေကိုတော့ အထိခိုက်မခံနိုင်ဘူး ငါသိသလောက် ဆိုရင် သူတို့အုပ်စုဟာ ရက်စက်တဲ့နေရာမှာ နှစ်သောသိမ်မရှိတဲ့ သူတွေပဲ၊ ပြောရင်လည်း ပြောတဲ့အတိုင်း လုပ်ကြမှာ'

ဒေါ်ဝင်းကိုဖမ်းထားတာက ပြန်ထုတ်ဖို့လွယ်ပါ့မလား

'ရပါတယ်၊ နားကွင်းကျော်ခင်ကို ငါ ပြောလိုက်ပါ့မယ်'

'ဆရာရယ် ခုချိန်မှာ ဆရာ့မိတ်ဆွေ ဆရာကိုထက်ကျော် ရှိရင် သိပ်ကောင်းမယ်'

'အေး··· ကိုထက်ကျော်က ခွင့်ယူပြီး တောင်ကြီးကိုသွားနေ တယ်ကွ၊ ကဲပါလေ လာ··· နားကွင်းကိုကျော်ခင်ဆီ သွားရ အောင်၊ ရုံးဆင်းချိန်အမီပေါ့'

လူဆိုးထိန်းမောင်ထွန်းမောင်သည် သူ့ကိစ္စကို ကိုယ့်ကိစ္စလို သဘောထားကာ ဆောင်ရွက်နေသော ဆားပုလင်းနှင်းအောင်ကို ကြည့်၍ သူ့အမေ လွတ်သည်မလွတ်သည်အပထား၊ မောင်ထွန်း မောင် ကျေနပ်၍သွားသည်။

၈၈



www.burmeseclassic.com

www.burmeseclassic.com

## ဆားပုလင်းနှင်းအောင်ကို သတ်

လဆန်း(၃၀)ရက်မို့ လမင်းကြီးက ပြည့်ဝန်းလုနီးပါး ထိန်ထိန်သာ၍နေလေ၏။

လရောင်အောက်တွင် အင်းစိန်မြို့ပြင်ရှိ ကုလားသုဘေးတိုက်ဒူတ်ကြီးမှာ ကွင်းခေါင်ခေါင်၌ အထီးတည်းပေါ်လွင်နေ၏။

ကွင်းထဲရှိတိုက်ပျက်ကြီးဆီသို့လျှောက်လာသော မောင်ထွန်းမောင်[illegible]လင်းနှင်းအောင်၊ ဒေါ်ဝင်းတို့ကို လရောင်အောက်တွင် [illegible]ကြီးတွေ့မြင်ရ၏။

ဆားပုလင်းနှင်းအောင်က ရှေ့ဦးဆောင်လာကာ သူ့[illegible]မှ မောင်ထွန်းမောင်က ဒေါ်ဝင်း၏လက်ကိုဆွဲကာ လိုက်[illegible]လာ၏။





တိုက်ပျက်ကြီးနှင့် ၁၀ လှမ်းခန့်အကွာရောက်သောအခါ သူတို့ရပ်လိုက်ကြ၏။

တိုက်ပျက်ကြီးထဲတွင် အမှောင်ထုက လွှမ်းမိုးနေ၍ တိတ်ဆိတ်ငြိမ်သက်နေလေရာ အထဲတွင် လူသူရှိနေသည်ဟု ယူဆရန် [illegible]က်ခဲလှပေသည်။

သို့သော် ထိုအမှောင်ထဲတွင် ခိုအောင်းကာဆားပုလင်းနှင်းအောင်တို့ကို ကြည့်ရှုလှေ့လာနေသော ရန်သူတစ်စု ကြိုတင်ရောက်ရှိနေပြီဟု ဆားပုလင်းနှင်းအောင်ရော လူဆိုးထိန်းမောင်ထွန်းမောင်ပါ အတွေ့အကြုံအရ သိပြီးဖြစ်၏။

ဆားပုလင်းနှင်းအောင်က ရပ်နေရင်းကနေ အော်လိုက်၏။

'ရွှေနန်းသီဂီ… မင်းအမေ တို့နဲ့ပါလာပြီ၊ မောင်ထွန်းမောင်အမေကိုခေါ်လာခဲ့'

စကားအဆုံးတွင် တိုက်ထဲမှ လူတစ်စုရှေ့ဆင့်နောက်ဆင့်ထွက်လာ၏။

ရှေ့ဆုံးမှ ရွှေနန်းသီဂီဖြစ်သည်။

ရွှေနန်းသီဂီသည် တစ်ခါက ဆားပုလင်းနှင်းအောင်နှင့်ဆုံခဲ့ဖူးသလိုပင် တစ်ကိုယ်လုံးအနက်ရောင်အဝတ်အစားများဝတ်[illegible]



www.burmeseclassic.com

www.burmeseclassic.com



မှတ်နှာတွင် အနီရောင်မျက်နှာဖုံးတစ်ခု စွပ်ထား၏။

ခါးတွင် ကျာပွတ်တစ်ခုကိုလည်း ခွေလိပ်ကာ ချိတ်ဆွဲထားလေ၏။

သူ့ဘေးမှလိုက်ပါလာသူမှာ အဖြူရောင်အနောက်တိုင်းဝတ်စုံနှင့်ဘီလူးယက္ခဆိုသူပင်ဖြစ်၏။

သူတို့နှစ်ယောက်နောက်မှ လူနှစ်ယောက်က မောင်ထွန်းမောင်၏အမေကို လက်နှစ်ဖက်ညှပ်ခေါ်ဆောင်လာ၏။

သူတို့က ဆားပုလင်းနှင်းအောင်တို့နှင့် ဆယ်လှမ်းအကွာတွင်ရပ်လိုက်၏။

ရွှေနန်းသိဂီက ခေါင်းညိတ်ပြလိုက်သောအခါ သူ့လူနှစ်ယောက်က မောင်ထွန်းမောင်အမေကို လွှတ်လိုက်လေသည်။

ဆားပုလင်းနှင်းအောင်ကလည်း ခေါင်းညိတ်ပြသဖြင့် မောင်ထွန်းမောင်က ဒေါ်ဝင်းအား လွှတ်လိုက်လေ၏။

မကြာမီမှာပင် နှစ်ဖက်မှမျက်နှာချင်းဆိုင်လျှောက်လာသော အသွားကြီးနှစ်ယောက်မှာ လူချင်းနီးကပ်သွား၏။

ထိုအချိန်မှာပင် မထင်မှတ်သောကိစ္စဖြစ်ပေါ်လာ၏။

ဒေါ်ဝင်းက လျှင်မြန်စွာလှုပ်ရှားကာ မောင်ထွန်းမောင်၏





အမေကို လှမ်းဖက်ကာ ဆွဲလှဲလိုက်ခြင်း ဖြစ်၏။

မြေပေါ်ကျသွားသည်နှင့် မြေပေါ်မှချွန်ထက်သော တုတ်တစ်ချောင်းကိုကောက်ယူကာ မောင်ထွန်းမောင်အမေ၏လည်မျိုကို ထောက်ထား၏။

မောင်ထွန်းမောင်ရော ဆားပုလင်းနှင်းအောင်ပါ သူတို့နှင့်ပါလာသောသေနတ်များကို လျှင်မြန်စွာထုတ်လိုက်နိုင်သော်လည်း ပစ်ခွင့်မရ။ ဒေါ်ဝင်းက မာကျောသောလေသံဖြင့်…

'နှင်းအောင်နဲ့မောင်ထွန်းမောင် မင်းတို့လက်ထဲက သေနတ်ကိုလွှတ်ချလိုက်ပါ၊ လွှတ်မချရင်ဟော့ဒီတုတ်ချွန်နဲ့ မောင်ထွန်းမောင်အမေလည်မျိုကို ထိုးဖောက်ပစ်လိုက်မယ်'

သို့သော် ဆားပုလင်းနှင်းအောင်နှင့်မောင်ထွန်းမောင်က သေနတ်ပြောင်းကို လွှတ်မချသေး ချိန်ရွယ်မြဲချိန်ရွယ်ထားကာ ဆားပုလင်းနှင်းအောင်က…

'ခင်ဗျား လှုပ်ဖို့ကြံတာနဲ့ ခင်ဗျားရဲ့ခေါင်းထဲကို ကျွန်တော့်သေနတ်ကျည်ဆန်က မြုပ်ဝင်သွားပြီမှတ်ပေတော့'

အခြေအနေက တင်းမာ၍နေ၏။

ရွှေနန်းသိဂီကလွဲ၍ ကျန်ယက္ခနှင့်သူ့လူနှစ်ယောက်ထက်



www.burmeseclassic.com

www.burmeseclassic.com



ဆားပုလင်းနှင့်အောင်သီကို သေနတ်ကိုယ်စီဖြင့် ချိန်ရွယ်ထား ကြ၏။ ဒေါ်ဝင်းက မခံချင်အောင်…

'ထွန်းမောင် မင်းဆရာက မင်းအမေရဲ့အသက်ကို စတေးခံ တော့မယ်တဲ့၊ ဘယ့်နှယ်လဲ၊ တော်တော်အားကိုးလောက်တဲ့ဆရာ ပဲ'

မောင်ထွန်းမောင်က အံကိုကြိတ်ထားလိုက်၏။ ဒေါ်ဝင်းက ဆက်ကာ…

'နှင်းအောင် မင်းအသက်ကိုလည်း မနှောမြောဘူး၊ တို့ အသက်လည်းမနှမြောဘူး၊ ဒါပေမယ့် ဒီအသွားကြီးအသက်တို့ တော့ နှမြောသင့်တယ်'

နှစ်ယောက်လုံး အပြိုင်အဆိုင်ပစ်ခတ်ကြလျှင် ဘယ်သူမှ လွတ်မြောက်မည်မဟုတ်ဘဲ အားလုံး သေကုန်မည်ဖြစ်၏။

ရွှေနန်းသိဂီတို့လူစုမှာ ဒုစရိုက်ကောင်တွေမို့ သေကုန်သော် လည်း နှမြောစရာမရှိ။

မိမိနှင့် လူဆိုးထိန်းထွန်းမောင်မှာ အလုပ်ဝတ္တရား ထမ်း ရွက်ရင်း သေဆုံးရခြင်းဖြစ်သည့်အပြင် တစ်နေ့သ ဤလိုအဖြစ်မျိုး ကြုံနိုင်သည်ဟု တွေးဆထားခဲ့သဖြင့် ဝမ်းနည်းစရာမရှိ။





သို့သော် မောင်ထွန်းမောင်အမေမှာမူ ဤကိစ္စများနှင့် ဘယ် လိုမှ မပတ်သက်သော သာမန်အရပ်သူတစ်ဦးသာဖြစ်၏။

သူတို့လူစု၏ အရှုပ်အထွေးထဲတွင် အချောင်မသေဆုံးစေသင့်။

ဆားပုလင်းနှင့်အောင်က သက်ပြင်းချကာ…

'ကျုပ်တို့မလျှော့ကြရင် နှစ်ဖက်စလုံးအထိနာမယ်ဆိုတာ ခင်ဗျားတို့ သိပါတယ်၊ ဒေါ်ဝင်း ဒီတော့ အပေးအယူတစ်ခုလုပ် မယ်'

နဂိုက အထင်သေးခဲ့သော ဒေါ်ဝင်းသည် ဤအဖွဲ့တွင် ဉာဏ်အထက်ဆုံးခေါင်းဆောင်တစ်ဦးဖြစ်သည်ဟု ဆားပုလင်း နှင်းအောင်က သဘောပေါက်သွားပြီးဖြစ်သဖြင့်…

'ဟော့ဒီက ထွန်းမောင်နဲ့သူ့အမေကို ခင်ဗျားတို့က အသာ ကြည်သာထွက်ခွာခွင့်ပေးလိုက်၊ ကျုပ်ကခင်ဗျားတို့ဆီမှာ လက် နက်ချခံမယ်၊ ဘယ့်နှယ်လဲ'

မောင်ထွန်းမောင်က လက်မခံ။

'ဆရာနှင်းအောင် ဒီလိုအလုပ်ပါနဲ့၊ ကျွန်တော်လက်မခံဘူး'

'ထွန်းမောင် ငါ့အတွက် ဘာမှမပူနဲ့၊ မင်းအမေကို မထိခိုက် စေရေးကြီးတယ်၊ သူတို့သဘောတူတာနဲ့ မင်းအမေကိုခေါ်ပြီး



www.burmeseclassic.com

www.burmeseclassic.com



ဒီနေရာက မြန်မြန်ထွက်သွား ဟုတ်လား'

ဟု မောင်ထွန်းမောင်ကို နှစ်ကိုယ်ကြားပြောပြီးသည်နှင့်--

'ဘယ့်နှယ်လဲ ဒေါ်ဝင်း၊ ကျုပ်ပြောတာ လက်မခံဘူးလား'

'မင်းစကားကို မင်းတည်ပါစေ၊ ငါလက်ခံတယ်'

သို့သော် ဒေါ်ဝင်းစကားကို နောက်မှရွှေနန်းသိင်္ဂီက ထ…
ကွက်သည်။

'ဒီထွန်းမောင်ဆိုတဲ့ လူဆိုးထိန်းက ဘာလို့လွှတ်ရမှာလဲ
အမေ၊ အမေ့ယောက်ျားဦးဖိုးထောင်ကို သတ်ခဲ့တာပဲမဟုတ်လား'

'တော်စမ်း မနွယ်၊ နင့်ပါးစပ်ကိုပိတ်ထား၊ ဒီကိစ္စတွေအား…
လုံးမှာ တာဝန်အရှိဆုံးလူက ဟော့ဒီက ဆားပုလင်းနှင်းအောင်
ပဲ၊ ထွန်းမောင်ဆိုတဲ့ကောင် အခုလွှတ်သွားလည်း ကိစ္စမရှိပါဘူး
ဒီလိုကောင်မျိုးကို အချိန်မရွေးပြန်ဖမ်းနိုင်တာပဲ'

ဒေါ်ဝင်းစကားကြောင့် ရွှေနန်းသိင်္ဂီ နှုတ်ပိတ်သွား၏။

တစ်ပြိုင်နက်တည်းမှာပင် ဒေါ်ဝင်းက သူ ဖမ်းထားသော
မောင်ထွန်းမောင်အမေကို လွှတ်လိုက်၏။

အဘွားကြီးက ကြောက်လန့်တကြား လျှောက်လာကာ သူ…
အနားကို ရောက်လာသည်။





ဆားပုလင်းနှင်းအောင်က…

'ကဲ… မင်းအမေကိုခေါ်ပြီး သူတို့စိတ်ပြောင်းမသွားခင်
…နေရာက မြန်မြန်ထွက်သွားစမ်း ထွန်းမောင်၊ ဒီစကားဟာ ငါ့အ…
…ပေးနေတာမှတ်'

မောင်ထွန်းမောင်မှာ မလွှဲသာတော့ဘဲ သူ့အမေကို ခေါ်ကာ
…ထွက်ခွာသွားရတော့သည်။

မောင်ထွန်းမောင်တို့သားအမိ တော်တော်ဝေးဝေးကိုရောက်
…သွားနိုင်လောက်သည့်အချိန်ရသည့်အထိ ရွှေနန်းသိင်္ဂီတို့လူစု
… သေနတ်ဖြင့်ချိန်ထားမြဲချိန်ထား၏။

အတန်ကြာတော့မှ ဒေါ်ဝင်းက…

'မင်းကတိအတိုင်း မင်းရဲ့သေနတ်ကို တို့လက်ထဲအပ်ဖို့
…ပြီ နှင်းအောင်'

မောင်ထွန်းမောင်တို့သားအမိကို သူတို့ ဒုက္ခမပေးနိုင်တော့
…ချိန်မှ ဆားပုလင်းနှင်းအောင်က သူ့ခြောက်လုံးပြူးသေနတ်
…ပေးလိုက်၏။

ထိုခြောက်လုံးပြူးသေနတ်ကို ဘီလူးယက္ခက ဖမ်းယူလိုက်
… ဒေါ်ဝင်းက…



www.burmeseclassic.com

www.burmeseclassic.com



'ဒီလောက်ပူမနေပါနဲ့ နှင်းအောင်၊ ငါက မင်းကိုသက်သ[illegible] သာသာနဲ့ မြန်မြန်သေအောင် သတ်ပေးမှာပါ'

'ခင်ဗျားဘာကြောင့် ဒီလိုရက်ရက်စက်စက် အလုပ်တွေလု[illegible] နေရတယ်ဆိုတာ ကျွန်တော်သိချင်တယ်ဒေါ်ဝင်း'

ဒေါ်ဝင်းက အံကိုတစ်ချက်ကြိတ်လိုက်ကာ...

'အေးလေ... သေခါနီးသူဆန္ဒကို ငါအနေနဲ့ လိုက်လျော[illegible] မှာပေါ့၊ ငါ ကိုယ်ဝန်အရင့်အမာကြီးနဲ့ မီးဖွားခါနီးချိန်မှာ လေး[illegible] ဟာ ငါ့ကို မညှာမတာ အိမ်ပေါ်က နှင်ချခဲ့တယ် နှင်းအောင် ဒီတုန်းက ငါ ဘယ်လောက်ခံစားရမယ်ဆိုတာ မင်း စာနာနိုင်[illegible] မဟုတ်ပါဘူး၊ ဒီတော့ ဒီမိသားစုကို အခွင့်သာတုန်း ဘာ[illegible] ညှာတာနေစရာမလိုဘူး၊ မင်းက ဝင်မပါခဲ့ဘူးဆိုရင် ငါ့စီမံကိ[illegible] ဟာ အောင်မြင်နေလောက်ပြီ၊ မင်း လိုက်နှောက်ယှက်လို့ [illegible] အခက်အခဲအမျိုးမျိုးနဲ့ ကြုံရတဲ့အပြင် ငါ့ယောကျ်ားကိုဖိုးထော[illegible] လည်း သေဆုံးခဲ့ရတယ်၊ ဘာပဲဖြစ်ဖြစ် ငါ့ရည်ရွယ်ချက်ပန်းတိုင[illegible] ကိုတော့ ငါရောက်အောင်သွားရမှာပဲနှင်းအောင်၊ ဒီလမ်းကြော[illegible] ပေါ်မှာ မင်းက ငါ့ရဲ့ ဆူးငြောင့်ခလုတ်တစ်ခုဖြစ်နေတော့ [illegible] သာမရှောင်သာလို့ ရှင်းပစ်ရမှာတော့ ဝမ်းနည်းပါတယ်'





ဒေါ်ဝင်းက ခဏရပ်လိုက်၏။ ပြီးနောက် ဘီလူးယက္ခ [illegible]ဘက်သို့လှည့်ကာ...

'ကဲ... ယက္ခ၊ နှင်းအောင်ကို သတ်လိုက်တော့'

ဝဝ



www.burmeseclassic.com

www.burmeseclassic.com

## မသေသောပစ်မှတ် သုံးချက်

ဒေါ်ဝင်း၏စကားမှာ ပြတ်သားသည်။

တိကျသည်။

ရှေ့ကဆောင်ရွက်လာပုံကို ကြည့်ရခြင်းအားဖြင့် ဝိုင်း
ခေါင်းဆောင်လုပ်နေသော ဒေါ်ဝင်းသည် လိုအပ်လျှင် ပြတ်ပြတ်
သားသားရက်စက်နိုင်သူဖြစ်ကြောင်း ဆားပုလင်းနှင်းအော
သိထားပြီးမို့ သူ ဤကဲ့သို့ အမိန့်ပေးလိုက်ခြင်းကို ထူးဆန်းသည်
ဟု မထင်။

သေမင်းနှုတ်ခမ်းပေါ်မှာ ကြိုးတန်းလန်းလျှောက်ရသည်
နေ့နေ့ညည အန္တရာယ်အသွယ်သွယ်ကြားဝယ် လှုပ်ရှားနေသော





ဆားပုလင်းနှင်းအောင်သည် တစ်နေ့တွင် သူ ဤကဲ့သို့သော
အဖြစ်မျိုး ရင်ဆိုင်တိုးမည်ဟု တွက်ဆထားပြီးသား ဖြစ်၏။

တစ်ခဏမျှ ပတ်ဝန်းကျင်မှာ တိတ်ဆိတ်ငြိမ်သက်သွား၏။

ယက္ခက သူ့လက်ထဲတွင် ရောက်နေသော ဆားပုလင်း
နှင်းအောင်၏သေနတ်ဖြင့် ချိန်ရွယ်ထားလိုက်၏။

သူ့လက်ညှိုးကွေးညွှတ်ကာ ခလုတ်ကို ဆွဲယူတော့မည်
ဆဲဆဲတွင်…

'နေဦး ကိုယက္ခ'

ယက္ခက ညှစ်ဆွဲတော့မည့် လက်ညှိုးကို တုံ့ရပ်ထားလိုက်
၏။

ဒေါ်ဝင်းက သူအမိန့်ပေးထားသည်ကို ဝင်စွက်ရမလားဟု
ကျက်စောင်းတစ်ချက်ထိုးကာ ကြည့်လိုက်၏။

'ဒီလိုပါ အမေ၊ ဒီကိုနှင်းအောင်ဆိုတဲ့သူဟာ သမီးပတွေးကို
သတ်တဲ့လူဆိုတော့ ကလဲ့စားချေတဲ့အနေနဲ့ သမီးကိုယ်တိုင်သတ်
ပါရစေလို့ အမေ့ဆီမှာ ခွင့်တောင်းမလို့ပါ'

ဒေါ်ဝင်းမျက်နှာ ပြုံးပန်းဝေသွား၏။

ဆားပုလင်းနှင်းအောင်၏ ရင်ထဲမှာမူ နင့်၍သွား၏။



www.burmeseclassic.com

www.burmeseclassic.com



အမှန်အတိုင်းဝန်ခံရလျှင် မိန်းကလေးတွေနှင့် ဘဝတ
လျှောက်လုံး ကင်းကင်းရှင်းရှင်းနေထိုင်ခဲ့သော ဆားပုလင်း
နှင်းအောင်သည် အလိုပြည့်ထမင်းဆိုင်မှ စားပွဲထိုးမနွယ်ကိုတေ
ရင်ထဲက တိတ်တခိုး သဘောကျမိသလိုရှိ၏။

မနွယ်၏ သူ့အပေါ်ထားရှိသော ပျူငှာသည့်ဆက်ဆံရေးနှ
ရိုးရိုးယဉ်ယဉ်ကလေး၊ မြန်မာဆန်လှသော မနွယ်၏ရုပ်အဆင်း
သူ့အသည်းနှလုံးကို ညွတ်နူးပျော့ပျောင်းအောင် ဖန်တီးခဲ့သည်
အခုတော့…

သူက မနွယ်ဟုသိထားသော ရွှေနန်းသီဂီသည် သူတို့နှ
ယောက် ယခင်တွေ့ဆုံခဲ့စဉ်ကာလများကရှိခဲ့သော ခင်မင်တွယ်
တာမှုကိုမှ မငဲ့ကွက်ဘဲ သူကိုယ်တိုင်က သတ်ဖို့တောင်းဆိုသည်ဖ
ကြားလိုက်ရသောအခါ ရင်ထဲတွင် မကြေကွဲစဖူး ကြေကွဲသွာ
သေ၏။

မိန်းမတစ်ယောက်ကို အထင်ကြီးကာ ချစ်မိခဲ့ပါသော်လည်း
မိန်းဆိုသည်မှာ နောက်ဆုံးတော့ ဆားပုလင်းနှင်းအောင်ကြားဖူ
ခဲ့သလိုပင် မိန်းမပီပီ ကောက်ကျစ်သူများ၊ မာယာများသူမျာ
လှည့်ဖျားတတ်သူများ၊ ရက်စက်တတ်သူများဟု ချက်ချင်းပင်





ဆားပုလင်းနှင်းအောင်၏ စိတ်ထဲတွင် အထင်သေး၍သွားမိတော့
၏။

နောက်တော့လည်း ယောကျ်ားတစ်ဦးပီပီ ယောကျ်ားတစ်
ယောက်သတ်၍သာ သေလိုက်ချင်လေ၏။

မိန်းမတစ်ယောက်သတ်၍ သေရမည်ဆိုသည်မှာ ဆားပုလင်း
နှင်းအောင်အတွက် ရာဇဝင်ရိုင်းသည်ဟု မခံချိမခံသာစိတ်ကလေး
ဝင်ရောက်လာ၏။

ဆားပုလင်းနှင်းအောင် အတွေးပုံ့လွင့်နေစဉ်မှာပင် ဘီလူး
ယက္ခ၏လက်ထဲမှ ခြောက်လုံးပြူးကိုလက်လွဲယူလိုက်သော ရွှေနန်း
သီဂီက သူ့လက်ထဲမှ သေနတ်ကို သုံးချက်ဆင့်ကာပစ်ခတ်လိုက်
၏။

'ဒိုင်း… ဒိုင်း… ဒိုင်း…'

ထွက်ပေါ်လာသောသေနတ်သံများက ညဉ့်ဦးယံ ချောက်ချား
ဖွယ် ဖုံးလွှမ်းသွား၏။

ပထမဆုံးသေနတ်ကျည်ဆန်က ဆားပုလင်းနှင်းအောင်၏
ဗိုက်ကို ဖောက်ထွင်းသွားသည်။

ထိုဒဏ်ရာကို လက်ဖြင့်ဖိရင်း ရွှေနန်းသီဂီကို အံ့ဩသော



www.burmeseclassic.com

www.burmeseclassic.com



အကြည့်ဖြင့် ဆားပုလင်းနှင်းအောင် ကြည့်နေစဉ်မှာပင် ဒုတိယ ကျည်ဆန်က ပခုံးစွန်းကို လာရောက်ထိမှန်၏။ ထိုဒဏ်ရာဖြင့် ပက်လက်လန်လဲသွားစဉ် တတိယကျည်ဆန်က လက်မောင်းရင်းကို ရှပ်မှန်သွားသည်ကို သတိထားလိုက်မိ၏။

မြေပေါ်သို့ ပက်လက်လန် လဲကျသွားသည်ကို သိသည်။

နောက်တော့ မျက်လုံးထဲတွင် မှောင်အတိကျသွားလေတော့၏။

ရွှေနန်းသီဂီကို အားလုံးကပင် ကြောင်ငေးကြည့်နေ၏။

ဒေါ်ဝင်းကိုယ်တိုင်ပင် သမီးဖြစ်သူက ယခုကဲ့သို့ လူတစ်ယောက်ကို သွေးအေးအေးနှင့် သတ်ဝံ့လိမ့်မည်ဟု မထင်ခဲ့။

အခုတော့…

မြေပြင်ပေါ်တွင် မလှုပ်မယှက်ငြိမ်သက်နေသော ဆားပုလင်းနှင်းအောင်ကိုကြည့်ကာ ဒေါ်ဝင်းက…

'ကဲဟေ့… ငေးမနေနဲ့၊ ဒီကနေ မြန်မြန်သွားကြရအောင်'

ဘီလူးယက္ခက ဆားပုလင်းနှင်းအောင်ကို ကြည့်ကာ…

'ဒါကြီးကို ဘယ်လိုလုပ်မလဲ'

ဟု မေးလိုက်၏။





ရွှေနန်းသီဂီက…

'အို… ခက်လိုက်တာ၊ ဘာလုပ်စရာလိုသေးလဲ၊ ဒီအတိုင်းထားခဲ့လိုက်ရုံပေါ့ ကိုယက္ခရဲ့'

လွယ်လွယ်ကူကူ ပြောလိုက်လေတော့၏။

ဖဖ



www.burmeseclassic.com

www.burmeseclassic.com

## ဘယ်သူက ပြန်ကယ်

နောက်တစ်နာရီခန့်ကြာသောအခါ အခင်းဖြစ်ပွားရာနေရာသို့ ကားတစ်စီး ထိုးဆိုက်ရောက်လာ၏။

ထိုကားပေါ်မှဆင်းလာသူမှာ ရွှေနန်းသီဂီဟု အမည်ခံထားသော မနွယ်ပင်ဖြစ်၏။

သည်တစ်ခါတော့ မနွယ်သည် သာမန်ရပ်သူအဝတ်အစားများကိုသာ ဝတ်ဆင်ထား၏။

သူနှင့်အတူတူ သူ့လူယုံတပည့်တစ်ဦးဖြစ်သော ထူထိုင်းထိုင်းမျက်နှာရှိသည့် သက်လတ်အရွယ်လူတစ်ဦးပါလာ၏။

ထိုသူမှာ ကိုဇော်ဆိုသူဖြစ်၏။





မနွယ်(ခေါ်)ရွှေနန်းသီဂီသည် မြေပြင်တွင် လဲလျောင်းငြိမ်သက်နေသော ဆားပုလင်းနှင်းအောင်ဘေးတွင် ထိုင်ချလိုက်တော့ လက်ထဲက လက်နှိပ်ဓာတ်မီးကိုထုတ်ကာ ထိုးကြည့်၏။

ဆားပုလင်းနှင်းအောင်က မလှုပ်မယှက်။

ရွှေနန်းသီဂီက နှာဝတွင် ခံကြည့်သည်။

လေကလေးညင်ညင်သာသာ တိုးထွက်နေသည်ကိုတွေ့ရ၏။

ပြီးတော့ ရင်ဘတ်ပေါ်လက်တင်ကြည့်၏။

ဘေးမှကြည့်နေသော ကိုဇော်က…

'ဒီလူကြည့်ရတာ သေပြီနဲ့တူတယ်၊ မမလေး လှုပ်လည်းမလှုပ်ဘူး'

'မသေသေးပါဘူး ကိုဇော်ရဲ့၊ နှလုံးခုန်နေတာ သွေးတိုးနေတာကို စမ်းကြည့်လို့သိနေရတာ၊ အသက်မျှဉ်းမျှဉ်းကလေးရှူနေတယ်၊ ကဲ… ကူပါဦး၊ ဒီလူကို ကားပေါ်မွေ့တင်ရအောင်'

ကိုဇော်၏အကူအညီဖြင့် ဆားပုလင်းနှင်းအောင်ကို ရွှေနန်းသီဂီက ကားပေါ်တင်ကာ ကားကိုထိုနေရာမှ မောင်းထွက်ခဲ့၏။

ခြံဝင်းအသင့်အတင့်ကျယ်သော အိမ်ကြီးကလေးရှေ့တွင် ကားကိုထိုးရပ်ကာ နှစ်ယောက်သား ဆားပုလင်းနှင်းအောင်ကို

www.burmeseclassic.com



အိမ်ပေါ်သို့သယ်သွားကြ၏။ ထိုအိမ်ကလေးကား ဘယ်သူမှ နှီးခနေ။

ရွှေနန်းသိင်္ဂီက လိုအပ်လျှင် ခိုအောင်းနိုင်ရန် ကြိုတင်ငှားရမ်းထားသော ရန်ကုန်ဆင်ခြေဖုံးရှိအိမ်များထဲမှ တစ်လုံးသာဖြစ်၏။

ထိုခြံမှာ ကြီးမားသောသရက်ပင်၊ ကုက္ကိုပင်တို့ဖြင့် အုပ်ဆိုင်းနေရာ ရုတ်တရက် လမ်းပေါ်မှကြည့်လျှင် အိမ်ကလေးကိုပင် မြင်နိုင်ရန် ခဲယဉ်း၏။

ဆားပုလင်းနှင်းအောင်ကို အတွင်းခန်းရှိအိပ်ရာပေါ်တင်ပြီးသည်နှင့် ချက်ချင်းပင် ရွှေနန်းသိင်္ဂီ ပြန်လည်ထွက်ခွာသွားသည်။

နာရီဝက်ခန့်ကြာသောအခါ ကားဖြင့်ပြန်ရောက်လာ၏။

သည်တစ်ခါတွင်တော့ တစ်ယောက်တည်းမဟုတ်ပေ။ သူနှင့်အတူ အသက် ၅၀ ခန့်ရှိ အိန္ဒိယလူမျိုးဆရာဝန်တစ်ယောက်လည်းပါလာ၏။ ဆရာဝန်က သွေးအလူးလူးနှင့် သတိမေ့မြောနေသော ဆားပုလင်းနှင်းအောင်ကိုကြည့်ကာ ခဏမျှအံ့အားသင့်သွား၏။ တကယ်တော့ ဤလူနာကို ဆေးရုံသို့သာပို့သင့်သည်မှန်သည်။





သို့သော် ယခုကြုံတွေ့ရသောကိစ္စကိုပင် ဆေးရုံဆေးခန်းနှင့် ပတ်သက်လိုသော လူနာများဆီမှ မြိုးမြိုးမြတ်မြတ်တလေးရလေ့ရှိသဖြင့် တရားမဝင်လူနာများများကို လက်ခံကုသပေးနေခြင်းဖြစ်၏။

ဒုစရိုက်သမားတွေရဲ့ အားထားရာ ဒေါက်တာဘာနာဂျီဝင်ဖြစ်၏။ ဤကိစ္စတွင်လည်း သူ့ကိုရွှေနန်းသိင်္ဂီက ကျေနပ်လောက်အောင် ငွေတွေပုံပေးထားပြီး ဖြစ်၏။

ဘယ်သူလဲ။

ဘယ်ကရလာတဲ့ သေနတ်ဒဏ်ရာလဲ။

ဘာဖြစ်တာလဲစသည့် မေးခွန်းများကို လေကုန်ခံမေးမြန်းခြင်း မပြုပော့ဘဲ ခပ်သွက်သွက်ပင် သူ လုပ်စရာရှိတာတွေကို ပြုလုပ်သွားတော့၏။

သူ့ကို ဘေးမှ ရွှေနန်းသိင်္ဂီနှင့် ကိုဇော်က အစစအရာရာ ကူညီကြ၏။ ဗိုက်ထဲမှ ကျည်ဆန်ထိပ်ဖူးနှင့် ပခုံးသားထဲမှ ကျည်ဆန်ထိပ်ဖူးများကို သူ ခွဲထုတ်ယူအပြီးတွင်...

'ဒီလူကပဲ ကံကောင်းလွန်းတာလား၊ သေနတ်နဲ့ပစ်တဲ့လူကပဲ ညံ့ဖျင်းတာလား မသိဘူး၊ ကျည်ဆန်နှစ်တောင့်လုံးဗ



www.burmeseclassic.com

www.burmeseclassic.com



သေလောက်တဲ့နေရာ မထိဘူး၊ ဗိုက်ထဲဝင်သွားတဲ့ကျည်ဆန်က သာ အထဲက ကလီစာတွေကို ထိလိုက်ရင် ဒီလူမလွယ်ဘူး၊ ကျုပ် မရောက်လာခင်ကတည်းက သေလောက်ပြီ'

ရွှေနန်းသီဂီက ဝမ်းထဲကသာ ကျိတ်၍ပြုံးလိုက်၏။

သေလောက်သောဒဏ်ရာတွေ မရအောင် သူက သတိထား၍ တမင်ပစ်ခဲ့ခြင်းပင် မဟုတ်လား။

ဘနာဂျီက သူ့အလုပ်ကို လက်စသတ်လိုက်ကာ…

'ကိုဇော်ရေ ကားမောင်းပြီး ဒေါက်တာကို လိုက်ပို့လိုက်ပါ၊ မင်းကိုလည်း မှာလိုက်မယ်၊ ဒီကိစ္စကို နှုတ်လုံအောင် ထိန်းပါ၊ နောက်ဆုံး အမေတောင်မသိစေနဲ့ ဟုတ်လား'

ကိုဇော်က လျင်မြန်စွာ ခေါင်းညိတ်ပြလိုက်၏။

ခြံထဲက ကားထွက်သွားသောအခါ ပတ်ဝန်းကျင်တစ်ခုလုံး တိတ်ဆိတ်ငြိမ်သက်ကာ ကျန်ခဲ့လေ၏။

ပြတင်းပေါက်မှ ပြည့်လုပြည့်ခင် လ၏အလင်းရောင်တာ ခွေဓောင်းစွာ ထိုးဝင်ကျရောက်နေရာ ခုတင်ပေါ်မှ ဆားပုလင်း နှင်းအောင်သည် ငြိမ်သက်စွာလဲလျောင်းရင်း အသက်မှျဉ်းမှျဉ်း ရှူနေသည်ကို တွေ့ရ၏။





ရွှေနန်းသီဂီက အခုစိတ်အေးလက်အေး ရှိသွားဟန်ဖြင့် သက်ပြင်းတစ်ချက်ချလိုက်၏။

ပြီးတော့ ယနေ့ညနေပိုင်းတွင် ကြုံတွေ့ရသော အဖြစ်အပျက်များကြောင့် သူမကိုယ်တိုင်ပင် စိတ်ပန်းကိုယ်ပန်း ဖြစ်နေသလရာ စိတ်ကိုလျှော့လိုက်သည်နှင့် ခုတင်ဘေးရှိ သူမထိုင်နေသော ကုလားထိုင်ပေါ်တွင် နှစ်နှစ်ခြိုက်ခြိုက် အိပ်မောကျ၍သွား၏။

၈-၈

www.burmeseclassic.com

## ရန်သူကို ပြုစုပေးသူ

ဆားပုလင်းနှင်းအောင် သတိရလာသောအခါ မျက်လုံးများကို မဖွင့်နိုင်ခင် သူ့ခန္ဓာကိုယ်ဝမ်းဗိုက်ဆီနှင့် ပခုံးစွန်းဆီမှ ပြင်းပြသော နာကျင်မှုကို ဦးစွာဂရုပြုမိ၏။

သူသည် သေဆုံးနေခဲ့လျက် ဘာကြောင့် ခုလိုနာကျင်မှုကို သတိရသနည်း။

အဖြေရှာမရ။

ယခင်ကတော့ သေဆုံးသူများသည် မနာကျင်ဟူ၍သာ မှတ်ယူလာခဲ့၏။

သူသည် တမလွန်သို့ရောက်ရှိနေခဲ့ပြီဟု ထင်သည်။





ဤအတိုင်းသာဆိုလျှင် တမလွန်ဆိုသည်မှာလည်း လူတွေ သေဆုံးခင်က ကြိုတင်တွေးဆခဲ့ကြသလို ထူးခြားဆန်းကြယ် သာနေရာမဟုတ်နိုင်ဟု သူတွေးမိ၏။

အဘယ်ကြောင့်ဆိုသော် သေဆုံးခဲ့လေပြီဟု သိထားသော သည် အိပ်ရာတစ်ခုပေါ်တွင် ပက်လက်လှန်လဲလျောင်းလျက် သည်ဟု ခံစားနေရသကဲ့သို့ ရှိသောကြောင့်ဖြစ်၏။

ဆားပုလင်းနှင်းအောင် ကောင်းကောင်းမှတ်မိလေ၏။

သူ့ကိုဒေါ်ဝင်းက သတ်ရန်အမိန့်ပေး၏။

ဘီလူးယက္ခက သတ်ရန်ဖြစ်သည်။

သို့သော် မထင်မှတ်ဘဲ ယက္ခလက်ထဲက သေနတ်ကို နန်းသီဂီက လက်လွှဲယူကာ ပစ်ခတ်ခဲ့၏။

ရွှေနန်းသီဂီသည် ဆားပုလင်းနှင်းအောင် ထင်မြင်သည့် တိုင်းပင်ဆိုလျှင် မနွယ်မှလွဲ၍ တခြားသူမဖြစ်နိုင်။

ယဉ်ကျေးသိမ်မွေ့ကာ မြန်မာဆန်ဆန်လှပသည့် မနွယ်လို န်းကလေးတစ်ယောက်က လူတစ်ယောက်ကို သွေးအေးအေး တ်ဝံ့တာ ကိုယ်တိုင်မြင်လိုက်ရသောအခါ ချောက်ချား၍ သွား သ၏။



www.burmeseclassic.com

www.burmeseclassic.com



ဆားပုလင်းနှင်းအောင် မျက်လုံးများကို ဖြေးညင်းစွာဖွင့်လိုက်၏။ သူသည် ကျဉ်းမြောင်းသော်လည်း သန့်ပြန့်သောအိပ်ခန်းတစ်ခုအတွင်း ရောက်နေသည်ကို တွေ့ရ၏။

ဤအခန်း၏အဖြင်အဆင်တွေကဲ့လျှပြည်က အခန်းတစ်ခန်းဖြစ်ကြောင်း နိုင်နိုင်မာမာ ညွှန်ပြနေ၏။

ဒါဆို မသေဘူးပေါ့၊ သေနတ်နှင့် သုံးချက်အပစ်ခံလိုက်ရသည်။ တစ်ချက်က ပွတ်ထိသွားသော်လည်း နှစ်ချက်က ရိုးတစ်ချက်၊ ပန်းတစ်ချက် ထိသွား၏။

သူ ဘာကြောင့် မသေရသနည်း။

ရိုးသေတော်မြင်လော။

ကျည်ဆန်တွေ ရွှေကိုယ်ကိုဝင်ကတည်းက သေပြီဟု ထင်ခဲ့၏။

မသေအောင် ဘယ်သူက ကယ်တင်ခဲ့သနည်း။ သူ့ခန္ဓာကိုယ်ကို စစ်ဆေးကြည့်သောအခါ ဒဏ်ရာတွေကို ပျောက်ကင်းအောင် ကုသမှုပြုထားကြောင်း တွေ့ရ၏။

ဘယ်နှစ်ရက်ကြာအောင် မေ့မြောနေသနည်း။

မြင်းထိန်စွာ လှုပ်ရှား၍မရတာကတော့ အမှန်။





ဂျူကမေဟိုက်ကာ အားအင်ကုန်ခမ်းနေသလိုပဲသို့ရှိ၏။

သတိလစ်နေစဉ်ကာလအတွင်း ခန္ဓာကိုယ်ထဲကို ဘာအစားအစာမှ မထည့်သွင်းထားတာကိုး။

အခန်းပြင်မှ ခြေသံကြားရ၏။

မကြာမီ ခြေသံရှင်က ခန်းဆီးကိုမကာ အထဲဝင်လာ၏။

မြင်လိုက်ရသောအခါ ဆားပုလင်းနှင်းအောင် ကြက်သေသေသွား၏။ ရွှေနန်းသီဂီ(ခေါ်)မနွယ်က ပြုံးပြကာ ခုတင်ဆီလျှောက်လာရင်း မေး၏။

'ရှင်… ကောင်းကောင်းသတိရပြီလား ကိုနှင်းအောင်'

'ငါ့ကို ဒီရောက်အောင် ကယ်တင်ခဲ့တာ မင်းလား'

ဆားပုလင်းနှင်းအောင်က မေးလိုက်၏။

ရွှေနန်းသီဂီက…

'ရှင့်က ဘယ်သူလို့ထင်သလဲ'

သူ့ကိုရွှေနန်းသီဂီက သေနတ်ဖြင့်ပစ်ခဲ့သည်။

နောက်တော့ သူမကပင် ကယ်တင်ခဲ့သည်။

သေနတ်ကိုဘီလူးယက္ခလက်ထဲမှ တောင်းယူကာပစ်ခဲ့ခြင်းဖြစ်၏။ သူ့ခေါင်းကို လျင်မြန်စွာ အလုပ်ပေးလိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



အနီးစပ်ဆုံးအဖြေကို ရှာဖွေတွေ့သွား၏။

ဆားပုလင်းနှင်းအောင်က အေးဆေးစွာပြောလိုက်၏။

'မင်းကို ကျေးဇူးတင်ပါတယ်'

'ရှင့်ကို သေနတ်နဲ့မစ်ခဲ့တဲ့သူကို ရှင်က ကျေးဇူးတင်နေ
သလား'

'တင်ရမှာပေ့ါ၊ ဘီလူးယက္ခသာပစ်ခွင့်ရမယ်ဆိုရင် ငါ့ခန္ဓာ
ကိုယ်မှာ အခုဒဏ်ရာရထားတဲ့နေရာတွေကို ပစ်မှာမဟုတ်ဘူး
ဒီနေရာတွေဟာ မသေလောက်တဲ့ နေရာတွေလို့ သေနတ်သမား
တိုင်းသိထားတာပဲဟာ၊ ဘီလူးယက္ခပစ်ခွင့်မရအောင် မင်းကပစ်
ခွင့်တောင်းပြီး မသေနိုင်တဲ့နေရာတွေကို ပစ်ခဲ့တယ်မဟုတ်လား'

'ရှင်အခုလို သဘောပေါက်မြန်တဲ့အတွက် ဝမ်းသာရမှာပဲ
ရှင့်ကိုလည်း မသေစေချင်ဘူး၊ အခြေအနေက လွှတ်ပစ်ဖို့ မဖြစ်
ဘူး၊ ဒီတော့ သူ့ကိုပစ်ခွင့်မပေးဘဲ ပစ်ရတော့တာပေ့ါ၊ တော်
သေးတယ်၊ ကျွန်မက ပစ်ချက်တွေက လိုချင်တဲ့နေရာတွေကို
တိတိကျကျထိလို့ သူတို့နဲ့အတူ ဟန်မပျက်ထွက်သွားပြီးမှ နောက်
တစ်ခေါက်ရှင့်ကို ပြန်သယ်ရာက အခုဒီမှာရှိနေတာကိုလည်း
သူတို့မသိအောင် ဖုံးဖိထားရတယ်'





ရွှေနန်းသီဂီက ဒေါက်တာဘနာဂျီနှင့်ခေါ်ထား ထားသည့်
အထိ ပြန်လှန်ပြောပြ၏။

'မင်းဟာ ငါနဲ့တွေ့နေတာ ဘာဖြစ်လို့ ရှက်မှုကင်းမဲ့နေရတာ
လဲ'

'ရွှေနန်းသီဂီဟာ ဘယ်သူလဲလို့ ရှင်လည်းစိုးရိမ်နေပြီဆို
တာ ကျွန်မသိတာပေ့ါ၊ ဘာထူးတော့မှာလဲ၊ ဒါကြောင့် ရှင်
ထမင်းဆိုင်မှာ လာစုံစမ်းတာမဟုတ်လား'

'မင်းဘာဖြစ်လို့ ဒီလိုရာဇဝတ်မကင်းတဲ့ အစုတွေနဲ့ ပေါင်း
သင်းနေရတာလဲဟင်'

ဆားပုလင်းနှင်းအောင်၏ အမေးစကားကြောင့် ရွှေနန်းသီဂီ
သည် ခဏမျှ တိတ်ဆိတ်ငြိမ်သက်သွား၏။

'ဒီကိစ္စတွေပြောရရင် တော်တော်ရှည်လျားပြီး အချိန်တွေ
အားထောင်ရလိမ့်မယ်ကိုနှင်းအောင်၊ အခုအချိန်မှာ ရှင့်ကျန်းမာ
ရေးကိုပဲ ဂရုစိုက်စေချင်တယ်၊ နေဦး... ရှင်သောက်ဖို့တစ်ခုခု
သွားစီစဉ်ဦးမယ်၊ ဆန်ပြုတ်လေးတစ်ခွက်လောက်ပေ့ါ'

အခန်းထဲမှ ရွှေနန်းသီဂီ ပြန်ထွက်သွား၏။

ဆားပုလင်းနှင်းအောင်၏ အမူလိုက်သတ်တော်ကောင်ကွောင်း



www.burmeseclassic.com

www.burmeseclassic.com



တွင် ယခုကဲ့သို့ ရန်သူ့လက်တွင်ရောက်နေသော ရန်သူဖြစ်သူ
ပြုစုခြင်းခံရသောအခါရယ်  မရှိခဲ့ဖူးသေးပေ။

ထူးခြားသော ကံကြမ္မာကိုသာ သူ ယိုးမယ်ဖွဲ့ရတော့
ထင်ပါသည်။

ဝဝ



## အာဝါဝါကာ ရန်ကြွေး

တစ်ပတ်အတွင်းမှာပင် ဆားပုလင်းနှင်းအောင်သည် အခြေအနေ ကောင်းမွန်လာ၏။

ထူထူထောင်ထောင် ရှိလာ၏။

နဂိုက ကျန်းမာရေးအခြေခံကောင်းသူ ဖြစ်သောကြောင့် လျင်မြန်စွာ နာလန်ထလာနိုင်ခြင်းဖြစ်သည်ဟု ဆိုရပေမည်။

သူနေထိုင်ရသော အိမ်နှင့်ခြံကလေးမှာ အေးဆေးငြိမ်သက်ကာ အနှောက်အယှက်ကင်းနေသဖြင့် နာလန်ထလူမမာတစ်ဦးအတွက် အသင့်တော်ဆုံးနေရာလေးတစ်ခုဖြစ်၍ နေထောင်



www.burmeseclassic.com

ဤအိမ်ကလေးတွင် ရွှေနန်းသီဂီ (သို့မဟုတ်) သူ့လက်ရုံးတပည့်ဖြစ်ဟန်သူသော ကိုဇော်သည် တစ်ယောက်မဟုတ်တစ်ယောက်အမြဲရှိနေကာ ဆားပုလင်းနှင်းအောင်လိုအပ်သမျှကို အနီးကပ်ပြုစုနေတတ်၏။

ရွှေနန်းသီဂီသည် တစ်ခါတရံ အပြင်ထွက်သွားတတ်သော်လည်း မကြာခင်ပြန်ရောက်လာတတ်၏။

အိမ်မှထွက်ခွာသွားခြင်းမှာ အခြားအဖွဲ့သားများ အထင်ရှေ့စေရန် အရိပ်အယောင်သွားပြခြင်းမျိုးဖြစ်နိုင်၏။

သည်နေ့ ရွှေနန်းသီဂီရောက်လာ၏။

ဆားပုလင်းနှင်းအောင် ကြိုက်တတ်သည့်ရေခဲတောင်တံဆိပ်စီးကရက်ဗူးကို ဝယ်လာ၏။

'ဆိုင်လာတိုင်း ဒီဆေးလိပ်ကိုနှင်းအောင် သောက်နေကျမဟုတ်လား၊ မနွယ် သိပါတယ်၊ ကိုနှင်းအောင် ကျန်းမာရေးကြောင့် ဆေးလိပ်သောက်ခွင့်မပေးခဲ့တာ၊ အခုတော့ ဆရာဝန်ကိုယ်တိုင်က သောက်ချင်ရင် သောက်နိုင်ပြီတဲ့'

'မနွယ်ကို သာမန်မိန်းကလေးတစ်ယောက်အနေနဲ့သာ တွေ့ခဲ့ရရင် ဘယ်လောက်ကောင်းမလဲမသိဘူး'





'ရွှေနန်းသီဂီအနေနဲ့ကော ဘာဖြစ်လို့လဲ'

'သိလျှက်သားနဲ့ မနွယ်ရယ်၊ ရွှေနန်းသီဂီဆိုတာ ရာဇဝတ်မှုမကင်းတဲ့အလုပ်တွေလုပ်နေတဲ့သူမဟုတ်လား'

'ကိုနှင်းအောင်ပြောပုံက ရွှေနန်းသီဂီဟာ အင်မတန်ဆိုးသွမ်းရက်စက်တဲ့ရာဇဝတ်ကောင်ကြီး ကျနေတာပဲ'

'ဟုတ်တယ်လေ၊ မနွယ်လုပ်ခဲ့တဲ့အပြစ်တွေက…'

ဆားပုလင်းနှင်းအောင် စကားမဆုံးခင် မနွယ်က လက်ကာပြလိုက်ကာ…

'ဒီကိစ္စတွေအားလုံးကို ကြိုးကိုင် ဆောင်ရွက်တဲ့သူက မေမေပါကိုနှင်းအောင်၊ ကျွန်မက တစ်ခန်းတစ်နေရာက ပါဝင်နေတာပါ၊ ဒီတော့ မနွယ်လို့ပြောမယ့်အစား မနွယ်တို့လို့ပြောသင့်ပါတယ်'

'မနွယ်ဘာကြောင့် ဒီလို မနွယ်ရဲ့အမေက ရာဇဝတ်မှုတွေကျူးလွန်နေရတာလဲ၊ အကြောင်းစုံပြောပြသင့်ပြီထင်တယ်၊ ဒါပေမယ့် တစ်စိတ်တစ်ဒေသတော့ ကျွန်တော် သိပြီးပါပြီ'

'ဒေါ်ခင်ခင်ထိုက် သေဆုံးသွားတဲ့အထိပဲ အိပ်ခန်းထဲမှာပျားအုံဖွဲ့ထားတာကိုမြင်ပြီး အကြောက်လွန်တာနဲ့ သေသွားလေဆို'

'ဟုတ်ပါတယ်၊ ဒါပေမယ့် ဒီလိုဖြစ်သွားတာလည်း မေ ပယောဂမကင်းဘူး၊ ဘာဖြစ်လို့လဲဆိုတော့ လူလစ်ခိုက်မှာ မေ ဟာ ခြံထဲကအုံ့ပွဲ့နေတဲ့ ဖူးအုံတွေကို အကိုင်းချိုင်ပြီး ဒေါ်ခင်ခင် ထိုက်အိပ်ခန်းထဲကို ထည့်ထားခဲ့တာလေ'

'ဘာဖြစ်လို့ သူက ဒီလိုလိုက်လုပ်နေတာလဲ'

'ဒေါ်ခင်ခင်ထိုက်တို့ ချမ်းသာနေတာက တစ္ဆေ(ခေါ် ချောက်ကြီးထဲက အမဲလိုက်ရင်းနဲ့ ကျွန်မအဖိုးဦးစိုးသာက အဲဒီထဲ က ရတနာတွေကို တွေ့ခဲ့တယ်တဲ့၊ ကျွန်မအဖိုးက အရင်တွေ့ တာတဲ့၊ ဦးထွန်းရှိန်ကိုလည်း အဲဒီရတနာတွေကို ပြရော လောဘ မသတ်နိုင်ပဲနဲ့ ကျွန်မအဖိုး ဦးစိုးသာကို ချောက်ထဲတွန်းချခဲ့တယ်လို့ သတင်းတွေထွက်လာတာ၊ မေမေလည်းသိတယ်၊ ဒါပေမယ့် အဲဒီတုန်းက မေမေ့အသက် ၁၀ နှစ်လောက်ပဲရှိသေးတော့ ဘာမှ မတတ်နိုင်ခဲ့ဘူး၊ မေမေက ဦးထွန်းရှိန်တို့ပိုင်နေတဲ့ ပစ္စည်းတွေကို လိုချင်တာနဲ့ ဒီလိုရာဇဝတ်မှုတွေဖြစ်သွားတော့တာပဲ ကိုနှင်းအောင်'

'ဒါနဲ့ ဦးဖိုးထောင်က ဒေါ်ဝင်းရဲ့ယောကျ်ားဆိုတာကကော မနွယ် ဟိုတစ်နေ့က ကျွန်တော့်ကိုသေနတ်နဲ့ပစ်တုန်းက ပထွေးလို့ ပြောတယ်၊ ဒါဆို မနွယ်အဖေက ဘယ်သူလဲ'





'ကျွန်မရဲ့အဖေက ဦးမော်စိုးပါ၊ ကိုနှင်းအောင် နားရှင်းဖြစ် သွားလား၊ ဦးဖိုးထောင်က ဒေါ်လေးခင်ယောကျ်ားဆိုတာ သိထား တယ် မဟုတ်လား၊ အဲဒီဦးမော်စိုးက ဒေါ်လေးခင်နဲ့ယောက်ျားပြီး နေလင်းဆိုတဲ့ သားတစ်ယောက်ရလာတယ်လေ၊ အဲဒီတော့ သား ပြီပေါ့လေ၊ အဲဒီဦးမော်စိုးက ဒေါ်လေးခင်အလစ်မှာ မေမေ့ကို ထိကပါးရိကပါးလုပ်လာတယ်၊ အဲဒီတုန်းက မေမေလှသွေးကြွယ် နေတုန်းလေ၊ အကွက်ကောင်းစောင့်နေတဲ့မေမေက အကြံတစ်ခု ရသွားတယ်၊ ဦးမော်စိုးကို မေမေက မာယာတွေနဲ့ရှုံးမထွက်နိုင် အောင် ဖမ်းစားတယ်၊ ပြီးတော့ စည်းရုံးသိမ်းသွင်းပြီး ဒေါ်လေးခင် ကိုဖယ်ရှားပစ်မယ်ဆိုတဲ့ ရည်ရွယ်ချက်နဲ့ပေါ့၊ ပစ္စည်းတွေကို မေမေက သူလည်း ပိုင်ဆိုင်တယ်လို့ ယူဆထားတယ်လေ ဒါပေမယ့် မေမေ အထင်မှားသွားတယ်၊ မေမေ့တို့ အချစ်ကြီး အဖြစ်သာ ကြံခဲ့တာလေ၊ ဒေါ်လေးခင်ကို စည်းရုံးပြီး မေမေတို့ တော့ တရားဝင် ပေါင်းဖက်နဲ့လုပ်ခဲ့တယ်၊ ဒါပေမယ့် ဘာမှုမိန်းမိန် ဟာမာအထောက်အထားမလုပ်ခဲ့ဘူး၊ ဒေါ်လေးခင်ကတော့ သည် ကိစ္စမှာ သာမန်အပျော်အပါးလိုက်စားခြင်းလို့ သဘောထားခဲ့ တယ်လေ၊ ဒါပေမယ့် မမျှော်လင့်တဲ့ကိစ္စတစ်ခုပေါ်လာတော့

www.burmeseclassic.com



ဦးမော်စိုးနဲ့ရခဲ့သောကိုယ်ဝန်က မေမေ့မှာရှိနေပြီလေ၊ မေမေဟာ ဒိုတ်ထဲက ကလေးမွေးဖွားပြီးသည်အထိ အိမ်မှာပဲခိုလှုံခွင့်ပေးဖို့ တောင်းပန်ခဲ့တယ်၊ ဒါပေမယ့် ဒေါ်လေးခင်က မီးဖွားဖို့ငွေကလေးမဖြစ်စလောက်ပေးပြီး အိမ်ပေါ်က နှင်ချခဲ့တယ်လေ'

မနွယ်က ခဏရပ်လိုက်၏။ ပြီးမှဆက်ကာ…

'မေမေ့မှာ ဘယ်သွားလို့ဘယ်လာရမှန်းလည်းမသိ၊ အသိမိတ်ဆွေလည်းမရှိ၊ ခြေဦးတည့်ရာလျှောက်သွားခဲ့တယ်၊ မိုးကလည်း သဲကြီးမဲကြီးရွာချနေတဲ့အချိန်ပေါ့၊ မေမေ့မှာ လျှောက်သွားနေရင်းနဲ့ မှောင်စပျိုးလာတယ်၊ သစ်ပင်အောက်မှာရပ်နားနေတုန်း ဦးဖိုးမောင်နဲ့တွေ့ခဲ့တယ်၊ ဦးဖိုးမောင်ကတော့ မေမေ့ကို ပွင့်ပွင့်လင်းလင်းပဲ သူထောင်ကထွက်လာတာ မကြာသေးကြောင်း ပြောပြတယ်၊ သူတော်ကောင်းမဟုတ်ပေမယ့် လူရမ်းကား မဟုတ်ဘူးလည်းပြောတယ်၊ မဲ့တစ်ပေါက်မှမစွန်းစေရဘူး၊ တာဝန်ယူတယ်ဆိုပြီး သူ့အိမ်မှာ အိပ်နိုင်းတယ်၊ မေမေ့ကိုလည်းသ သူစားမယ့်အထဲက ထမင်းဟင်းတွေကျွေးတယ်၊ နောက်ဆုံးတော့ ကလေးအဖေဖော်နိုင်ရန် မေမေက ဦးဖိုးမောင်ကို လက်ထပ်ခဲ့တယ်၊ မေမေကလည်း သူ့မှာ ဦးမော်စိုးနဲ့ ရခဲ့တဲ့ ကိုယ်ဝန်နဲ့လို့





…ပွင့်လင်းလင်းပြောခဲ့တာကိုး၊ မေမေကပြောပြလို့ နိုးမှတွေဘာ…ွ မလုပ်တော့ဘူး၊ ကမ်းနားလမ်းမှာ ပခုံးထမ်းအလုပ်မလုပ်…တော့ဘူး၊ ကမ်းနားလမ်းမှာ ပခုံးထမ်းအလုပ်သမားအဖြစ်နဲ့ …မေ့ကို လုပ်ကျွေးတယ်၊ ဒါပေမယ့် မေမေကတော့ အဖေဖြစ်…ူရဲ့ အမွေပစ္စည်းများနှင့် သူဌေးသမီးအဖြစ်ခံမည်ဟု ရည်ရွယ်ခဲ့…တဲ့ ရည်ရွက်ချက်ကိုတော့ မလျှော့ဘူး၊ ဦးဖိုးထောင်ကလည်း …ျွန်မကို သမီးအရင်းလိုချစ်ရှာပါတယ်၊ ဒါပေမယ့် တစ်ခါတလေ …သောက်အစားတော့ မကင်းဘူး'

မနွယ်(ခေါ်) ရွှေနန်းသိင်္ဂီက စကားပြောတာကို ခဏနား…ိုက်၏။

'ပျားတွေကကော ဘယ်ကရတာလဲ၊ ဘော်နီယိုကျွန်းကရ…ာတော့ သိပါတယ်၊ ဘယ်လိုလုပ် အဲဒီကို ရောက်သွားကြတာ …ဲ'

'ကျွန်မပြောပါ့မယ် ကိုနှင်းအောင်၊ လမ်းထဲက အရက်ပုန်း…ိုင်မှာ ဦးဖိုးထောင် ရန်ဖြစ်တယ်၊ ရန်ဖြစ်တာကလည်း မေမေ့…ကြောင့်ပါ၊ ဦးဖိုးထောင်နဲ့မေမေ လက်မထပ်ခင်ကတည်းက …မေ့ဆီမှာ ကိုယ်ဝန်ရှိနေတယ်ဆိုတဲ့ သတင်းစကားက တစ်ရပ်…



www.burmeseclassic.com

www.burmeseclassic.com



ထွက်လုံးသိကုန်ကြတယ်လေ၊ အဲဒီမှာ ဦးဖိုးထောင်ရဲ့သောက်ဖော်သောက်ဖက်တွေက လှည်းကြီးထမ်းတဲ့နွားကြီးဟု လှောင်ပြောင်ကြတယ်လေ၊ မူးနေတဲ့ဦးဖိုးထောင်က မခံချင်တာနဲ့ ဓားနဲ့ယမ်းတဲ့အခါ တစ်ယောက်သေပြီး နှစ်ယောက်ဒဏ်ရာရသွားတယ်လေ၊ ထောင်နှစ်ကြိမ်ကျဖူးတဲ့ ရာဇဝင်လူဆိုးစာရင်းဝင်နေတဲ့ဦးဖိုးထောင်က တစ်ကျွန်းချမှတ်လိုက်တယ်လေ၊ ဒါပေမယ့် ဦးဖိုးထောင်က တစ်ကျွန်းက သက်ရှည်ဆံဖျားထွက်ပြေးပြီး ဘော်နီယိုကျွန်းစုကို ရောက်သွားခဲ့တယ်၊ ကျွန်းမှာ ငါးနှစ်လောက်ကြာပြီး ကျွန်းသားတွေနဲ့ခင်မင်ကာ ကျွန်းသားတစ်ပိုင်းဖြစ်ခဲ့တယ်၊ ထိုကျွန်းသားကနေ ဟင်းခတ်အမွှေးအကြိုင်ရောင်းဝယ်နေသော မလေးစက်လှေတစ်စင်းမှာ အလုပ်ဝင်လုပ်ပြီး ကျွန်မတို့ကို လာတွေ့တယ်၊ ကျွန်မတို့သားအမိနှစ်ယောက် ပင်ပန်းဆင်းရဲနေတာမြင်တော့ မထားရက်တာနဲ့ စက်လှေနဲ့ပဲ ဘော်နီယိုကျွန်းကိုခေါ်သွားတယ်'

ရွှေနန်းသိင်္ဂီက မောသွားသဖြင့် ခဏရပ်လိုက်၏။ ပြီးမှဆက်ကာ…

'ကျွန်မတို့မိသားစုလည်း ဘော်နီယိုကျွန်းမှာ ၁၅ နှစ်လောက်





ကြာခဲ့တယ်၊ ကျွန်မလည်း အဲဒီမှာပင် ကြီးပြင်းခဲ့တယ်၊ တစ်နေ့မှာ အမေက ဦးဖိုးထောင်နဲ့တိုင်ပင်ခဲ့တယ်၊ မေမေတာ သူ့စသေခင်သူ့ရဲ့ရန်သူတွေအပေါ် လက်စားချေချင်တဲ့ဆန္ဒပြည့်ဝသွားအောင်ဆောင်ရွက်ချင်တယ်တဲ့လို့ပြောတယ်၊ ဒီကိစ္စတွေကို မေမေတာပဲဆောင်ရွက်ခဲ့တယ်၊ ဒေသခံတိုင်းရင်းသားတွေက သေမင်းဖုံလို့ခေါ်တဲ့ အဆိပ်ပြင်းတဲ့ပျားတွေကို သယ်ဆောင်ပြီးပျားတွေကသူတို့ကိုမီးခြစ်ဗူးထဲမှာ ပိတ်လှောင်ထားတယ်၊ ဒီတော့ ဒေါ်သွက်နေမှာပေါ့၊ ဒီအချိန်မှာ ဂမုန်းပင်ရဲ့အနံ့ကရတော့ သေရောပေါ့၊ ကဲ… ဒါဘာပဲ ကိုနှင်းအောင်၊ ဘာသိချင်သေးလဲ'

တိတ်ဆိတ်ငြိမ်သက်နေသော အခန်းထဲတွင် နောက်ကြောင်းပြန်ပြောပြနေသော ရွှေနန်းသိင်္ဂီ၏အသံကသာ ခပ်သဲ့သဲ့ ထိုးထွက်နေ၏။

'ဒီမီးခြစ်ဗူးတွေ လာလာပြီးပို့ပေးတာဟာ မင်းပဲထွေးလုပ်ခဲ့တာ မဟုတ်လား'

ရွှေနန်းသိင်္ဂီ ခေါင်းညိတ်ပြ၏။

'ရွှေနန်းသိင်္ဂီဟာ မင်းလား မင်းအမေလား'

'အဝတ်နက်ဝတ်ပြီး ထွက်ရတာတို့၊ ကျာပွတ်ကိုင်ရတာတို့



www.burmeseclassic.com

www.burmeseclassic.com



ပျိုး ရှင်ပြုရတာမျိုးမှာတော့ ရွှေနန်းသီဂီဟာ ကျွန်မပါပဲ၊ ဒါပေမဲ့ ရောက်တွယ်က ကိစ္စအရပ်ရပ်ကို ကြိုးကိုင်နေတာကတော့ မေမေပဲ'

ဆားပုလင်းနှင်းအောင်က…

'မင်းအသက်အပုတ်မဆိုးဘူး၊ ဘယ်မှာသင်ခဲ့တာလဲ'

'ကျွန်းပေါ်မှာနေတုန်းက တတ်ခဲ့တာ၊ ကျွန်မကိုချစ်လို့တဲ့ အဲဒီကျွန်းပေါ်က နယ်းဆရာကြီးက သက်ပုတ်နည်းတွေနဲ့ ကျော ပွတ်ကိုင်နည်းကို ငယ်ငယ်ကတည်းက လေ့ကျင့်ပေးခဲ့တာလေ'

'အင်း… မင်းမေမေဟာ တော်တော်အကြံကြီးတာပဲ'

'အကြံကြီးကြီးနဲ့မေမေဟာ ရာဇဝတ်မှုတွေကျူးလွန်ခဲ့တာ မှန်ပေမယ့် ကျွန်မကတော့ မေမေ့ကို အပြစ်မတင်ရက်ဘူး၊ ဒေါ်လေးခင်တို့စံစားနေရတဲ့ပစ္စည်းတွေက ကျွန်မရဲ့အဖိုးဦးစိုးသာ နဲ့ တစ်နည်းမဟုတ်တစ်နည်း ဆက်နွယ်နေတယ်လို့လည်း မြင်တယ်၊ ဒါကြောင့် သူပိုင်ဆိုင်သင့်တဲ့ပစ္စည်းတွေကို ပြန် ရအောင် ကြိုးစားနေတာဟာ ရာဇဝတ်မှုမဟုတ်ဘူးလို့ မေမေက မြင်တယ်၊ သူက မလေးခင်မျိုးဆက်တွေကို အကုန်သုတ်သင် ပစ်မယ်၊ ပြီးရင် ကျွန်မဟာ ကျန်ရစ်ခဲ့တဲ့ဦးမော်စိုးရဲ့သမီးပါလို့





ပြောပြီး ဒီအမွေတွေကို တရားဝင်ဆက်ခံနိုင်အောင် ကြိုးစားမှာ'

ဆားပုလင်းနှင်းအောင်က ခေါင်းကိုဖြည်းညှင်းစွာ ခါလိုက်၏။

'လူမှုရေးအမြင်အရ ကြည့်ရင်တော့ တစ်မျိုးပေါ့ ဒါပေမယ့် ယဉ်ကျေးတဲ့လူ့အဖွဲ့အစည်းဟာ ရန်ကိုရန်ချင်း တုံ့ပြန်ခြင်းကို လက်မခံဘူး၊ ဥပဒေက ခွင့်မပြုဘူး'

ဤအချက်တွင် ဆားပုလင်းနှင်းအောင်နှင့်ရွှေနန်းသီဂီတို့သည် ကြောင့်ဖြောင့်သဘောထား ကွဲလွဲနေလေတော့၏။

ဇာတ်



www.burmeseclassic.com

www.burmeseclassic.com

## မပိတ်ခေါ်ဘဲ ရောက်လာသူ

တစ်နေ့ နေ့ခင်းတွင် မဖိတ်ခေါ်ဘဲ ဧည့်သည်တစ်ယောက် ရောက်ရှိလာ၏။

ဘီလူးယက္ခပင် ဖြစ်၏။

ဘီလူးယက္ခက ဆားပုလင်းနှင်းအောင်ကို သူ့ပစ္စတိုဖြင့် ချိန်ရွယ်ထား၏။ သူက တိတ်တဆိတ်ရွှေနန်းသီဂီနောက် ခြေရာခံလိုက်ခြင်း ဖြစ်၏။

'ရွှေနန်းသီဂီ… မင်းကိုပါ မသင်္ကာဖြစ်နေတာကြာပြီ၊ မင်းက ဒီကောင်ကို အသေမသတ်ဘဲ ဒီမှာလာပြီး ပြုစုစောင့်ရှောက်





၆

နေတာကိုး၊ မင်းဘယ်လိုဖြစ်သွားတာလဲသီဂီ၊ ဒီကောင်ဟာ တို့တစ်ဖွဲ့လုံးကို ကြိုးစင်ပို့မယ့်ကောင်ဆိုတာ မင်း သဘောမပေါက်ဘူးလား၊ အေးလေ… ဒီတစ်ခါတော့ ဒီကိစ္စကို ငါပဲအပြတ်ရှင်းလိုက်ပါ့မယ်'

လက်နက်မဲ့ဖြစ်နေသော ဆားပုလင်းနှင်းအောင်ရှေ့မှ ရွှေနန်းသီဂီက ဝိတ်ကာရပ်လိုက်၏။

'ကိုယက္ခ ဒီကိစ္စဟာ ရှင်နဲ့ဘယ်လိုမှ မပတ်သက်ပါဘူး၊ ပြီးတော့ ဒီဂိုဏ်းထဲမှာ ကျွန်မဟာ ရှင်ရဲ့ညွှန်ကြားချက်ကိုနာခံရမယ့်သူ မဟုတ်ဘူး'

'ငါပြောနေတာက မယ်တော်ရဲ့သဘောထားကိုပြောတာ'

မယ်တော်ဆိုသည်မှာ သူတို့အဖွဲ့ခေါင်းဆောင်ဒေါ်ဝင်းကိုဆိုလိုက်ခြင်း ဖြစ်၏။

'မယ်တော်သိရင် ဒီကိစ္စကို ဘယ်လောက်စိတ်ဆိုးမယ်ဆိုတာ မင်းခန့်မှန်းကြည့်သင့်တယ်၊ အေးလေ… ဒီကိစ္စကို သူမသိအောင် ငါကဖုံးဖိထားပါ့မယ်၊ ဒီကောင်အရင်က မသေသေးပေမဲ့ အခုသေသွားရင်လည်း ပြီးတာပါပဲ'

သို့သော် ဘီလူးယက္ခ၏နှားထင်ကို သေနတ်တစ်လက်လာ



www.burmeseclassic.com

www.burmeseclassic.com



ထောက်၏။ ရွှေနှန်းသီဂီ၏တပည့် ကိုဇော်ဆိုသူ အပြင်ကပြ
လာခြင်း ဖြစ်သည်။

အခြေအနေကို မြင်သည်နှင့်သူ့တပည့်က ဘာလုပ်ရမည်
ရိပ်စားမိသွား၏။

ယက္ခမလှုပ်ရှားနိုင်မီ ဆားပုလင်းနှင်းအောင်ကသွားကာ ဖွ
ကိုလက်ထဲက ဆွဲယူ၍ အထဲက ကျည်ကပ်ကို ထုတ်ယူပြီး
ပြန်ပစ်ပေးလိုက်၏။ အခြေအနေက ပြောင်းပြန်ဖြစ်သွား၏

ခုနက အထက်စီးရနေရာမှ ယက္ခအောက်ပြန်ရောက်သွား၏

'မင်းလူရဲ့သေနတ်ကို မြန်မြန်ဖယ်ခိုင်းပါသီဂီ၊ ငါ
အကြောင်းစုံသာ မင်းအမေကို ပြန်ပြောလိုက်ရင်'

'ရှင်ပြောစရာမလိုဘူး ကိုယက္ခ၊ ဒီကိစ္စတွေအားလုံး အေ
သိပြီးသားပါ'

ဤစကားကြောင့် ဆားပုလင်းနှင်းအောင်ပင် အံ့အားသင့်သွ
၏။

ရွှေနှန်းသီဂီက သူ့အမေအား ဤအကြောင်းများကိုသွားရော
အစီရင်ခံထားပြီး ဖြစ်၏။

ယက္ခ အနာပေါ်တုတ်ကျသွား၏။





တကယ်တော့ ယက္ခသည် တစ်နေ့ကျလျှင် သူနှင့်ရွှေနှန်း
သီဂီကို လက်ထပ်ပေးစားလိမ့်မည်ဟူသော အထင်ဖြင့် ဤအဖွဲ့
အစည်းထဲသို့ဝင်ကာ စေသည့်ကျွန်၊ ထွန်သည့်နွားနှယ်ဖြစ်နေထိုင်
ခဲ့၏။

ယခုတော့ သူ့မျှော်လင့်ချက်ကုန်ဆုံးသွားသလို ဖြစ်သွား၏

ရွှေနှန်းသီဂီက နောက်မှပေါ်လာသည့် ရွှေကြာပင်စုံထောင်
စုတ်ကို အရေးပေး၍နေလေပြီ။

သူ့ကိုကြိုးရှည်ရှည်နှင့် လှန်ထားခြင်းသာဖြစ်၏။

အခုတော့ အမေရော၊ သမီးပါ တစ်ကျိုတ်တည်းတစ်ဉာဏ်
တည်းဆိုတာတော့ ပေါ်လွင်၍လာ၏။

သူ မခံချင်စိတ်ဖြင့် တောက်တစ်ချက်ခေါက်လိုက်၏။

ပြီးနောက် ရွှေနှန်းသီဂီကို စေ့စေ့ကြည့်ကာ…

'ဒီမှာ… ရွှေနှန်းသီဂီ၊ မင်းရော မင်းအမေပါ ငါ့အကြောင်း
ကောင်းကောင်းသိမယ်'

ဟုပြောကာ လျင်မြန်စွာ ထွက်ပြေးသွားလေ၏။

ဓ၆



www.burmeseclassic.com

www.burmeseclassic.com

## ဘီလူးယက္ခ သမ္မာဖောက်ပြီ

'တောက်'ခေါက်သံက အခန်းထဲတွင် အတော်ပင် ကျယ်လောင်သွား၏။

ပင့်ကူနက်ဦးအုန်းက သူ့ရှေ့မှမကျေမချမ်းစကားပြောနေသော ဘီလူးယက္ခကို စူးရှသောမျက်လုံးများဖြင့် အကဲခတ်နေ၏။

ဘီလူးယက္ခက ဆိုင်းမဆင့်ဗုံမပါဘဲ ရောက်လာကာ ရွှေနန်းသီဂီတို့သားအမိအပေါ် သူ၏မကျေမနပ်ချက်များကို ဖွင့်အန်၍ ဦးအုန်းနှင့် ပူးပေါင်းရန်ပြောဆိုနေခြင်း ဖြစ်၏။

ဦးအုန်းက လွယ်လွယ်ကူကူ မယုံ။





ရွှေနန်းသီဂီတို့က သူတို့အဖွဲ့တွင်းကို ပူးပေါင်းဝင်ရောက်ကာ ဖြိုခွင်းရန်အကြံဖြင့် စေလွှတ်ခြင်းလည်း ဖြစ်နိုင်၏။

သို့သော် ဘီလူးယက္ခ၏အမူအယာကို ကြည့်ရင်း လူထဲခတ်မည့်သော ဦးအုန်းက ဘီလူးယက္ခသည် တကယ့်ရင်ထဲက ခံစားမှုအမှန်ဖြင့် ပြောဆိုနေခြင်းဖြစ်ကြောင်း တစ်စထက်တစ်စ ယုံကြည်လာ၏။ သို့သော်…

'မင်းစကားကို ငါက ဘယ်လိုယုံကြည်ရမလဲ ယက္ခ'

'ယက္ခဟာ သူတော်ကောင်းမဟုတ်ပါဘူး၊ အခွင့်သာရင် လူတစ်ယောက်အသက်ကိုသတ်ဖို့လည်း ဝန်မလေးဘူး၊ ဒါပေမယ့် ယက္ခဟာ စကားကိုဘယ်တော့မှ လိမ်မပြောဘူး ဦးအုန်း၊ ဒီတိုင်းပြည်ပတ်သက်ပြီးယက္ခရဲ့ ရာဇဝင်မှာ မဲ့တစ်ပေါက် မစွန်းဖူးသေးဘူး'

ဦးအုန်းက တွေးဆသည်။

ရွှေနန်းသီဂီတို့အဖွဲ့သည် သူ့ပတွေးဦးဖိုးမောင်သေဆုံးပြီးကတည်းက အင်အားနည်းပါးသွား၏။

ဦးဖိုးမောင်၏တပည့်တချို့က ပင့်ကူနက်ဂိုဏ်းဖြင့် အတိုက်အခိုက်အခံမပြုလိုသဖြင့် ခွဲကာထွက်ခွာသွား၏။

အဓိက ကျန်ရစ်ခဲ့သူက ဘီလူးယက္ခပင်ဖြစ်၏။



www.burmeseclassic.com

မြေအောက်ဒုစရိုက်လောကတွင် ယက္ခ၏အရှိန်အဝါလည်း မသေး။ ဘီးလူးယက္ခ တကယ်တမ်းသူ့ဘက်ပါလာပါက ရွှေနှင်းသီဂီတို့အဖွဲ့တွင် ပြောပလောက်စရာလူ ကျန်တော့မည်မဟုတ်။

သူတို့က တရိုတသေမယ်တော်ဟုခေါ်သော ဒေါ်ဝင်းသည်လည်း တကယ်တမ်းကျတော့ မစွမ်းမသန်အသွားကြီးတစ်ယောက်သာ၊ ရွှေနှင်းသီဂီဆိုသော ကောင်မလေးက အသက်အပုတ်ကျွမ်းကျင်ပါသည်ဆိုဦး သူတို့အနေဖြင့်တော့ မှုလောက်စရာမရှိ။

ရွှေနှင်းသီဂီတို့အဖွဲ့အပေါ် သူ့အနေဖြင့် ကလဲ့စားချေစရာအကြောင်းကလေးတွေရှိ၏။

တစ်အချက်က သူတို့ရသင့်ရထိုက်သော ပန်ထွာဘုရင်၏လက်ကောက်ကို ရွှေနှင်းသီဂီတို့က ကွက်ကျော်ရိုက်ကာ စောရမောင်မောင်ထံမှ လုယူသွားခြင်း။

နှစ်အချက်က သူ့တပည့်လက်ရုံးစိုးဒင်ကိုသတ်ဖြတ်သွားခြင်း၊ အခုတော့ စိုးဒင်အစား ယက္ခကိုရသည်ဆိုလျှင် သူကျေနပ်ပြီ။

'မင်းက ငါနဲ့ပူးပေါင်းဖို့အတွက် ငါက မင်းကို ဘာအခွင့်အရေးတွေပေးရမလဲ ယက္ခ'





'ခင်ဗျားဆီက ကျုပ်အခွင့်အရေးတစ်ခုပဲ လိုချင်တယ်ဦးအုန်း၊ အဲဒါက ကျုပ်အပေါ် ကျော်ထားတဲ့ရွှေနှင်းသီဂီတို့သားအမိနှစ်ယောက်ကို ကလဲ့စားချေခွင့်ပဲ'

ယက္ခစကားကို ကြားသောအခါ ဦးအုန်း ဟားတိုက်ရယ်လိုက်၏။

'မင်းနဲ့ငါနဲ့က ပန်းတိုင်တူနေပြီ ယက္ခ၊ ဒါဟာ အခွင့်အရေးမဟုတ်ဘူး၊ မင်းသာငါနဲ့တကယ်ပူးပေါင်းမယ်ဆိုရင် ငါ့လက်ထောက်ခန့်မယ်၊ ငါ့လက်ထဲကို ပန်ထွာဘုရင်မလက်ကောက် ပြန်ရမယ်ဆိုရင် မင်းကို ငါ ငွေသုံးသိန်းပေးမယ်'

ရက်ရက်ရောရော ဦးအုန်း၏သဘောထားက ယက္ခ၏ရင်ကို ရှင်ပျ၏။

'ငါ မင်းကို ပထမဆင့်အနေနဲ့ လက်တွေ့စမ်းကြည့်မယ်'

'ပြော... ဘယ်လိုစမ်းသပ်မလဲ'

'အသွားကြီး ဘယ်မှာရှိတယ်ဆိုတာလောက်တော့ မင်းသိမှာပေါ့'

'ကျုပ် ကောင်းကောင်းသိတာပေါ့ ဦးအုန်း'

ဟု ဘီလူးယက္ခမှ ဖွင့်ပြောလိုက်တော့၏။

www.burmeseclassic.com

## ကိုယ့်ကိုယ်ကို သတ်သေသူ

ဒေါ်ဝင်းသည် အခန်းထဲတွင် သူတစ်ယောက်တည်းထိုင်နေစဉ် အိမ်ထဲဝင်လာသော ခြေသံကြားရ၏။

သမီးလေးဟု ပထမထင်၏။

နောက်မှ ခြေသံက ခပ်ပြင်းပြင်းဖြစ်သဖြင့် ယောကျ်ားခြေသံဖြစ်ရမည်ဟု အကဲခတ်လိုက်၏။

သည်လိုဆို ဘီလူးယက္ခပင် ဖြစ်ရမည်။

သူပုန်းခိုနေသောနေရာကို သိသူနှစ်ယောက်သာ ရှိ၏။

သမီးလေးနှင့် ယက္ခ။





သို့သော် သေသေချာချာကရုထားလိုက်တော့ ခြေသံက တစ်ယောက်တည်းခြေသံ မဟုတ်။

ဒေါ်ဝင်း ဒေါကန်သွား၏။

လာလျှင် တစ်ယောက်တည်းလာရန် တင်းတင်းကျပ်ကျပ် အမိန့်ထုတ်ထားသော သံမဏိစည်းမျဉ်းကို ဘာကြောင့်ဖောက်ဖျက်ရသနည်း။

ဒေါသဖြင့် ယက္ခကို ရင်ဆိုင်ရန် ဒေါ်ဝင်းပြင်လိုက်၏။

သို့သော်…

ယက္ခနှင့်အတူ ယက္ခနောက်မှပါလာသည့်သူကို တွေ့ရသောအခါ ဒေါ်ဝင်းနှုတ်ဆွံ့အသွား၏။

နှုတ်ခမ်းမွေးရေးရေးနှင့် ဆေးတံခဲထားသောသူ၏ရုပ်တာ ပြုံးယောင်ယောင်ရှိသော်လည်း မျက်လုံးတွေက အေးစက်မာကျောလှသည်။

သူဘယ်သူလဲ။

'မင်းကို ငါပြောထားတယ်မဟုတ်လား ယက္ခ၊ ငါ့ဆီကို ဘယ်ဧည့်သည်မှခေါ်မလာပါနဲ့လို့'

ယက္ခက သရော်ပြုံးပြုံးကာ…



www.burmeseclassic.com

www.burmeseclassic.com



'သူကတော့ အထူးချည်သည်ဖြစ်နေတယ် မယ်တော်၊ သူ့နာမည်က ဦးအုန်းတဲ့၊ ပင့်ကူနက်ဦးအုန်းပါ'

ကြားလိုက်ရသောစကားက ဒေါ်ဝင်းကိုတုန်လှုပ်ချောက်ချားစေ၏။

'တွေ့ရတာ ဝမ်းသာပါတယ် မယ်တော်၊ ကျုပ်ရဲ့ပန်ထွာလက်ကောက်ကလေးကို ပြန်ရမယ်ဆိုရင် ပိုပြီးဝမ်းသာပါတယ်'

'မင်းက သစ္စာဖောက်ပြီပေါ့၊ ဟုတ်လား ယက္ခ'

'ခင်ဗျားသမီးကစပြီး သစ္စာဖောက်ခဲ့တာပါ မယ်တော်၊ ကျုပ်တို့အားလုံးကို ထောင်ထဲပို့မယ့်ကောင်ကို ခေါင်းဆောင်ထားတယ်၊ ခင်ဗျားကလည်း ဒါကိုသိလျက်နဲ့ သဘောတူငြိမ်နေခဲ့တယ်'

'ငါဘာလုပ်ရမယ်ဆိုတာကို မင်းပြောစရာမလိုဘူး ယက္ခ၊ မင်းဘာလုပ်ရမယ်ဆိုတာသာ ငါက ပြောခဲ့ရမှာ'

ယက္ခက လှောင်ရယ်ရယ်လိုက်၏။

'မယ်တော်က အခြေအနေမှန်ကို ခုချိန်ထိသဘောမပေါက်သေးပဲကိုး၊ ဦးဖိုးမောင်မရှိတော့ဘူး၊ သူ့တပည့်တွေလည်း လမ်းခွဲကုန်ပြီ၊ မယ်တော်လုပ်သမျှ မအောင်မြင်လို့ မယ်တော်ကိုယ်တိုင် ဒီအခန်းလေးထဲမှာလာပြီး အောင်းနေရတယ် မဟုတ်လား၊ အခု





လောလောဆယ်မှာ မယ်တော့်သမီးကလည်း မယ်တော်တို့ ကူညီမပေးနိုင်တော့ဘူး'

'မင်းတို့ ဘာလိုချင်တာလဲ'

'ကျုပ်ခုနက ပြောခဲ့ပြီးပြီလေ၊ ကျုပ်လိုချင်တာက စောရမောင်မောင်ဆီက ခင်ဗျားတို့လုသွားတဲ့ ပန်ထွာဘုရင်မ လတ်ာက်ပဲ'

'တကယ်လို့ ထုတ်မပေးရင်ကော…'

ဦးအုန်းက အင်္ကျီအိတ်ထဲနှိုက်ကာ လက်ထုတ်လိုက်သောအခါ သင်တုန်းဓါးတစ်ချောင်း လက်ထဲပါလာ၏။

'ကျုပ် လူတော်တော်များများ သတ်ခဲ့ဖူးတယ် ဒေါ်ဝင်း၊ ဒါပေမယ့် ခင်ဗျားလောက် အသက်ကြီးတဲ့လူတော့ တစ်ခါမှ မပါဘူး၊ ကျုပ်အတွက် အတွေ့အကြုံသစ်တစ်ခုရတာပေါ့'

ဦးအုန်းက ရှေ့သို့တိုးလာ၏။

'နေပါဦး၊ ငါ စကားပြောပါရစေ'

ဒေါ်ဝင်းက ပြောလိုက်၏။

'ခုအခြေအနေက ကျုပ်တောင်းတာကို ခင်ဗျားထုတ်ပေးရမယ့်အခြေအနေပဲ၊ ခင်ဗျား ဘာမှ ရွေးဆစ်နိုင်ခွင့်မရှိဘူး'



www.burmeseclassic.com

www.burmeseclassic.com



'ဟုတ်ပြီလေ၊ ငါ လက်ကောက်ကို ဟော့ဟိုထဲမှာ ထည့်ထားတာ လိုချင်ရင် နှိုက်ယူပေးရမှာပေါ့'

အနီးတွင်ရှိသော မှန်သေတ္တာလေး၏ဘေးပေါက်ကို ဆွဲဖွင့်ကာ ဒေါ်ဝင်းက ထိုထဲကို လက်ကိုထိုးထည့်လိုက်၏။

ဒေါ်ဝင်းအကြံကို ရိပ်စားမိသွားသော ယက္ခက…

'မလုပ်နဲ့ ဒေါ်ဝင်း'

ဟု ဟန့်တားလိုက်၏။

နောက်ကျသွား၏။

မှန်ခေါင်းထဲဝင်လာသော ဒေါ်ဝင်း၏လက်ကို ဒေါသဖြစ်နေသော မျှားတွေက ဝိုင်းအုံတုပ်လိုက်ကြ၏။

'ဘယ်လိုဖြစ်တာလဲ ယက္ခ'

'ကိုယ့်ကိုယ်ကို သတ်သေသွားတာလဲ ဦးအုန်း'



# ရှင်ဟာ ကျွန်မရဲ့အကျဉ်းသား

'ရှင့်ကို ကျွန်မမေးစရာရှိတယ် ကိုနှင်းအောင်၊ ဒေါ်လေးခင်တို့သားအမိ ဘယ်ရောက်သွားလဲ'

'ငါ မသိဘူး မန္တယ်'

'သူတို့ ဘယ်မှာ ရှောင်တိမ်းနေတာဆိုတာ ရှင်သိပါတယ်၊ င်းလေ… ရှင်မပြောချင်ဘူးဆိုရင်လည်း မမေးတော့ပါဘူး၊ ကျွန်မဘာသာ ကျွန်မ စုံစမ်းပါ့မယ်'

'မင်းဒီကိစ္စတွေကို စဉ်းစားနေဖို့ထက် အဖမ်းခံဖို့ကိစ္စကို စဉ်းစားပါ'



www.burmeseclassic.com

www.burmeseclassic.com



'ကျွန်မ ဘယ်တော့မှ အဖမ်းမခံဘူး ကိုနှင်းအောင်'

လက်ထဲက သေနတ်ဖြင့် ဆားပုလင်းနှင်းအောင်က ရွှေနှမ်းသီဂီကို ချိန်လိုက်၏။

ထိုသေနတ်က ဆားပုလင်းနှင်းအောင်ကို ရွှေနှမ်းသီဂီက ပြန်ပေးထားသော သေနတ်ပင်ဖြစ်၏။

'မင်းကို ငါ အချိန်မရွေးဖမ်းခေါ်သွားလို့ရတယ် မနွယ်'

'ရှင့်အသက်ကို ကယ်ခဲ့တဲ့အတွက် ရှင်က ကျေးဇူးဆပ်တာလား'

'ဒီကိစ္စကြောင့် ခုချိန်ထိ မင်းကိုငါမဖမ်းသေးတာပေါ့မနွယ်။ ဒါပေမယ့် နောက်တစ်ကြိမ် မင်းနဲ့ငါ ပြန်ဆုံရင်တော့ မင်းကိုငါ ခွင့်မလွှတ်ဘူး'

ရွှေနှမ်းသီဂီက စူးစိုက်ကြည့်ရင်း မေးလိုက်၏။

'ရှင်သွားတော့မလို့လား'

ဆားပုလင်းနှင်းအောင်က ခေါင်းညိတ်လိုက်၏။

သေနတ်ကို သိမ်းလိုက်၏။

ပြီးတော့ သွားရန် ထလိုက်၏။

လျှင်မြန်စွာ လှုပ်ရှားလိုက်သော ရွှေနှမ်းသီဂီ၏လက်ထဲတွင်





သေနတ်ိုလေးတစ်လက် ရောက်လာ၏။ သေနတ်ကလေးက ပေါက်ကွဲတော့မည့် မြွေနတ်တစ်ကောင်လို…

'ရှင်မသွားရဘူး ကိုနှင်းအောင်၊ ရှင်ဟာ ကျွန်မရဲ့အကျဉ်းသားပဲ'

'ရှင် ခြေတစ်လှမ်းတိုးတာနဲ့ ရှင့်ကို ကျွန်မပစ်မယ်'

ဆားပုလင်းနှင်းအောင်က အေးစက်တည်ငြိမ်သော မျက်လုံးများဖြင့် ရွှေနှမ်းသီဂီအား စိုက်ကြည့်လိုက်၏။

ဆားပုလင်းနှင်းအောင် ကောင်းကောင်းသိသည်။

ခြိမ်းခြောက်နေခြင်းသာ ဖြစ်၏။

တကယ်ပစ်မည့်သူ မဟုတ်။

ဘာစကားမှ မပြောဘဲ ကျောခိုင်းကာ ထိုအိမ်ပေါ်မှ ခပ်ဖြတ်ဖြတ်သွက်သွက်ဆင်းခဲ့၏။

ဇာတ်



www.burmeseclassic.com

www.burmeseclassic.com

## သွယ်ဝိုက်အသိပေးတဲ့ နာမည်

ထိုနေ့မှစ၍ ရေတွက်လျှင် ငါးရက်လွန်မြောက်သောနေ့ဖြ
၏။ ဆားပုလင်းနှင်းအောင်သည် ကိုရန်မြင့်၊ မမူယာတို့နေထိုင်
ရာ ပြင်ဦးလွင်သို့ ရောက်လာခဲ့၏။

ကိုရန်မြင့်ပေးထားသော လိပ်စာအရ လိုက်လာခြင်းဖြစ်ရာ
ကိုရန်မြင့်က ဝမ်းသာအားရ ကြိုဆိုလေ၏။

'မမူယာတစ်ယောက်ရော'

ဆားပုလင်းနှင်းအောင်က မေးလိုက်၏။

ကိုရန်မြင့်က…

'ခုနကပဲ လမ်းလျှောက်ထွက်သွားတယ်ဗျ၊ ဒါထက် ရန်ကုန်
က အခြေအနေပြောစမ်းပါဦး'





'ရန်ကုန်မှာတော့ တော်တော်ပွဲကြမ်းတယ်၊ ခင်ဗျားတို့မရှိတာ
ကကောင်းတယ်'

ဆားပုလင်းနှင်းအောင်က ချန်သင့်သည်ကိုချန်၍ ဖြစ်ပျက်
သမျှတို့ကို ပြောပြလိုက်၏။

'မသေကောင်း မပျောက်ကောင်းဗျာ'

ကိုရန်မြင့်က တအံ့တသြ ပြော၏။

'သူက မသေတဲ့နေရာနေရာ ရွေးပစ်ခဲ့တာကိုး၊ ပစ်တာက
တော်တော်သေသေသပ်သပ် တိတိကျကျရှိပေလို့၊ တစ်လက်မ
လောက်လွဲသွားရင် ကျွန်တော်သေပြီ'

'အသည်းယားစရာပဲ၊ အခုရွှေနန်းသီဂီရော'

'ခြေရာ ပျောက်နေတယ်၊ သူ့အမေကတော့ ကိုယ့်ကိုယ်ကို
သတ်သေသွားတယ်၊ အလောင်းပဲ ရလိုက်တယ်၊ ဘီလူးယက္ခ
သည်း ပျောက်နေတယ်၊ အန္တရာယ်တွေကဲ ပြီးဆုံးသွားတယ်လို့
ပြောလို့ မရဘူး၊ ဒါထက် မမူယာက တစ်ယောက်တည်းထွက်
သွားတာလား'

'မဟုတ်ပါဘူး၊ နှင်းဆီနဲ့ပါ'

'မနှင်းဆီဟုတ်လား၊ သူနဲ့ ခင်ဗျားတို့နဲ့သိတာ ကြာပြီလား'



www.burmeseclassic.com

www.burmeseclassic.com



ဆားပုလင်းနှင်းအောင်က မေးလိုက်၏။

ကိုရန်မြင့်က ခပ်ပေါ့ပေါ့ပင်။

'မကြာသေးဘူး၊ သုံးရက်လောက်ပဲ ရှိသေးတယ်၊ ခပ်လှမ်းလှမ်းက ပန်းခြံထဲကတဲ့၊ သူတို့တွေတာ မကြာသေးပေမယ့် ညီမအရင်းလို ခင်နေကြတာ၊ အခုလည်း မနှင်းဆီက သူတို့ခြံကို အလည်ခေါ်တာနဲ့ မူယာလိုက်သွားတယ်'

ဆားပုလင်းနှင်းအောင်က ဂနာမငြိမ်ဖြစ်သွား၏။ လျှင်မြန်စွာ...

'မနှင်းဆီရဲ့ပုံက အရပ်ရှည်ရှည်၊ ဆံပင်ရှည်ရှည်၊ အသားဝါဝါ၊ ကိုယ်လုံးလှလှ၊ မျက်လုံးပြူးပြူး၊ နှာခေါင်းပေါ်ပေါ် မဟုတ်လား'

ကိုရန်မြင့်က တအံ့တသြကြည့်ရင်း...

'ဟုတ်တယ်၊ ခင်ဗျားရော သူ့ကိုသိနေသလား'

'သိတယ်၊ ဒါပေမယ့် မနှင်းဆီအနေနဲ့သိတာတော့ မဟုတ်ဘူး ရွှေနှင်းသီဂီအနေနဲ့သိတာ'

ကိုရန်မြင့်က လန့်ကာ ထခုန်လိုက်၏။

'အဲဒါ ရွှေနှင်းသီဂီ ဟုတ်လား'





'ဟုတ်တယ်၊ မနှင်းဆီဆိုတဲ့နာမည်မျိုးက ရှုတ်တရက် အသုံးပြုတဲ့နာမည်မျိုး၊ ပြီးတော့ နှင်းဆီဆိုတာက လှတယ်၊ ဒါပေမယ့် ဆူးဆိုတဲ့အန္တရာယ်လည်းရှိနေတယ်၊ သူ့နာမည်က ခင်ဗျားတို့ကို သွယ်ဝိုက်အသိပေးနေတာပဲ၊ ကဲ... ကျွန်တော်တို့ မြန်မြန်လိုက်မှ ဖြစ်မယ်'

ပြီး

www.burmeseclassic.com

## ရွှေနန်းသိင်္ဂီ၏လက်ဆောင်

ခြံတစ်ခြံလုံးတွင် ရောင်စုံပန်းတွေက ပွင့်လန်းဝေဆာလျှက် နေလေ၏။

တိတ်ဆိတ်ငြိမ်သက်သော ပန်းခြံကလေးဖြစ်၏။

မမူယာက ငေးမောကြည့်ရင်း ပြောလိုက်၏။

'တော်တော်လှတဲ့ ပန်းတွေပဲနော် မနှင်းဆီ'

မနှင်းဆီက ပြုံးကာ…

'မမူယာကို အလှဆုံးပန်းတစ်ပွင့် ပြရဦးမယ်'

သူ့ကုတ်အင်္ကျီတောင်တွင် ချိတ်ထားသော ပန်းပွင့်တွေဖုံးနေသည့် ပန်းခြင်းထဲသို့ လက်တစ်ဖက်ကိုနှိုက်ကာ ပြန်ထုတ်လိုက်သော





အခါ မနှင်းဆီလက်ထဲတွင် သေနတ်တစ်လက်ပါလာ၏။

သို့သော် မမူယာက သေနတ်ကိုမြင်သော်လည်း ပန်းတစ်ပွင့်ကို မြင်ရသလိုပင် အရေးမထားဘဲ အေးအေးဆေးဆေးတည်ငြိမ်စွာဖြင့်…

'ဒီပန်းကတော့ ယမ်းနံ့ မွှေးမှာပေါ့နော်'

'မဟုတ်ဘူးလေ၊ သေခြင်းတရားနံ့ မွှေးတာပေါ့'

'ဒါဆို လူတိုင်းက ပန်းပွင့်ကလေးတွေပေါ့နော်'

'ဟုတ်တယ်၊ တချို့ပန်းတွေက သဘာဝအတိုင်း ကြွေတယ်၊ တချို့ပန်းတွေက ပယောဂကြောင့်ကြွေတယ်၊ ဥပမာ ဆူဆာ ခြွေတာမျိုး၊ လေက ခြွေတာမျိုးပေါ့'

'မူယာကတော့ အားလုံးက ကံကြောင့်ကြွေတာပဲလို့ ယူဆတယ်'

မမူယာဆိုသော သူ၏ဖအေတူ မအေကွဲညီမလေးမှာ သတ္တိခဲဟု သဘောကျသွား၏။

သေနတ်ကိုင်ကာ တွေဝေနေသော ရွှေနန်းသိင်္ဂီကို…

'ပစ်တော့လေ၊ ကြွန်မသေရင် ရှင်ပဲအမွေတွေအားလုံး ရမှာ ဟုတ်လား'



www.burmeseclassic.com

www.burmeseclassic.com



'မင်းက ငါဘယ်သူလဲဆိုတာ သိနေတယ်'

'စတွေ့တဲ့နေ့ကတည်းက သိနေပါတယ်၊ ရှင့်ရုပ်ဟာ ကျွန်မ တို့အိမ်က ဒေါ်ဝင်းမာတ်ပုံထဲကရုပ်နဲ့ တော်တော်တူတယ်လို့ ကိုနှင်းအောင်က ပြောဖူးတယ်'

*'အေး… မင်းနဲ့မတူတာ တော်သေးတာပေါ့'*

'ကျွန်မတို့ဟာ မအေကွဲညီအစ်မတွေပါ၊ တူသင့်သလောက် တူပါတယ်'

တကယ်ကြည့်တော့ ဟုတ်သည်။

မည်းနက်သော မျက်ခုံး၊ မဟာနဖူးနှင့် အနည်းငယ်ကားချွင် သော လေးထောင့်ဆန်ဆန်မေးရိုးတွေက သူတို့နှစ်ယောက်လုံးမှာ ရှိနေ၏။ အဖေ၏အမွေနှင့် တူ၏။

'မင်းက ငါမှန်းစသိလျက်သားနဲ့ ဘာလို့ပုလိပ်ကို အကြောင်း မကြားတာလဲ'

'ရှင်နဲ့ကျွန်မက ညီအစ်မအရင်းတွေလေ'

သေနတ်ကို ခြင်းတောင်းထဲ ပြန်ထည့်လိုက်၏။

သက်ပြင်းချကာ…

'မင်းကို ငါအရှုံးပေးပါပြီ မှုယာ'





'အမွေတွေလိုချင်တယ်ဆိုရင် ဘယ်သူမှမထိနိုက်စေရပါဘူး အစ်မရယ်၊ ကျွန်မ အားလုံးလွှဲပေးပါ့မယ်၊ အမေက တရားစခန်း က မပြန်တော့ဘူးလို့ပြောတယ်၊ ကျွန်မမှာလည်း တစ်သက်လုံး လုပ်ကိုင်ကျွေးမယ့်ကိုရန်မြင့်ရှိနေတာပဲ'

မမူယာ၏စကားတွေက ရွှေနန်းသီဂီကို ရင်ထဲအေးမြစေ၏။

'ငါ ဆုံးဖြတ်ချက် ချလိုက်ပြီ၊ ကိုနှင်းအောင်ဆီမှာ အဖမ်းခံ မယ်၊ ကျေနပ်လောက်အောင် ဥပဒေပေးတဲ့အပြစ်ကို ခံယူမယ်၊ ထောင်ကထွက်လို့ ငါ့ဆက်အသက်ရှင်သေးရင် ငါလူဝတ်ကြောင် ကို စွန့်ပြီးသီလရှင်ဘဝနဲ့ပဲ အရိုးထုတ်တော့မယ်'

'သာဓုခေါ်ပါတယ် ရွှေနန်းသီဂီ'

ဤစကားကို ပြောလိုက်သူက နောက်ခဝ်လှစ်ထွက်ခဲ့ ဘီလူးယက္ခပင်ဖြစ်၏။

ဘီလူးယက္ခ၏လက်ထဲတွင် သေနတ်တစ်လက်က ရွှေနန်း သီဂီကို ချိန်ထား၏။ နောက်တွင်တော့ ဦးအုန်းက သေနတ်ကိုင် လျက် ပါလာ၏။ ဦးအုန်းက…

'မင်းမထွက်ခင်တော့ ငါ့လက်ကောက်ထဲလေ့ခံရဦး ရွှေနန်းသီဂီ'



www.burmeseclassic.com

www.burmeseclassic.com



ရွှေနှန်းသီဂီ၏မျက်နှာက တင်းမာခက်ထန်၍သွား၏။

'အမေ့ကိုလည်း ရှင်တို့နှစ်ယောက် သတ်ခဲ့တာမဟုတ်လား'

'မင်းအမေက တို့သတ်တာကို မစောင့်ဘူး၊ သူ့ဘာသာသူ သတ်သေသွားတာ၊ လက်ကောက် မင်းဆီမှာလား'

'ကျွန်မတို့ အေးအေးဆေးဆေး ရှင်းကြတာပေါ့၊ ဟောဒီက မှူယာဟာ ဗီကိစ္စတွေကို ဘာမှမသိဘူး၊ သူနဲ့လည်း ဘာမှမဆိုင်ဘူး၊ သူ့ကိုသွားခွင့်ပြုလိုက်ပါ'

ယက္ခက ခေါင်းခါလိုက်၏။

'သူက အကောင်းဆုံး သက်သေဖြစ်နေလေပြီလေ သီဂီ၊ သူ့ကို ဘယ်လွှတ်ပေးလို့ ဖြစ်တော့မလဲ'

ရွှေနှန်းသီဂီ စဉ်းစား၏။

ဤအကျပ်အတည်းထဲမှ ရုန်းထွက်နိုင်ရန် နည်းကတစ်နည်းသာရှိ၏။ ထို့ကြောင့် ရုတ်တရက် ပန်းခြင်းကိုလက်နှိုက်ကာ သေနတ်ကို ဆွဲထုတ်လိုက်၏။

'ဒိုင်း...'

'ဒိုင်း... ဒိုင်း...'

'ဒိုင်း...'





ပန်းခြံထဲတွင် သေနတ်သံများ ဆူညံသွား၏။

ပထမသေနတ်သံတစ်ချက်က ရွှေနှန်းသီဂီဆီမှ ထွက်လာ၏။

ထိုသေနတ်သံနှင့်ပြိုင်တူနီးပါးလောက်ပင် ဘီလူးယက္ခထံမှ သေနတ်သံ ပေါ်ထွက်လာ၏။

ရွှေနှန်းသီဂီ၏ကျည်ဆန်ကတော့ ဘီလူးယက္ခနဖူးကို ဖောက်ထွင်းကာ ယက္ခ ပက်လက်လန်လဲကျသွား၏။

ယက္ခကျည်ဆန်ကတော့ ရွှေနှန်းသီဂီ၏ရင်ညွှန့်ကို ဖောက်ထွင်းသွား၏။

တတိယအသံအဖြစ် ထွက်လာသောဦးအုန်း၏ကျည်ဆန်က ရွှေနှန်းသီဂီ၏ဗိုက်ထဲကို နစ်ဝင်သွားပြန်၏။

ထိုသေနတ်သံနှင့်အတူ ရှေ့ဆင့်နောက်ဆင့် ထွက်ပေါ်လာသော သေနတ်သံမှာ ဆားပုလင်းနှင်းအောင်၏ သေနတ်ဖြစ်ကာ ထိုကျည်ဆန်ကဦးအုန်းကိုထိ၍ သေနတ်လွှတ်ကျသွားလေ၏။

ပတ်ဝန်းကျင်တွင် ပန်းနုံ့တို့အပေါ် ယမ်းနံ့တို့က ဖုံးလွှမ်းနေ၏။ လဲကျနေသော ရွှေနှန်းသီဂီကို မျက်ရည်တွေလည်နေသော မှူယာက ပွေ့၍ထား၏။



www.burmeseclassic.com

www.burmeseclassic.com



ရွှေနန်းသီဂီက သူ့ဘေးတွင်ဒူးထောက်ထိုင်လာသော ဆားပုလင်းနှင်းအောင်ကိုတွေ့သောအခါ သူ့အပေါ်အင်္ကျီမှရွှေရောင်စီးကရက်ဘူးလေးကို ထုတ်ပေး၏။

ထိုဗူးလေး ဆားပုလင်းနှင်းအောင်လက်ထဲရောက်သည်နှင့် ရွှေနန်းသီဂီသည် အရုပ်ကြိုးပျက်ကျသလို ငြိမ်သက်သွား၏။

ရွှေဖြင့်ပြုလုပ်ထားသော စီးကရက်ဘူးလေးကို ဆားပုလင်းနှင်းအောင် ဖွင့်ကြည့်လိုက်၏။

အထဲတွင် ပျောက်ဆုံးနေသော ပန်ထွာဘုရင်မ၏လက်ကောက်ကို ကတ်ပြားဖြူပေါ်တွင်ရေးသားထားသော စာကလေးနှင့်အတူ တွေ့ရ၏။

စာကလေးက တိုတောင်းသော်လည်း ထိရောက်ပေါ်လွင်၏။

***'ရွှေနန်းသီဂီ၏ ချစ်သက်လက်ဆောင်'***

ဟူ၍ ဖြစ်ပေတော့သတည်း။

သဗ္ဗေ သတ္တာ ကမ္မသကာ။

**ရွှေသိမ်**

ဧ ကျွ န် ုပ် ၁ တ ပေ

ဝရိသတ်ကြီး၏ တစ်ခဲနက်အားပေးမှုကို ကျေးဇူးတင်လျက်...

ရွှေသိမ် ထွက်ထားပြီးသော လုံးချင်းဝတ္ထုများ...

(၁) ဆားပုလင်းနှင်းအောင်နှင့် မြေလျှိုးမိုးပျံပတ္တမြား။

(၂) ဆားပုလင်းနှင်းအောင်နှင့် ကုတ္တိယမုဆိုး။

(၃) ဆားပုလင်းနှင်းအောင်နှင့်
တစ္ဆေခြောက်သော မင်းသမီးအိမ်။

ယခုလ...

(၄) ဆားပုလင်းနှင်းအောင်နှင့် ရွှေနန်းသီဂီ။

ဆက်လက်ထွက်မည့် အစီအစဉ်...

(၅) ဆားပုလင်းနှင်းအောင်နှင့် အရှိုးချောင်းအစန္တရာယ်ဝိုင်း။

(၆) ဆားပုလင်းနှင်းအောင်နှင့် စော့ရချွကြောင်နက်သူငယ်။

www.burmeseclassic.com